ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဖွဲ့နှောင်လွတ်မြောက်**

ချစ်ဖွယ်အာရုံ ကာမဂုဏ်တို့၌ စွဲလမ်းခြင်းနှင့် မချစ်မနှစ်သက်အပ်သော အာရုံတို့၌ မလိုလား၊ မုန်းတီးခြင်းတို့သည် ဆင်းရဲခြင်းသာဖြစ်စေ၏။ ချစ်သောသူ၊ မုန်းသောသူတို့နှင့် ပေါင်းဖော်ခြင်းမပြုသဖြင့် ချစ်ခြင်း၊ မုန်းခြင်းမရှိသောသူတို့သည် အနှောင်အဖွဲ့မှ လွတ်မြောက်ကုန်၏။

ပီယဝဂ်(ဓမ္မပဒ-၂၁၁)

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့။ Tuesday , 22 November 2016 (၈၇၅၃)



# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သံအမတ်ခန့်အပ်လွှာများ ပေးအပ်

စာမျက်နှာ - ၃





(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဦးတည်ချက်(၄)ရပ်ဖြင့် နိုင်ငံရေးအနှစ်သာရပြည့်ဝစွာ ကျင်းပသွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၁**

၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ၂၀၁၇ ခုနှစ် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပထမအကြိမ် အစည်းအဝေးကို အောက်တိုဘာ ၁၉ ရက်က ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းအစည်းအဝေးတွင် ဆုံးဖြတ်ချက်(၆)ရပ် ချမှတ်ခဲ့ပါကြောင်း၊ ယင်းဆုံးဖြတ်ချက်(၆)ရပ်တွင် ဗဟိုကော်မတီကို အထောက်အကူပြုရန်အတွက် ဆပ်ကော်မတီ(၇)ရပ်ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ လွတ်လပ်ရေးနေ့အခမ်းအနားကြီးကို ဦးတည်ချက်(၄)ရပ်ချမှတ်ကာ နိုင်ငံရေးအနှစ်သာရပြည့်ဝစွာဖြင့် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ရှိ စီးပွားရေးဆန်သော နှစ်ရှည်ကန်ထရိုက် ၁၄ မျိုး ပယ်ဖျက်

**ရန်ကုန် နိုဝင်ဘာ ၂၁**

ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘုရားဖူးပြည်သူများ စိတ်နှလုံးချမ်းမြေ့စွာ ဘုရားဖူးနိုင်ရေးအတွက် စီးပွားရေးဆန်သောအနှစ် ၂၀၊ အနှစ် ၃၀ ရေရှည်ကန်ထရိုက်စာချုပ်ပေါင်း ၁၄ မျိုးကို ပယ်ဖျက်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ဂေါပကအဖွဲ့ဟောင်းကို ဖျက်သိမ်းခဲ့ပြီး အင်ဂျင်နီယာ၊ ဆရာဝန်၊ စာရင်းအင်းပညာရှင်၊ ဥပဒေပညာရှင် စသည့်ပုဂ္ဂိုလ်များပါဝင်သော ယာယီဂေါပကအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ခေတ်ကာလနှင့် မလျော်ညီသော ဂေါပကစည်းမျဉ်းကိုလည်း ပြင်ဆင်ရေးဆွဲကာ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေအကြံပြုချက်များ ရယူ၍ ဂေါပက စည်းမျဉ်းအတည်ပြုချက်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား တင်ပြလျှောက်ထားသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ✿

"ဘုရားဖူးရဟန်း၊ ရှင်၊ လူ၊ ပြည်သူအများ တိုသမ္မာရုံ၊ သီဟဆောင်တို့တွင် အခမဲ့တည်းခိုနိုင် ..."

KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘာ့ဇဘက်

ကြေးမုံ

# ထုတ်ကုန်မြှင့်တင် နိုင်ငံတစ်ခွင်

နိုင်ငံ့စီးပွားရေးမြင့်မားပြီး ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ကာ ဝင်ငွေတိုးပွားစေရေးအတွက် ပြည်တွင်း၌ အရည်အသွေး မီသော ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ပြီး ဈေးကွက်မြှင့်တင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည့် အချိန်အခါ ကျရောက်နေပြီဖြစ်သည်။

မြန်မာနိုင်ငံသည် စက်မှုအခြေခံသည့် နိုင်ငံမဟုတ်ဘဲ စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သဖြင့် အရည်အသွေးမီသည့် စိုက်ပျိုးရေး ထုတ်ကုန်များကို တိုးတက်ထုတ်လုပ်ပြီး ခေတ်မီသိပ္ပံနည်းကျ စနစ်တကျ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ထုတ်လုပ်ရာတွင် နည်းပညာနှင့် အရင်းအနှီးများလိုအပ်သောကြောင့် ယခုလက်ရှိ ဆောင်ရွက်နေသော (SME) လုပ်ငန်းများကို ပိုမိုတွန်းအားပေးပြီး နိုင်ငံတကာအကူအညီ အထောက်အပံ့များဖြင့် ကျယ်ကျယ်ပြန့်ပြန့် တိုးတက်ဆောင်ရွက်ရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံတွင် မျက်မှောက်ကာလ၌ အဖွဲ့အစည်းများရော တောင်သူများပါ သမားရိုးကျပုံမှန်လုပ်ကိုင်ဆောင်ရွက်နေဆဲဖြစ်ပြီး တိုးတက်သင့်သလောက် တိုးတက်မှုမရှိသေးဟု ဆိုရမည်ဖြစ်သည်။ စီမံကိန်းလုပ်ငန်းများရှိသော်လည်း မိမိလုပ်ငန်းအောင်မြင်မှု၊ တိုးတက်မှုတို့ကို လက်တွေ့ကျကျ သုံးသပ်လေ့လာ စူးစမ်းရှာဖွေမှုများနှင့် ကျယ်ကျယ်ပြန့်ပြန့် အသိပေးမှုများ လိုအပ်နေသေးသည်။

မြန်မာနိုင်ငံသည် ရေမြေသဘာဝ အနေအထားကောင်းများ များစွာရှိနေပြီး ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်မည့် အလားအလာများစွာရှိနေသည်။ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်သော်လည်း တွက်ခြေကိုက်မည့် ဈေးကွက်ဖော်ထုတ်နိုင်မှုလိုအပ်ချက်များရှိနေပြီး ဈေးကွက်နှင့်ထုတ်လုပ်နိုင်မှု အရည်အသွေးလိုအပ်ချက်များကြောင့် ထင်သလောက် ခရီးမပေါက်သလိုဖြစ်နေသည်။

ထုတ်ကုန်ပစ္စည်းများကို တိုးတက်ထုတ်လုပ်သည်ဆိုရာ၌ ဈေးကွက်ဝင်ရေးသည် အထူးအရေးကြီးသည်။ ဈေးကွက်ဝင်ရေးအတွက် ဈေးကွက်ဖော်ထုတ်ခြင်း၊ ဈေးကွက်ချဲ့ထွင်ခြင်းတို့ကို မကြာခဏဖော်ထုတ်ဆောင်ရွက်သင့်သည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းဈေးရောင်းပွဲတော်များရှိပြီး နိုင်ငံတကာနှင့်ယှဉ်လျှင် ကျောက်မျက်ရတနာပြပွဲမျိုးသာရှိသည်။ နိုင်ငံတကာနှင့် ယှဉ်ပြိုင်ခင်းကျင်းသည့် နိုင်ငံတကာကုန်စည်ပြပွဲကြီးများ ကျင်းပရန်လိုအပ်နေသေးသည်ဟု ဆိုနိုင်သည်။

ဈေးရောင်းပွဲတော်ဆိုသည်မှာ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းသာဖြစ်ပြီး ကုန်စည်ပြပွဲဆိုသည်မှာ ပို့ကုန်ကုန်သွယ်မှုကိုမြှင့်တင်ပေးခြင်းဖြစ်၍ အရေးပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကုန်စည်ပြပွဲများတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်မှုများရှိသော်လည်း အသင်းအဖွဲ့လုပ်ငန်းများ ယခုထက်ပိုမိုပါဝင်လာနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရဦးမည်ဖြစ်သည်။ အခြေအနေကောင်းများရှိလျှင် မြန်မာနိုင်ငံက ဦးစီးကျင်းပသည့် နိုင်ငံတကာကုန်စည်ပြပွဲများ ကျင်းပနိုင်ရန် မျှော်လင့်မိသည်။

အခြားနိုင်ငံမှ အလတ်စားလုပ်ငန်းတစ်ခုသည်ပင် မြန်မာနိုင်ငံမှ ထွက်ရှိသော သီးနှံကုန်ကြမ်းများ တစ်နှစ်လျှင် တန်ချိန်မြောက်မြားစွာ လိုအပ်ချက်ရှိနေသည်။ သို့သော် ဈေးကွက်မှာ ပြည်တွင်း၌မှာသာရှိနေပြီး ကုန်ပစ္စည်းတန်ဖိုးကို ကုန်သည်ပွဲစားများက ကိုင်တွယ်ထားကာ တန်ဖိုးဖြတ်မှု၊ ဈေးနှုန်းသတ်မှတ်မှု၊ ဈေးကွက်ထိန်းချုပ်မှုတို့ကို လက်ဝါးကြီးအုပ်ထားသဖြင့် လက်တွေ့ထုတ်လုပ်သူများအတွက် နစ်နာမှုများစွာရှိနေသည်။

နိုင်ငံတကာကုန်စည်ပြပွဲများကျင်းပနိုင်ခြင်းသည် ကုန်သွယ်မှုကို မြှင့်တင်ပေးခြင်းဖြစ်၍ နိုင်ငံအတွက်လည်း အခွန်အခများ ပြည့်ပြည့်ဝဝ ရရှိပြီး ထုတ်လုပ်သူများအတွက်လည်း ပြည်ပဝယ်လက်များနှင့် တိုက်ရိုက်ထိတွေ့ခွင့်ရသည့်အပြင် မိမိတို့၏ကုန်ပစ္စည်းများ၏ အားသာချက်၊ အားနည်းချက်၊ ဈေးနှုန်းတန်ဖိုးတို့ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိခွင့်ရကာ ပြည်တွင်းထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အခြေအနေကောင်းများဖြစ်ပေါ်လာမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းများကို ပိုမိုမြှင့်တင်ပေးသင့်ကြောင်း အကြံပြုအပ်ပါသည်။ ။

# ဖယ်ခုံမြို့နယ်၌ ပထမအကြိမ် မြို့နယ်အဆင့် မှတ်သုံဖိုရမ်ဆွေးနွေးပွဲ ကျင်းပ

**ဖယ်ခုံ နိုဝင်ဘာ ၂၁**

တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ်၌ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် ဒေသတွင်း ဘက်စုံသဘာဝဘေးကြိုတင်သတိပေးစနစ်ဗဟိုဌာန(RIMES)တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် ပထမအကြိမ် မြို့နယ်အဆင့် မုတ်သုံဖိုရမ်ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ဖယ်ခုံမင်းသမီးဟိုတယ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးမိုးက အဖွင့်အမှာစကားပြောကြားပြီး Christian Aid လူမှုရေးအဖွဲ့မှ ဦးအောင်အောင်ကျော်နှင့် ထိုင်းနိုင်ငံအခြေစိုက် ဒေသတွင်း ဘက်စုံသဘာဝဘေးကြိုတင်သတိပေးစနစ်ဗဟိုဌာန(RIMES)မှ Ms.Nina Karla Alparce ကိုယ်စား မစုစုမြင့်တို့က အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက တစ်ဦးချင်းမိတ်ဆက်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ မုတ်သုံဖိုရမ်ဆွေးနွေးပွဲကျင်းပရာ ရာသီဥတုနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ အသုံးချခြင်းနှင့် အခြေခံဗဟုသုတများအား ဆန်းစစ်ခြင်း၊ မုတ်သုံဖိုရမ်ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ ဖယ်ခုံမြို့၏ ရာသီဥတုအကြောင်းသိကောင်းစရာ၊ ခန့်မှန်းချက်နှင့်ကြိုတင်သတိပေးစနစ် စသည်ဖြင့် သင်ခန်းစာများကို တာဝန်ရှိသူများက ညနေ ၅ နာရီခန့်အထိ ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ အထက်မြန်မာပြည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိဦးကျော်မိုးလွင်၊ ရှမ်းပြည်နယ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကိုကိုလေးနှင့် ဝန်ထမ်းများ၊ ထိုင်းနိုင်ငံအခြေစိုက် ဒေသတွင်းဘက်စုံသဘာဝဘေးကြိုတင်သတိပေးစနစ်ဗဟိုဌာန(RIMES)မှ Ms.Nina Karla Alparce၊ ချစ်သောမြန်မာဖောင်ဒေးရှင်းမှ အဖွဲ့ဝင်များ၊ ဖယ်ခုံမြို့နယ် ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်စိုးမိုးနှင့် ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **(ကိုထွေး)**

# စမတောင်ပရဟိတမှ ကျောင်းသား ကျောင်းသူလေးများအား နိုင်ငံသားစိစစ်ရေးကတ်များ အခမဲ့ဆောင်ရွက်ပေး



**လယ်ဝေး နိုဝင်ဘာ ၂၁**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် စမတောင်ပရဟိတဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ ဦးစီးတည်ထောင်သော စမတောင်ပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ရှိ မိဘမဲ့တိုင်းရင်းသား ကျောင်းသား ကျောင်းသူများအား မြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် ဝန်ထမ်းများက ရက် ၁၀၀ စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ပြည်ထောင်စုနယ်မြေ ဦးစီးမှူး ဦးထိန်းဝင်းနှင့် ဒက္ခိဏခရိုင်ဦးစီးမှူး ဦးသိန်းမင်းတို့က ကွင်းဆင်းကြီးကြပ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပြုလုပ်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုနယ်မြေဦးစီးမှူးက နိုင်ငံသားစိစစ်ရေးကတ်ပြား၏ တန်ဖိုးနှင့် သိကောင်းစရာများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(၁၀၇)**

■

# တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

**ရမည်းသင်း နိုဝင်ဘာ ၂၁**

ရမည်းသင်းခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖြစ် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းဆေးဖြင့် ကုသပေးခြင်းကို နိုဝင်ဘာ တတိယပတ်က သီလဝ(၂)ရပ်ကွက်တွင် အခမဲ့ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

ရမည်းသင်းခရိုင် တိုင်းရင်းဆေးရုံ တာဝန်ခံ ဒု-တိုင်းရင်းဆေးမှူး ဒေါ်အေးအေးက ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများကို ကာကွယ်စောင့်ရှောက်မှုများ၊ အာဟာရဖြင့် ကျန်းမာ အောင်နေထိုင်မှုများကို ပြည်သူများအားရှင်းလင်းပြောကြားပြီး ဆေးကုသရန် လာရောက်သည့် ပြည်သူများအား သွေးတိုးရောဂါ၊ လေငန်းရောဂါ၊ မူးဝေ၊ လေးဖက်နာရောဂါ၊ ဒူးနာခါးနာနှင့် အထွေထွေရောဂါတို့ကို ဒု-တိုင်းရင်းဆေးမှူး ဒေါ်အေးအေးနှင့် လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ငွေးတို့က စမ်းသပ်ကာ တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးပြီး နိုဝင်ဘာ ၁၇ ရက်က မိုးကုတ်ဝိပဿနာတရားစခန်း၌ ဆက်လက်ကုသပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၇၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သံအမတ်ခန့်အပ်လွှာများ ပေးအပ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာနိုင်ငံဆိုင်ရာ အက်စ်တိုးနီယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အက်စ်တိုးနီယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ရီဟို ခရုဗ် သည် ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ဖင်လန်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် သံအမတ်ကြီး မစ္စ ဆာတူး ဆုအိ ကိုင်းရီ ကလဗ်ဗန် သည် ယနေ့ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်းတို့၏သံအမတ်ခန့်အပ်လွှာများကို ပေးအပ်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ၂၀၁၆ ခုနှစ်၊ (၉၆)နှစ်မြောက် အမျိုးသားနေ့ ဆောင်ပုဒ်

တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့၊
ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်စို့။

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်
(၂၄-၁၁-၂၀၁၆)

## ၂၀၁၆ ခုနှစ်၊ (၉၆)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ရေး၊
- ☆ တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊
- ☆ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး။

*** ရှေ့ဖုံးမှ**

ယင်းနောက် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မိုးမြင့်ထွန်းက အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် အခမ်းအနားကျင်းပမည့်နေ့တွင် အစီအစဉ်တကျ အောင်မြင်စွာဆောင်ရွက်နိုင်စေရန် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လွတ်လပ်ရေးနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက ဆပ်ကော်မတီဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းအဖွဲ့များဖြင့် စနစ်တကျစီမံဆောင်ရွက်သွားမည့် လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုံခြုံရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက လုံခြုံရေးဆိုင်ရာလုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ထားရှိမှု၊ အခမ်းအနားမကျင်းပမီနှင့် ကျင်းပနေစဉ်ကာလအတွင်း ယာဉ်၊ လူနှင့်စပ်လျဉ်းသည့် လုံခြုံရေးဆိုင်ရာလုပ်ငန်းများအတွက် တာဝန်ရှိသူများအား တာဝန်ခွဲဝေထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးဆပ်ကော်မတီအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ဆပ်ကော်မတီ၏လုပ်ငန်းတာဝန်များ၊ အခမ်းအနားအကြိုကာလနှင့် အခမ်းအနားကျင်းပစဉ်ကာလအတွင်း ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့သဝဏ်လွှာပြုစုရေးဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ခေတ်ကာလနှင့်လျော်ညီသည့် အသုံးအနှုန်းများဖြင့် သဝဏ်လွှာပြုစုထားရှိမှုအခြေအနေကို တင်ပြသည်။

ယင်းနောက် ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက ဆပ်ကော်မတီအနေဖြင့် အစားအသောက်၊ ရေနှင့်သန့်ရှင်းရေးဆိုင်ရာများတွင် ကျန်းမာရေးစံနှုန်းများနှင့်အညီ ဆောင်ရွက်သွားမည့်အခြေအနေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အားကစားပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးကိုယ်စား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အခါသမယတွင် အားကစားပြိုင်ပွဲများနှင့် မြို့နယ်အလိုက် အစိုးရအထက်တန်းကျောင်းများတွင် အားကစားပြိုင်ပွဲများ ကျင်းပရေး၊ နေပြည်တော်၌ ဝန်ကြီးဌာနများအလိုက် အားကစားပြိုင်ပွဲများ ကျင်းပရေးကိစ္စရပ်များအပေါ် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားတွင် ကြိုဆိုရမည့် ပြည်ထောင်စုဝန်ကြီးများ သတ်မှတ်ပေးနိုင်ရေးကိစ္စရပ်အပေါ် ဆွေးနွေးကြပြီး အခမ်းအနားတက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက လိုအပ်သည်များကို လမ်းညွှန်ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတက အခမ်းအနားကိုကျင်းပရာတွင် လုံခြုံရေးသည် များစွာအရေးကြီးသည့်အတွက် လုံခြုံရေးကို ဆက်တိုက်စစ်ဆေးရန်လိုအပ်ပါကြောင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသူများအနေဖြင့်လည်း သက်သေခံစစ်ဆေးရေးကတ်ပြားများကို မမေ့မလျော့ယူဆောင်လာကြရန်လိုအပ်ကြောင်း၊ နေပြည်တော် ဝင်ပေါက်၊ ထွက်ပေါက်များတွင်လည်း လုံခြုံရေးအသိဖြင့် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာဌာနများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အခမ်းအနားကြီး အောင်မြင်စွာ ကျင်းပပြီးစီးရေးအတွက် လှုံ့လစိုက် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း မှာကြားသည်။

**(သတင်းစဉ်)**

❑

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ချီလီသမ္မတနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၁**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ချီလီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Javier Becker အား ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်း

**ပြည် နိုဝင်ဘာ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ပြည်မြို့နယ် ပေါင်းတလည်အုပ်စု ကွင်းအမှတ် ၈၁၉A တောင်သူဒေါ်ခင်ထွေး၏ မှော်ဘီ(၂) ၃၂ ဧကတွင် နိုဝင်ဘာ ၂၀ ရက်က ကိုယ်စားပြု သုည ဒသမ ၁၀ ဧကကို စံကွက်ရိတ်သိမ်းခဲ့သည်။

စံကွက်ရိတ်သိမ်းပွဲတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့သည်။

သုည ဒသမ ၁၀ ဧကစံကွက်ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း ၁၂၆ ဒသမ ၃၀ တင်း(အစို)ထွက်ရှိပြီး အခြင်အတွယ်နည်းစံကွက် တစ်ဧကအထွက်နှုန်းမှာ ၁၀၆ တင်း ထွက်ရှိခဲ့သည်။ အဆိုပါစံကွက်ရိတ်သိမ်းထွက်ရှိမှုအပေါ် အထွက်နှုန်းမိတ်ဖက်နည်းအရ ထွက်ရှိမှုများ၏အားသာချက်၊ အားနည်းချက်အပေါ် ဆက်လက်ဆောင်ရွက်ရမည့်အချက်များကို တိုင်းဒေသကြီး ဦးစီးမှူးက အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသောတောင်သူများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။ **(ဝ၄၃)**

## စိတ်ဓာတ်ခိုင်မာသန်စွမ်းရေး အားကစားကဏ္ဍမြှင့်တင်ပေး

# စတုတ္ထမြောက် ဝန်ကြီးချုပ်ရာထူးသက်တမ်းအတွက် ရွေးကောက်ပွဲဝင်ရန် အိန်ဂျလာမာကယ်လ်ဆုံးဖြတ်



**ဘာလင် နိုဝင်ဘာ ၂၀**

လာမည့်နှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲ၌ စတုတ္ထမြောက် ရာထူးသက်တမ်းအတွက် မိမိယှဉ်ပြိုင်လိုသည်ဟု ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်က ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဥရောပသမဂ္ဂ (အီးယူ)မှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရန် မဲခွဲဆုံးဖြတ်ခဲ့ခြင်းနှင့် အမေရိကန်သမ္မတအဖြစ် ဒေါ်နယ်ထရန့် ရွေးချယ်တင်မြှောက်ခံရခြင်းတို့ ရှိခဲ့ပြီးနောက် ဂျာမနီနိုင်ငံ၏တည်ငြိမ်မှုကို ထိန်းသိမ်းနိုင်စေရန် ဝန်ကြီးချုပ် မာကယ်လ်က လာမည့်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုမှုကို ထုတ်ဖော်ပြောကြားခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် သင့်၊ မသင့် ကာလကြာရှည်စွာ နက်နက်ရှိုင်းရှိုင်း တွေးတောဆင်ခြင်ခဲ့ပြီးနောက် ရွေးကောက်ပွဲဝင်ရန် မိမိဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း မာကယ်လ်က ပြောကြားသည်။

ဝန်ကြီးချုပ် ရာထူးနေရာအတွက် မာကယ်လ်မည်သို့ဆုံးဖြတ်မည်နည်းဟု လပေါင်းအတန်ကြာမျှ ထင်ကြေးပေး ပြောဆိုနေမှုများမှာ အဆုံးသတ်သွားပြီဖြစ်သည်။ အသက် (၆၂) နှစ်ရှိ ကွန်ဆာဗေးတစ်ဖြစ်သူ မာကယ်လ်သည် ဝန်ကြီးချုပ်ရာထူးတွင် တာဝန်ထမ်းဆောင်ခဲ့သည်မှာ ၁၁ နှစ်ရှိခဲ့ပြီဖြစ်သည်။

**ရိုက်တာ။**

# ဆီးရီးယားအရေးဖြေရှင်းရာတွင် နှစ်နိုင်ငံအဆက်အသွယ်မပြတ်ရန် နိုင်ငံခြားရေးဝန်ကြီးများအား ဆက်လက်တာဝန်ပေးအပ်



**လီမာ နိုဝင်ဘာ ၂၀**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ဆီးရီးယားနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် စစ်ပွဲများရပ်တန့်ရန် ရည်ရွယ်သည့်အနေဖြင့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများကို ဆီးရီးယားအရေးနှင့်ပတ်သက်ပြီး နှစ်နိုင်ငံ အဆက်အသွယ်မပြတ်တောက်စေရန် ဆက်လက်တာဝန်ပေးအပ်သွားမည် ဖြစ်ကြောင်း သဘောတူညီခဲ့ကြသည်။

ခေါင်းဆောင်နှစ်ဦးတို့သည် ပီရူးနိုင်ငံ လီမာမြို့၌ကျင်းပသည့် အာရှပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(အေပက်)သို့ တက်ရောက်ပြီးနောက် သီးခြားတွေ့ဆုံခဲ့ကြသည်။

ဆီးရီးယားနိုင်ငံ၏ ပြည်တွင်းစစ်မီးငြိမ်းသွားစေရန် နှစ်နိုင်ငံပူးပေါင်းပြီး ကြိုးပမ်းသွားရန် လိုအပ်ကြောင်း သမ္မတအိုဘားမားက ပြောကြားခဲ့သည်ဟု နှစ်နိုင်ငံအစိုးရရုံးများက သတင်းထုတ်ပြန်သည်။ လက်ရှိအချိန်တွင် ဆီးရီးယားနိုင်ငံ အလက်ပိုမြို့၌ တိုက်ပွဲများ ပြင်းထန်လျက်ရှိသည်။

သမ္မတအိုဘားမား ရာထူးမှ အနားမယူခင်အချိန်ထိ ဆီးရီးယားနိုင်ငံအတွင်း အပစ်အခတ်ရပ်စဲစေရန် လိုအပ်သည်များကို ဖြည့်ဆည်းလုပ်ဆောင်သင့်သည်ဟု သမ္မတပူတင်က အလေးပေး ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်တို့သည် ဆီးရီးယားအရေးနှင့် ပတ်သက်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

အိုဘားမားအစိုးရက ဆီးရီးယားနိုင်ငံတွင် အရပ်သားများသေဆုံးမှုအရေအတွက် မြင့်တက်လာခြင်းသည် ရုရှားလေကြောင်း တိုက်ခိုက်မှုကြောင့်ဖြစ်သည်ဟု ရုရှားနိုင်ငံအား ယခင်က ပြစ်တင်ဝေဖန်ခဲ့သည်။

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့် သမ္မတတာဝန်ထမ်းဆောင်သည့် အချိန်မှစပြီး အမေရိကန်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံအပေါ်ကျင့်သုံးလျက်ရှိသည့် မူဝါဒပြောင်းလဲသွားမည်ဟု မျှော်လင့်ရကြောင်း သမ္မတပူတင်က ဆိုသည်။ အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်က အကြမ်းဖက်မှုများကို တိုက်ခိုက်ချေမှုန်းရာတွင် အမေရိကန်နှင့်ရုရှား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# မြို့တော်ကဘူးရှိ ရှီးယိုက်ဘာသာရေးအဆောက်အအုံတွင် ဗုံးပေါက်ကွဲ လူ ၂၇ ဦး သေဆုံး၊ ၃၅ ဦး ဒဏ်ရာရ



**ကဘူး နိုဝင်ဘာ ၂၁**

အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူး၏ အနောက်ဘက်ပိုင်းရှိ ရှီးယိုက်ဘာသာရေးအဆောက်အအုံတစ်လုံးတွင် ယနေ့မွန်းလွဲပိုင်းက အသေခံဗုံးခွဲသမားတို့၏ ဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူ ၂၇ ဦးထက်မနည်း သေဆုံးပြီး အခြား ၃၅ ဦးဒဏ်ရာရခဲ့ကြောင်း အာဖဂန်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ အသေခံဗုံးခွဲ တိုက်ခိုက်မှုမှာ နိုဝင်ဘာ ၂၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ဖြစ်ပွားခဲ့ကြောင်း၊ အသေခံဗုံးခွဲ တိုက်ခိုက်သူတစ်ဦးက ၎င်း၏ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် ဖောက်ခွဲရေးပစ္စည်းများပါ ဝတ်စုံကို ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ကဘူး၏ ဖစ်မိုမာမက် ကာတပ်လမ်းမပေါ်ရှိ ရှီးယိုက်ဘာသာရေးဆိုင်ရာအဆောက်အအုံဖြစ်ကြောင်း ယင်းအဖြစ်အပျက်အား မျက်မြင်တွေ့သူ မိုဟာမက်အူလာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ကနဦးရရှိသော သတင်းများအရ အဆိုပါဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူ ၂၇ ဦးရှိပြီး ၃၅ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ကဘူးမြို့ ရဲတပ်ဖွဲ့ ရာဇဝတ်မှုခင်း စုံစမ်းထောက်လှမ်းရေးဌာန အကြီးအကဲ ဖရီဒွန် အိုဗာဒီက ပြောကြားသည်။

ယင်းအသေခံ ဗုံးဖောက်ခွဲတိုက်ခိုက်မှုနှင့်ပတ်သက်၍ မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

**ဆင်ဟွာ။**

❑

# အကြမ်းဖက်မှုနှင့် ပုံမှားရိုက်သတင်းများအန္တရာယ်မှ ကာကွယ်ရေး အင်တာနက်ဆိုင်ရာဥပဒေစည်းမျဉ်းများ တင်းကျပ်သင့်

**ပေကျင်း နိုဝင်ဘာ ၂၀**

အကြမ်းဖက်မှုနှင့် ပုံမှားရိုက်ကာဖော်ပြသည့် သတင်းများဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် အင်တာနက်ဆိုင်ရာ ဥပဒေစည်းမျဉ်းများကို ပိုမိုတင်းကျပ်သွားရန် တရုတ်နိုင်ငံက ရည်မှန်းချက်များရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ကွန်ပျူတာကွန်ရက် အသုံးပြုခြင်းဆိုင်ရာ ဥပဒေစည်းမျဉ်းများကို ရေးဆွဲချမှတ်ဆောင်ရွက်ကြရန် တရုတ်နိုင်ငံ ဝူကျန်းမြို့၌ လွန်ခဲ့သည့် ရက်သတ္တပတ်ကကျင်းပခဲ့သော နိုင်ငံတကာအင်တာနက်ညီလာခံတွင် တရုတ်တာဝန်ရှိသူများက တိုက်တွန်းပြောကြားခဲ့ကြသည်။

စစ်သွေးကြွများက အွန်လိုင်းကိုအသုံးပြု၍ အင်အားစုဆောင်းမှုများ ပြုလုပ်လေ့ရှိကြောင်း၊ မကြာသေးမီက ပြုလုပ်ခဲ့သော အမေရိကန်ရွေးကောက်ပွဲကာလအတွင်း လိမ်လည်ဖော်ပြထားသည့် သတင်းများကို လူမှုကွန်ရက်မီဒီယာမှတစ်ဆင့် ပျံ့နှံ့အောင်ဖြန့်ချိခဲ့ခြင်း စသည့်ဖြစ်စဉ်များကို ထောက်ချင့်၍ အင်တာနက်အသုံးပြုခြင်းဆိုင်ရာ ဥပဒေစည်းမျဉ်းများကို ရေးဆွဲဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ အင်တာနက်အာဏာပိုင်အဖွဲ့ဖြစ်သော ကွန်ပျူတာကွန်ရက်အုပ်ချုပ်ရေးအဖွဲ့၏ ဒုတိယဝန်ကြီး ရန်ကျန်းလီက ပြောကြားသည်။

အွန်လိုင်းပေါ် ပုံဖျက်သတင်းမှားများတင်သူများကို အတည်ပြုနိုင်မည့် စနစ်များဖြင့် အရေးယူသွားရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

လူမှုကွန်ရက်မီဒီယာဖြစ်သော ဖေ့စ်ဘွတ်နှင့် တွစ်တာတို့တွင် ပုံမှားရိုက်သည့် သတင်းများနှင့် မဇ္ဈေရအမုန်းပွားစိတ်ဖြင့် ဖော်ပြသော သတင်းများ ပျံ့နှံ့မှုမရှိစေရေးအတွက် ဥပဒေစည်းမျဉ်းများကို ပိုမိုတင်းကျပ်သွားရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

**ရိုက်တာ။**

# ဘတ်ဂျက်လိုငွေ၏ ၃၀ ရာခိုင်နှုန်းအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေတိုက်လက်မှတ်များ ဝယ်ယူခြင်းဖြင့် ဖြည့်ဆည်းပေးခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသော ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးပြီး ဥပဒေကြမ်း၏ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အတည်ပြုချက်ရယူသည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား ဓာတ်အားကွန်ရက်အချင်းချင်း ချိတ်ဆက်ကုန်သွယ်နိုင်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား နိုင်ငံဖြတ်ကျော် ဓာတ်အားကွန်ရက်ချိတ်ဆက်ကုန်သွယ်နိုင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ အဖွဲ့ဝင်နိုင်ငံများ၏ ဓာတ်အားကွန်ရက်များချိတ်ဆက်မှုနှင့် ရောင်းဝယ်မှုများကို အကောင်အထည်ဖော်နိုင်ရေး စီမံချက်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းမောင်းနှင်ခြင်းကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရန်၊ ကုန်ကျစရိတ်များကို အပြည့်အဝကာမိစေပြီး အကျိုးအမြတ် မျှဝေခံစားနိုင်စေရန်၊ အဖွဲ့ဝင်နိုင်ငံများသို့ ယုံကြည်စိတ်ချရသော စီးပွားရေးတွက်ခြေကိုက်မှုရှိသည့် လျှပ်စစ်ဓာတ်အားပို့လွှတ်မှုရရှိရန်၊ ဓာတ်အားခန့်မှန်းထားဆိုင်ရာ မူဘောင်ပေါ်ထွန်းလာစေရန်နှင့် လျှပ်စစ်ဓာတ်အား ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုလမ်းကြောင်း ဖွင့်လှစ်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်ရန်အတွက် အဆင့်မြင့်အရာရှိများပါဝင်သည့် BIMSTEC Grid International Coordination Committee ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်ရေးအတွက် အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။


ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေကြေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးဆောင်ရွက်ချက် အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအခြေအနေမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၈ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၈ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့သဖြင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက စီးပွားရေးတိုးတက်မှုနှုန်း မြင့်မားခဲ့ကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၇ ဒသမ ၄၅ ရာခိုင်နှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၅ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ယခင်ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်လျှင် အနည်းငယ်မြင့်တက်လာသည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ရည်မှန်းချက် ၈ ရာခိုင်နှုန်းအား ငွေကြေးဖောင်းပွမှုနှုန်း ၇ ရာခိုင်နှုန်းဘောင်အတွင်း ရရှိစေနိုင်မည့် ငွေကြေးပမာဏကို ခန့်မှန်းတွက်ချက်ပြီး စုစုပေါင်း ငွေကြေးပမာဏတိုးတက်မှုနှုန်း ရည်မှန်းချက်အား ကနဦး ၃၅ ရာခိုင်နှုန်း သတ်မှတ်ခဲ့သော်လည်း ၂၅ ရာခိုင်နှုန်းသို့ ပြင်ဆင်သတ်မှတ်ခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်တွင် စုစုပေါင်းငွေကြေးပမာဏတိုးတက်မှုနှုန်းမှာ ၂၀ ရာခိုင်နှုန်းရှိခဲ့သဖြင့် ရည်မှန်းချက်ဘောင်အတွင်း ရှိခဲ့ပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်လိုငွေကို အစိုးရငွေတိုက်စာချုပ်နှင့် အစိုးရငွေတိုက်လက်မှတ်များဖြင့် ဖြည့်ဆည်းရာတွင် ဘတ်ဂျက်လိုငွေ၏ ၃၀ ရာခိုင်နှုန်းအား မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ငွေတိုက်လက်မှတ်များဝယ်ယူခြင်းဖြင့် ဖြည့်ဆည်းပေးခဲ့ပါကြောင်း။

**စာမျက်နှာ ၇ သို့**

# လွှတ်တော်ကိုယ်စားလှယ်(၇)ဦး၏ ပညာရေးကဏ္ဍဆိုင်ရာမေးခွန်းများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖြေကြား

**နေပြည်တော် နိုဝင်ဘာ ၂၁**

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၇)ဦးက ပညာရေးဝန်ထမ်းများခန့်အပ်ပေးရန်၊ ကျောင်းများ အဆင့်တိုးမြှင့်ပေးရန်၊ စာစစ်ဌာနများ အသစ်ဖွင့်လှစ်ပေးရန်၊ ကျောင်းသုံး ပုံနှိပ်စာအုပ်များ ကျောင်းသားများထံ အချိန်မီရရှိရန် စသည့် ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြသည်။

အဆိုပါမေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဖြေကြားရာတွင် မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး၏ ပညာရေးဝန်ထမ်းများ မီးဖွားခွင့်(၆)လ ခွင့်ယူနေစဉ်အတွင်း ၎င်းလစ်လပ် နေရာများအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဝန်ထမ်းတစ်ဦးခွင့်ခံစားနေစဉ် ၎င်း၏


မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး

တာဝန်များကို ၎င်းလွှဲပြောင်းပေးအပ်ခဲ့သည့် ဝန်ထမ်းတစ်ဦးအားလည်းကောင်း၊ အခြားသင့်လျော်သည့် ဝန်ထမ်းတစ်ဦးအား လည်းကောင်း တွဲဖက်တာဝန်ပေး၍ လုပ်ငန်းများ လစ်ဟင်းမှုမရှိအောင် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာနည်းပါးသည့် ကျေးလက်ဒေသ အခြေခံပညာကျောင်းအချို့တွင် မီးဖွားခွင့်ယူသည့် ဆရာ ဆရာမများရှိပါက သင်ကြားရေး တာဝန်ပျက်ကွက်မှုမရှိစေရန် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများက နီးစပ်ရာကျောင်းများအနက် ဆရာ ဆရာမအရေအတွက်လုံလောက်စွာရှိသည့် ကျောင်းများမှ ဆရာ ဆရာမများကို လည်းကောင်း၊ ကျောင်းသား ကျောင်းသူ အရေအတွက်နည်းပြီး ဆရာ ဆရာမ ပိုနေသည့်ကျောင်းများမှ ဆရာ ဆရာမများကိုလည်းကောင်း တွဲဖက်တာဝန်ပေးအပ်၍ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး၏ အခြေခံပညာ ပုံနှိပ်စာအုပ်များ ကျောင်းဖွင့်ချိန်အမီ မရရှိခြင်း၊ ကျောင်းသားဦးရေနှင့်အညီ မရရှိခြင်းတို့အတွက် မည်သူက တာဝန်ခံမည်နှင့် ကျောင်းသုံးဖတ်စာအုပ်အသစ်များ


ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး

ကျောင်းသားများ လက်ထဲသို့မရောက်ခင် ပြင်ပတွင် ရောင်းချနေခြင်းများနှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်မည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပုံနှိပ်စာအုပ်များ ကျောင်းဖွင့်ချိန်အမီမရရှိခြင်း၊ ကျောင်းသားဦးရေနှင့်အညီ မရရှိခြင်းတို့နှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက တာဝန်ခံ၍ ဆောင်ရွက်ပါကြောင်း၊ အခြေခံပညာဦးစီးဌာနသည် အိတ်ဖွင့်တင်ဒါ အောင်မြင်သည့် ကုမ္ပဏီများနှင့် အချိန်မီရိုက်နှိပ်ပြီးစီးရေး၊ သက်ဆိုင်ရာ မြို့နယ်များသို့ သတ်မှတ်ချိန်အမီ ပို့ဆောင်ရေးတို့ကို ကန်ထရိုက်စာချုပ်ချုပ်ဆို၍ ကြီးကြပ်ဆောင်ရွက်ပါကြောင်း။

ရာသီဥတုအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုနှင့် မမျှော်မှန်းနိုင်သည့် အခြေအနေအရ ဝေးလံခေါင်သီသည့်ဒေသများသို့ သတ်မှတ်ချိန်ထက် အနည်းငယ်နောက်ကျ၍ ရောက်ရှိမှုများလည်းရှိနိုင်ပါကြောင်း၊ ကျောင်းသားဦးရေနှင့်အညီ မရရှိခြင်းမှာ ယခင်နှစ်က ကျောင်းသားဦးရေအမှန်စာရင်းကိုအခြေခံ၍ ခွဲတမ်းပြုစုပေးရခြင်းဖြစ်သဖြင့် လက်ရှိပညာသင်နှစ်တွင် တက်ရောက်သည့် ကျောင်းသားဦးရေနှင့် အနည်းငယ်ကွာဟမှုရှိနိုင်ပါကြောင်း၊ အချို့ကျောင်းများတွင် အနည်းငယ်လို၍ အချို့ကျောင်းများတွင် အနည်းငယ်ပိုသည်များလည်း ရှိနိုင်ပါကြောင်း။

နိုင်ငံတော်မှ ကျောင်းဖွင့်လျှင်ဖွင့်ချင်း ကျောင်းသုံးဖတ်စာအုပ်များကို အခမဲ့ ထောက်ပံ့ပေးလျက်ရှိသော်လည်း ကျောင်းဖွင့်ချိန်မတိုင်မီ နွေရာသီကာလတွင် မိမိတက်ရောက်ရမည့်အတန်းအတွက် ကြိုတင်သင်ယူလေ့လာလိုသည့် ကျောင်းသား ကျောင်းသူနှင့် မိဘအုပ်ထိန်းသူအချို့က ပြင်ပဈေးကွက်တွင်ရောင်းချနေသော ကျောင်းသုံးဖတ်စာအုပ်များကို ဝယ်နိုင်ခြေရှိနိုင်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် လာမည့်ပညာသင်နှစ်တွင် ကျောင်းသုံးဖတ်စာအုပ်များအား ကျောင်းသား ကျောင်းသူများ လက်ထဲသို့မရောက်မီ

**စာမျက်နှာ ၇ သို့**

# အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဖြေကြား

**နေပြည်တော် နိုဝင်ဘာ ၂၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။


အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်၏ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ သွားလာရန် ခက်ခဲသော အင်းလယ်ကြီး - ကိုင်းရိုး - ဇီးဖြူကုန်း - ပုပ္ပားလမ်း (၁၃) မိုင်ကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကန့်ဘလူမြို့နယ်၌ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၁၁ ဒသမ ၂၃ သန်းဖြင့် ကျောက်ချောလမ်း ၁ မိုင် ၄ ဖာလုံ၊ မြေသား လမ်း ၈ မိုင် ၅ ဖာလုံ၊ သစ်သားတံတား ၄ စင်း၊ ရေပြွန် ၉ စင်းနှင့် ရေကျော်တစ်စင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။


အင်းလယ်ကြီး - သရက်တော - ကျွန်းပင်ကုန်း - ရှမ်းတပ် - ဇီးဖြူကုန်း - ပျဉ်းတော် - ပုပ္ပားလမ်းမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ပါဝင်ခြင်းမရှိပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း၊ နှစ်အလိုက် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ ဦးစားပေး လျာထားတင်ပြမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်ဇော်ဦး၏ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ လုံးဝပျက်စီးနေပြီဖြစ်သော လက်ပံရွာအဝင်ကျေးလက်လမ်းအား ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကျိုက်မရောမြို့နယ်၌ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၄၇ ဒသမ ၂၃၀ သန်းဖြင့် ကွန်ကရစ်လမ်း ၁ မိုင် ၂ ဖာလုံ၊ ကတ္တရာလမ်း ၄ ဖာလုံ၊ ကျောက်ချောလမ်း ၂ မိုင်၊ မြေသားလမ်း ၀ ဒသမ ၂၈ ဖာလုံနှင့် ကွန်ကရစ်တံတား ၃ စင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ပံရွာအဝင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၁ မိုင် ၄၇၀ ပေနှင့် ကွန်ကရစ်တံတား ၁ စင်း ၂၅ ပေ ဆောင်ရွက်ခြင်းလုပ်ငန်းများမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပါဝင်ခြင်းမရှိပါကြောင်း၊ နှစ်အလိုက် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ ဦးစားပေးလျာထားတင်ပြမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၏ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများ ရာသီမရွေး သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ဧရာဝတီမြစ်ရေတင်အား အလှည့်ကျစနစ်ဖြင့် ဖြန့်ဝေပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍


စစ်ကိုင်းတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်


မန္တလေးတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများအား ရာသီမရွေး သောက်သုံးရေ ပြတ်လတ်မှု မရှိစေရေးအတွက် ဧရာဝတီမြစ်ရေတင် ကျေးလက်ရေပေးရေးလုပ်ငန်းများသာမက အခြားရေရနိုင်သော လုပ်ငန်းများဖြစ်သည့်

**စာမျက်နှာ ၇ သို့**

# တက္ကသိုလ်မှာဆုံကြပါ

## မင်းကိုနိုင်



**သမီးနှင့်သား-**
ပြည်ထောင်စုအနှံ့က ကလေးတွေနဲ့ တွေ့ခွင့်ရခဲ့တယ်။ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဒီကလေးတွေ စကားပြောကြတာလည်း အားရစရာပဲ။ ဘယ်လိုကလေးတွေကို ရွေးခဲ့တာလဲဆိုတော့ မတူညီတဲ့ ဘဝပေါင်းစုံက ကလေးတွေကို ရွေးခဲ့တာ။ ဘယ်သူတွေရွေးခဲ့တာလဲဆိုတော့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေပေါ့ကွာ။

ဘယ်လိုဘဝမတူတဲ့ ကလေးတွေလည်းဆိုတော့ ကျောင်းနေသူနဲ့ မနေသူ၊ မိသားစုရှိသူနဲ့ မရှိသူ၊ အိမ်ရှိသူနဲ့ မရှိသူ။ အဲသလိုပေါ့ကွာ။ အမှိုက်ပုံမှာ စွန့်ပစ်ပစ္စည်းတွေကောက်ပြီး သန့်စင်ရောင်းနေတဲ့ ကလေးတွေတောင် ပါသေးတယ်။ ရက်ကန်းလုပ်သား ကလေးလည်းပါတယ်။ မျက်မမြင်ကလေးတွေပါတယ်။ စစ်ရှောင်စခန်းကလည်း ပါတယ်။

သူတို့တွေကို ဘယ်သူမှ သင်ပေးထားတာမဟုတ်ဘဲ တကယ်သူတို့ကြုံနေရတာတွေကိုပဲ ပြောကြတာ။ ပြီးတော့ စာတွေမှတ်စုတွေထုတ်၊ တူတာတွေစုပြီး နောက်နေ့ကျတော့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ စားပွဲတစ်ဝိုင်းတည်း အတူထိုင် ပြောကြတော့တာပဲ။

စားပွဲဝိုင်းတွေခင်းတဲ့အခါ အရင်နေ့တွေက သူတို့ပြောခဲ့တဲ့ ခေါင်းစဉ်တွေခွဲပြီး ဆိုင်းဘုတ်တင်ထားတာ၊ ဥပမာကွာ ပညာရေး၊ ကျန်းမာရေး စသဖြင့်ပေါ့။

ပညာရေးဆိုရင် ကျူရှင်မရှိတဲ့ စနစ်မျိုးလိုချင်တယ်လို့ပြောကြတယ်။ ဆရာ ဆရာမတွေကိုလည်း အရည်အချင်း ပြည့်မီတဲ့ ဆရာ ဆရာမတွေခန့်ပေးဖို့လည်းပါရဲ့။ အထူးသဖြင့် ကျောင်းတွေမှာ ခေါင်းစဉ်မျိုးစုံနဲ့ ပိုက်ဆံကောက်နေတာ ပြောတော့ လွှတ်တော်ကိုယ်စားလှယ်တွေက အံ့သြပြီး ပြန်ပြောတယ်။ ဒီလောက်တားမြစ်စာတွေ ထုတ်ထားတာတောင် ပိုက်ဆံကောက်တုန်းလားတဲ့။ နယ်ကလူတွေမသိကြဘူးလားလို့ ညည်းတော့ ရန်ကုန်က ကလေးတစ်ယောက်က ရန်ကုန်မှာပါ ကောက်တဲ့ကျောင်းတွေရှိသေးတယ်လို့ ဝင်ပြောတယ်။ ပြောတာတွေကတော့ အများကြီးပေါ့ကွာ။ ဦးဦးက ငြိမ်းချမ်းရေးအကြောင်း ကလေးတွေ ပြောတာကို အဓိကပြန်ရေးပြချင်တာ။

ကျောင်းအကြောင်းနဲ့ ကျန်းမာရေးဆက်နေအောင် ပြောကြတာကွ။ အရင်ကအတိုင်းပဲ၊ လူကြီးတွေလာစစ်မှ ကမန်းကတန်း သန့်ရှင်းရေးလုပ်၊ အလှတွေပြင်ပြနေတုန်းပဲလို့ ဖော်ကောင်လုပ်ကြတော့ နားထောင်သူတွေ ရယ်ကြတယ်။ ကျောင်းမှာအာဟာရကျွေးတာလည်း ဒီအတိုင်းပဲတဲ့။ ကလေးတွေအားရှိမှ ကျန်းမာမှာ။ ဒါကြောင့် အသက် ၁၈နှစ်အထိ နို့တိုက်သင့်တယ်လို့ တောင်းဆိုသေးတယ်။ အဲဒါ ကယားပြည်နယ်က ကလေးကွ။

ကျောင်းတွေမှာ ကျောင်းသားနဲ့ ဆရာ အချိုးအစားကိုလည်း ပြောကြသေးတယ်။ ကိုယ်စားလှယ်ကြီးတစ်ယောက်က ပြောပြတယ်။ ဂျပန်မှာ ပီအိတ်ချ်ဒီခေါ်တဲ့ ဘွဲ့သွားယူတာ။ ကျောင်းသား ၁၁ယောက်ရှိတဲ့ အတန်းကို ဆရာ ၄၄ ယောက်တောင်ရှိတယ်ဆိုတော့ ကလေးတွေ တအား အံ့သြတာ။ အဲဒီမှာ သွားတက်ချင်တယ်တဲ့။ အခုတော့ သူတို့ကျောင်းမှာ ဆရာတစ်ယောက်ကို ကျောင်းသား ၆၀၊ ၇၀ လောက်ရှိနေတော့ အားမရလွန်း လို့တဲ့။

ကလေးတွေက တော်တော်ပြောနိုင်တယ်ကွ။ လွှတ်တော်ကိုယ်စားလှယ်တွေ လိုက်မှတ်လို့ မအားနိုင်အောင်ကို ပြောနိုင်တာ။ ခုန ကယားပြည်နယ်က ကလေးဆို သူတို့သောက်တဲ့ရေမှာ ထုံးဓာတ်များနေတာ၊ ရေသန့်တွေ ဝယ်သောက်တော့လည်း တံဆိပ်ခြောက်မျိုးမှာ အရသာခြောက်မျိုးဖြစ်နေတယ်တဲ့။ သူတို့ကို လျှော့မတွက်နဲ့ကွ။ စာကို အလွတ်ချည်းကျက်နေရတာ မဟုတ်သေးဘူးဆိုတာသိကြတယ်။ လက်တွေ့များများလုပ်ရပြီး သိနားလည်သွားရတဲ့ ပညာရေးမျိုးလိုချင်သတဲ့။

ကျန်းမာရေးဆိုရင်လည်း ရွာမှာဆေးခန်းမရှိ၊ ဆေးခန်းရှိတဲ့ရွာကိုသွားတော့လည်း ဆရာမ မရှိ။ ဆရာမရှိပြန်တော့လည်း ဆေးမရှိ။ ဒါနဲ့မြို့ကို သယ်မယ်ဆိုတော့လည်း ယာဉ်မရှိတဲ့။ သူတို့ပြောပြတဲ့ မရှိခြင်း ပြဿနာကို ရှင်းပေးဖို့ ဦးဦးလည်း စဉ်းစားတာ ခုထိအဖြေမရှိပါပဲကွာ။

ဒီနေ့မှာပဲ တိုက်တိုက်ဆိုင်ဆိုင်ကွာ။ ကလေးတွေက ငြိမ်းချမ်းရေးအကြောင်း အများကြီးပြောချင်လို့ မနေ့ကတည်းက သူတို့မှာ ပြင်ထားဆင်ထားလိုက်ကြရတာ။ တကယ်ပြောမယ်လည်းလုပ်ရော သိန္နီမှာ တံတားချိုးခံလိုက်ရတာ၊ တိုက်ပွဲတွေဖြစ်တဲ့ မူဆယ်ဘက်မှာ အရပ်သားတွေပါ ထိခိုက်သွားတဲ့ သတင်း၊ စစ်ပွဲတွေပြန်စပြန်ပြီဆိုတဲ့ သတင်းတွေက ကလေးတွေရဲ့ မျက်နှာကို ငိုမဲ့မဲ့လေးတွေဖြစ်သွားစေတယ်။ သူတို့ကတော့ လွှတ်တော်ကိုယ်စားလှယ်တွေကို အားကိုးတကြီး တိုင်ကြ၊ ပြောကြတာပဲ။ ဒါပေမယ့် လွှတ်တော်ဆိုတာ ဥပဒေပြုအာဏာရှိတာကို ရှင်းပြကြရတယ်။ အုပ်ချုပ်ရေးအာဏာက စစ်ပွဲတွေကို ရပ်နိုင်၊ တိုက်နိုင်ကြောင်း ရှင်းပြတော့ ကလေးတွေ စိတ်ရှုပ်လာပြီ။ အဲဒါ ဘယ်သူ အကြီးဆုံးလဲလို့ ပြန်မေးတော့တာပဲ။ သမ္မတပေါ့လို့ ဖြေတော့ သမ္မတကြီးကို ပြောပေးဖို့ ပူဆာတော့တာပဲ။

**ကျောင်းအကြောင်းနဲ့ကျန်းမာရေးဆက်နေအောင်ပြောကြတာကွ။ အရင်ကအတိုင်းပဲ၊ လူကြီးတွေလာစစ်မှ ကမန်းကတန်း သန့်ရှင်းရေးလုပ်၊ အလှတွေပြင်ပြနေတုန်းပဲလို့ ဖော်ကောင်လုပ်ကြတော့ နားထောင်သူတွေ ရယ်ကြတယ်။ ကျောင်းမှာအာဟာရကျွေးတာလည်း ဒီအတိုင်းပဲတဲ့။ ကလေးတွေအားရှိမှ ကျန်းမာမှာ။ ဒါကြောင့် အသက် ၁၈နှစ်အထိ နို့တိုက်သင့်တယ်လို့ တောင်းဆိုသေးတယ်။**

**သမီးနဲ့သားရေ-**

ဟိုတစ်ခါ စစ်ရှောင်စခန်းက ကလေးတွေဆီ ရန်ကုန်က ကလေးတွေလက်ဆောင်ပို့ရင်း အားပေးစာရေးတုန်းက သူတို့အချင်းချင်း တစ်ခါမှ မမြင်ဖူးပေမယ့် အခုတော့ ခင်သွားပြီး တက္ကသိုလ်ရောက်ရင် ပြန်တွေ့မယ်လို့ အပြန်အလှန် အားတင်းကတိပေးကြတာမှတ်မိကြရဲ့လား။

ဒီနေ့လည်း အခုမှ ဆုံကြတဲ့ တောင်ပေါ်မြေပြန့်က ကလေးတွေဟာ တက္ကသိုလ်မှာ ပြန်ဆုံကြဖို့ ချိန်းနေကြပြန်ပြီ။ အဲဒီအထဲမှာ မိဘမဲ့၊ ကိုယ့်ထမင်း ကိုယ်ရှာစားရင်း အခမဲ့စေတနာကျောင်းမှာ နို့ပိန်ပိန်ကို လုစို့သလို သင်နေရတဲ့ ကလေးတွေလည်းပါတယ်နော်။ သူတို့ မျက်လုံးတွေက ယုံကြည်မျှော်လင့်ခြင်းတွေနဲ့ စိုတောက်နေတာ။

ဒီပွဲမှာ လွှတ်တော်ကိုယ်စားလှယ်လည်း ဖြစ်သူ နိုင်ငံတော်သမ္မတရဲ့ ဇနီးနဲ့ နှုတ်ဆက်စကားပြောခဲ့ရတယ်။ သူလည်း ဒီပွဲလာတက်ပြီး ကလေးတွေနဲ့ စကားအများကြီး ပြောနေခဲ့တာ။

သူက ဦးဦးကို ပြောပြတယ်။ စစ်ရှောင်ကလေးတွေနေတဲ့ လယ်ဝေးဘက်က ဘုန်းကြီးကျောင်းတစ်ကျောင်းကို ရောက်ခဲ့တယ်တဲ့။ ကလေးတွေက လေယာဉ်ပျံအသံကြားရင်ကို ကြောက်လန့်ပြီး ပုန်းမလို့လုပ်နေတုန်းတဲ့။ စစ်ပွဲထဲ တိုက်လေယာဉ်တွေ ပျံလာတိုင်း သူတို့ ဘယ်လောက်တုန်လှုပ်ခဲ့ရလဲတွေးမိတယ်။

**သားနဲ့ သမီးတို့ရေ-**

စစ်ပွဲကို မလိုချင်တာ၊ သူများတွေလို ပညာသင်ချင်တာ၊ ကျန်းမာ အသက်ရှည်ချင်တာဆိုတဲ့ ကလေးတွေရဲ့ ဆန္ဒကိုလောဘကြီးလိုက်တာလို့ ဘယ်သူမှ ပြောရက်မှာ မဟုတ်ပါဘူးနော်။

သူတို့အတွက် စကားတစ်ခွန်းလောက်ဆန္ဒပြုခွင့်ရမယ်ဆိုရင်တော့ ခုလိုပြုချင်တယ်။

**“တက္ကသိုလ်မှာ ဆုံကြပါစေ**
**စစ်မြေပြင်မှာ မဆုံကြပါစေနဲ့”**

**ဦးဦးမင်းကိုနိုင်**

## မိတ္ထီလာတွင် ပထမဆုံးဖွင့်လှစ်ပြသမည့် အဆင့်မြင့်ဒစ်ဂျစ်တယ် ရုပ်ရှင်ရုံအဆောက်အအုံသစ် ဆောက်လုပ်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

**မိတ္ထီလာ နိုဝင်ဘာ ၂၁**
မိတ္ထီလာတွင် ပထမဆုံးဖွင့်လှစ်ပြသမည့် အဆင့်မြင့်ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံ အဆောက်အအုံသစ်ကို မြို့မရုပ်ကွက် ရုပ်ရှင်ရုံလမ်းရှိ ယခင်ဂရင်းရုပ်ရှင်ရုံဟောင်းနေရာတွင် ဆောက်လုပ်လျက်ရှိရာ နိုဝင်ဘာ ၂၁ ရက်တွင် ၈၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးနေပြီး လာမည့် ၂၀၁၇ ဇန်နဝါရီလအတွင်း စတင်ပြသနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



“အဆင့်မြင့် ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံ အဆောက်အအုံသစ်ဆောက်လုပ်မှု အနေအထားက ၈၀ ရာခိုင်နှုန်းလောက် ပြီးစီးသွားပါပြီ။ အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးရင် တပ်ဆင်ဖို့အတွက် စက်ပစ္စည်းပိုင်းတွေလည်း အားလုံး စုံစုံလင်လင် အဆင်သင့်ရှိနေပြီဖြစ်လို့ လာမယ့် ၂၀၁၇ ဇန်နဝါရီလထဲလောက်မှာ စတင်ရုပ်ရှင်ပြသနိုင်ဖို့ ခန့်မှန်းထားပါတယ်။ အဲဒီအချိန် ကာလအတွင်းပြီးစီးဖို့လည်း အောက်ထပ်မှာဖွင့်လှစ်မယ့် Mini Market ထက် ရုပ်ရှင်ရုံပိုင်းကို ဦးစားပေး ဆောင်ရွက်နေပါတယ်။ ရုပ်ရှင်ရုံနဲ့ Mini Market တစ်ပြိုင်တည်းဖွင့်ဖြစ်လည်း ဖြစ်သွားမှာပါ”ဟု ယင်းရုပ်ရှင်ရုံပိုင်ရှင် ဦးစိုးအောင်က ပြောသည်။

မိတ္ထီလာတွင် ယခင်က ရွှေဗဟိုရ်ဖွဲ့၊ မြို့မရုပ်ရှင်ရုံဟူ၍ ရုပ်ရှင်ရုံကြီး သုံးရုံရှိခဲ့ပြီး ဖွဲ့နှင့် ရွှေဗဟိုရ်ရုပ်ရှင်ရုံတို့မှာ ပထမဦးစွာ ရုပ်ရှင်ပြသမှု ရပ်နားခဲ့ပြီး မြို့မရုပ်ရှင်ရုံအား ဂရင်းရုပ်ရှင်ရုံဟု အမည်ပြောင်းလဲပြသခဲ့သည်။

၂၀၁၃ ခုနှစ်အတွင်းက ဂရင်းရုပ်ရှင်ရုံပြသမှုအား ကြည့်ရှုသည့် ပရိသတ် နည်းပါးမှုကြောင့် ရပ်နားခဲ့ပြီး ယခုအခါ ဂရင်းရုပ်ရှင်ရုံအား ခေတ်မီအဆင့်မြင့် ဒစ်ဂျစ်တယ် ရုပ်ရှင်ရုံအဖြစ် ပြန်လည်ပြသနိုင်ရန် အဆောက်အအုံသစ် ဆောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## စာအုပ် စာပေ လူ့မိတ်ဆွေ

## “ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်” အတွက် ဆိုင်းဘုတ်ကြီးဖြင့် အသိပေးနှိုးဆော်

**ရန်ကုန် နိုဝင်ဘာ ၂၁**
ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် “ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်” ကျင်းပမည့် နေ့ရက်/နေရာတို့ကို ဖော်ပြထားသည့် အသိပေးစာတန်းပါ ဗီနိုင်းဆိုင်းဘုတ်ကြီးကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ ရှေ့ထောင့်၌ တစ်နေရာနှင့် သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းထောင့်၌ တစ်နေရာ စုစုပေါင်းနှစ်နေရာတို့၌ အများပြည်သူတို့ သိရှိနိုင်ရန် အသိပေးနှိုးဆော်ထားကြောင်း တွေ့ရသည်။

ခေတ်ပြိုင် သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ ပထမထပ်ခန်းမဆောင်၌လည်းကောင်း၊ ဆောင်းရာသီစာအုပ် ဈေးရောင်းပွဲတော်ကို မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၏ စီစဉ်မှုဖြင့် အဆိုပါစက်ရုံ ပထမထပ်ခန်းမဆောင် ပြင်ပပတ်လမ်းနှင့်စက်ရုံမြေညီထပ်ပတ်လမ်းတို့၌လည်းကောင်း စာအုပ်ဆိုင်ခန်းပေါင်း ၂၀၀ ကျော် ဖွင့်လှစ်ကာ ဒီဇင်ဘာ ၁ ရက်မှ ၄ ရက်အထိ လေးရက်တိုင်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကိုချစ်)**

## ပြည်တွင်းရေးရာ

### ပြည်ထောင်စုလွှတ်တော်မှ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ၏ ဈေးကွက်ငွေလဲလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် အနိမ့်ဆုံး ၉၆၁ ကျပ်နှင့် အမြင့်ဆုံး ၁၀၉၄ ကျပ်ရှိခဲ့ပါကြောင်း။

အမေရိကန်ဒေါ်လာ အားကောင်းခိုင်မာလာခြင်းကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မြန်မာကျပ်ငွေမှာ ၁၂ ဒသမ ၇ ရာခိုင်နှုန်း တန်ဖိုးကျဆင်းခဲ့ပြီး အခြားနိုင်ငံခြားငွေကြေး တန်ဖိုးများလည်း ကျဆင်းခဲ့ပါကြောင်း၊ နိုင်ငံ၏ ကုန်သွယ်မှုလိုငွေမြင့်မားလာသည်နှင့်အမျှ အမေရိကန်ဒေါ်လာ လိုအပ်ချက်များပြားလာခြင်းသည် မြန်မာကျပ်ငွေ တန်ဖိုးကျဆင်းရခြင်း၏ အကြောင်းတစ်ရပ်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွဲ့စည်းတည်ဆောက်ထားမှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကုန်တွင် နိုင်ငံပိုင်ဘဏ်(၄)ဘဏ်၊ ပုဂ္ဂလိကဘဏ်(၂၂)ဘဏ်၊ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲ(၃၇)ရုံး၊ ငွေရေးကြေးရေးကုမ္ပဏီ (၉)ခု၊ Money Changer လုပ်ငန်း(၂၄၁)ခု၊ အာမခံကုမ္ပဏီ(၁၅)ခု၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း(၂၂၆)ခုဖြင့် ဖွဲ့စည်းထားရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍသည် ခေတ်မီလာပြီး လျင်လျင်မြန်မြန်တိုးတက်လျက်ရှိပါကြောင်း၊ ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးအတွက် ဗဟိုဘဏ်၏ ဆောင်ရွက်ချက်အစီရင်ခံစာအရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းတွင် ဘဏ်၏ငွေရေးကြေးရေးကုမ္ပဏီများ၏ နှစ်စဉ်ဝင်ငွေရရှိမှုသည် တိုးတက်လျက်ရှိသည်ကို တွေ့ရပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စရပ်နှစ်ခုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

### ပြည်သူ့လွှတ်တော်မှ

ပြင်ပတွင် ရောင်းချနေခြင်းများ ရှိ၊ မရှိကို လေ့လာဆန်းစစ်၍ ကန်ထရိုက်ရယူထားသည့် ပုံနှိပ်လုပ်ငန်းများနှင့် ဆက်စပ်မှု ရှိ၊ မရှိတို့ကို စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့အတူ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ) ဦးရွှေလှဝင်း၊ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စောတို့၏ ပညာရေးဆိုင်ရာမေးခွန်းများကိုလည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ဥပဒေကြမ်းကော်မတီက ၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း၊ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့် အစီရင်ခံစာများကို တင်သွင်းရာ လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းများနှင့်ပတ်သက်၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးနိုင်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

**(သတင်းစဉ်)**

### အမျိုးသားလွှတ်တော်မှ

စက်ရေတွင်းတူးဖော်ခြင်း၊ လက်တူးတွင်းများ တူးပေးခြင်း၊ မိုးရေကန်များ တည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်း၊ စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဧရာဝတီမြစ်ရေတင် ကျေးလက်ရေပေးရေး ပိုက်လိုင်းများမှ လက်လှမ်းမီရာ နီးစပ်သည့် ကျေးရွာများအနေဖြင့် ပိုက်လိုင်းသွယ်တန်းလိုပါက ပိုက်လိုင်းသွယ်တန်းရမည့် အကွာအဝေး၊ ရေရောက်ရှိနိုင်မည့် နိမ့်မြင့် ကွာခြားမှု၊ တိုးချဲ့ရေပေးဝေနိုင်မည့် ပမာဏတို့ကို ကွင်းဆင်းတိုင်းတာတွက်ချက်၍ ဖြစ်နိုင်ခြေနှင့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး တိုးချဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်တို့၏ တာတမံ၊ ကျေးရွာချင်းဆက်လမ်းနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးပြောကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို နိုဝင်ဘာ ၂၂ ရက်တွင် ကျင်းပသွားရန်လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

## သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒွါဒသမအစည်းအဝေး ပထမနေ့ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒွါဒသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော်က တင်သွင်းလျှောက်ထားသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြသည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာ့ရေးရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်များက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

အဆိုပါသတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဒွါဒသမအစည်းအဝေး ဒုတိယနေ့ကို နိုဝင်ဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များအား(ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး)-ဒေါ်ခင်သန်းနွဲ့၊ (ဗိုလ်ချုပ်ကြီးစိုးဝင်း)-ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း(ငြိမ်း) - ဒေါ်မာလာတင့်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး (ငြိမ်း)-ဒေါ်ခင်နှင်းဝေ၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း(ငြိမ်း)-(ဒေါ်စန်းရီ)၊ (ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို)-ဒေါ်ခင်လေးမြင့်၊ ဗိုလ်ချုပ်တင်ငွေ(ငြိမ်း)-ဒေါ်နန်းခင်လှဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် (ငြိမ်း)-ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစုတို့က တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

## ၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၁**

၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ရောင်းချရန် ခင်းကျင်းပြသထားသည့် ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများအား လာရောက်ကြည့်ရှုရွေးချယ်မှတ်သားကြသည့် ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

ပြပွဲဒုတိယနေ့တွင် နံနက်ပိုင်းမှစ၍ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချရန် သတ်မှတ်ဇရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲပေါင်း ၄၃၉



**ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများအား ကြည့်ရှုရွေးချယ်နေကြစဉ်။** (သတင်းစဉ်)

တွဲနှင့် ကျောက်စိမ်းအတွဲပေါင်း ၅၉၈၈ တွဲအား မိမိတို့စိတ်ကြိုက် လှည့်လည်ကြည့်ရှုရွေးချယ်မှတ်သားကြရာ ပြပွဲဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို လိုက်လံကြီးကြပ်ကူညီဆောင်ရွက်ပေးကြသည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် လက်ဝတ်ရတနာအရောင်းဆိုင်များလည်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ကြည့်ရှုလေ့လာဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုကျင်းပသည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ နိုဝင်ဘာ ၂၂ ရက်တွင် ကျောက်မျက် ၃၀၇ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်မျက် ၁၃၂ တွဲကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် နိုဝင်ဘာ ၂၃ ရက်တွင် ကျောက်စိမ်းအတွဲ ၁၂၀၀၊ နိုဝင်ဘာ ၂၄ ရက်တွင် ကျောက်စိမ်းအတွဲ ၁၂၀၀၊ နိုဝင်ဘာ ၂၅ ရက်တွင် ကျောက်စိမ်းအတွဲ ၁၂၀၀၊ နိုဝင်ဘာ ၂၆ ရက်တွင် ကျောက်စိမ်းအတွဲ ၁၂၀၀၊ ၊ နိုဝင်ဘာ ၂၇ ရက်တွင် ကျောက်စိမ်းအတွဲ ၁၁၂၂ တွဲ စုစုပေါင်းကျောက်စိမ်းအတွဲ ၅၉၂၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် ကျောက်စိမ်းအတွဲ ၃၅ တွဲနှင့် နိုဝင်ဘာ ၂၉ ရက်တွင် ကျောက်စိမ်းအတွဲ ၃၁ တွဲ စုစုပေါင်းကျောက်စိမ်းအတွဲ ၆၆ တွဲကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နေ့စဉ်နံနက် ၈နာရီခွဲမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

### ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မှ

ယနေ့နံနက်က ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာဝိဇယဓမ္မသဘင်၌ ကျင်းပသည့် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒွါဒသမအစည်းအဝေးတွင် ဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီးက ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဆိုင်ရာများ သီးသန့်လျှောက်ထားလွှာတွင် ထိုသို့ ထည့်သွင်းတင်ပြလျှောက်ထားခဲ့ခြင်းဖြစ်သည်။

ကျိုက်ထီးရိုးစေတီတော် ဝတ္တကမြေအတွင်း စည်းမျဉ်း စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်မှုမရှိသည့် စီးပွားရေးလုပ်ငန်းများကို တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာတရားရုံးများတွင် တရားစွဲဆိုဆောင်ရွက်သွားရန်နှင့် ခွင့်ပြုချက်မဲ့၊ ဥပဒေမဲ့လုပ်ဆောင်နေသည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့အား တည်ဆဲဥပဒေများဖြင့် တရားစွဲဆိုသွားရန် စီမံဆောင်ရွက်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက တင်ပြလျှောက်ထားခဲ့သည်။

လက်ရှိကာလတွင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၌ ဘက်စုံပဒေသာပင်အလှူခံဌာနတစ်ခုတည်းသာ ဖွင့်လှစ်ဆောင်ရွက်ထားပြီး ရွှေသက်န်းကန်ထရိုက်လုပ်ငန်း၊ အလှူခံပုံး စသည့် ကန်ထရိုက်စာချုပ်စနစ်များကို ပယ်ဖျက်ခဲ့သည်။

ထို့အပြင် ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ ပြည်သူအများ အခမဲ့တည်းခိုနိုင်ရေးအတွက် တည်းခိုဆောင် ကန်ထရိုက်စာချုပ်စနစ်ကိုလည်း ပယ်ဖျက်၍ တိဿဓမ္မာရုံ၊ သီဟဆောင်စသည်တို့ရှိ အခန်း ၃၅ ခန်းတွင် ဘုရားဖူး ၁၂၇၉ ဦး၊ တိဿဓမ္မာရုံ၊ ပေ ၄၀ ဓမ္မာရုံ စသည့် ဓမ္မာရုံနှင့် တည်းခိုဆောင်တို့ရှိ အခန်း ၄၃၃ ခန်းတွင် ဘုရားဖူး ၁၅၆၀ ဦး တည်းခိုနိုင်ရေးစီမံဆောင်ရွက်ထားကြောင်း သိရသည်။

အခပေးတည်းခိုဆောင်များတွင် တည်းခိုရာတွင်လည်း Air-con၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်များ ဝန်ဆောင်မှုပေး၍ တစ်ဦးလျှင် ကျပ် ၅၀၀၀၊ ကျပ် ၁၀၀၀၀၊ ကျပ် ၁၅၀၀၀ စသည်ဖြင့် ယခင်နှုန်းထားများထက် များစွာ လျှော့နည်းသက်သာသော နှုန်းထားသတ်မှတ်၍ တည်းခိုနိုင်အောင် စီစဉ်ဆောင်ရွက်ထားသည်။

ယမန်နှစ် တောင်တော်ဖွင့်ပွဲတွင် အလှူငွေ ကျပ် ၁၂၇ သိန်းရရှိခဲ့ပြီး ယခုနှစ် တောင်တော်ဖွင့်ပွဲတွင် အလှူငွေကျပ် ၈၄၄ သိန်း၊ ယခင်နှစ် ရွှေဆိုင်းအရောင်းလုပ်ငန်းကို ကန်ထရိုက်စနစ် ကျင့်သုံးစဉ်က လေလံကြေးတစ်နှစ်စာ ငွေကျပ် ၆၃၈ သိန်းကျော် ရရှိခဲ့ပြီး ယခုနှစ်ပွဲတော်ကာလတွင် အောက်တိုဘာ ၁၆ ရက်မှ ၃၁ ရက်အထိ (၁၆ ရက်ကာလအတွင်း)ငွေကျပ် ၆၂၉ သိန်းကျော် ရရှိခဲ့ကြောင်း သိရသည်။

ထို့အတူ ရင်ပြင်တော် အလှူခံပုံးများတွင် ယခင်နှစ်က ငွေကျပ် ၄၀၈ သိန်းရရှိခဲ့ပြီး ယခုနှစ် အောက်တိုဘာ ၁၆ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ (၂၇ ရက်အတွင်း) ငွေကျပ် ၄၂၂ သိန်းရရှိသဖြင့် ငွေကျပ် ၁၄ သိန်းပိုမိုရရှိခဲ့ကြောင်း၊ ဆည်းလည်းအရောင်းလုပ်ငန်းကို ကန်ထရိုက်စနစ် ကျင့်သုံးစဉ်က ငွေကျပ် ၁၆၇ သိန်းကျော်ရရှိခဲ့ပြီး ယခုနှစ်၌ တစ်လအတွင်း အမြတ်ငွေကျပ် ၂၁ သိန်းကျော် ရရှိခဲ့ကြောင်း သိရသည်။

**သတင်း-ရီရီမြင့်၊ ဉမ္မာသန့်**

# ရွာပြန်ဖို့ရက် လက်ချိုးရေတွက်နေသူများ



သုံးလသားအရွယ် သမီးလေးကို နို့ချိုတိုက်ကျွေးရင်း ခင်ပွန်းသည်အတွက် စိုးရိမ်သောက ရောက်နေရသူက မရွှေလနီပါ။

အသက် (၂၀) ခန့်သာ ရှိသေးသည့် မရွှေလနီသည် လွန်ခဲ့သည့်လက ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် အောင်မင်္ဂလာကျေးရွာမှ ဘူးသီးတောင်မြို့သို့ သုံးလအရွယ် သမီးငယ်လေးကိုပိုက်ပြီး ထွက်ပြေးတိမ်းရှောင်လာသူတစ်ဦးဖြစ်သည်။

အောက်တိုဘာ ၉ ရက် ညက မရွှေလနီတို့ နေထိုင်သည့် ကျေးရွာအနီးရှိ နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးကို အကြမ်းဖက်သမားများက ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ကြသည်။

ယင်းတိုက်ခိုက်မှုဖြစ်စဉ်များကြောင့် အောင်မင်္ဂလာ၊ ဖားဝပ်ချောင်း၊ အောင်သာယာ စသည် ကျေးရွာများမှ ဌာနေတိုင်းရင်းသားများသည် ဘူးသီးတောင်နှင့် မောင်တောမြို့တို့သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

အဆိုပါအကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များကြောင့် မောင်တောင်မြို့နယ်ရှိ တိုင်းရင်းသားကျေးရွာများမှ ရွာသူရွာသားအချို့သည် ဘူးသီးတောင်မြို့ပေါ်သို့ ထွက်ပြေးလာခဲ့ကြသည်။ ဘူးသီးတောင်မြို့ပေါ် ရောက်ရှိလာသည့်အခါ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက အထက်တန်းကျောင်းတစ်ခုတွင် နေရာချထားပေးပြီး ကူညီစောင့်ရှောက်ပေးခဲ့ကြသည်။

"ကျွန်မယောကျ်ားက ရွာမှာနေခဲ့တယ်။ တည်ငြိမ်အေးချမ်းမှ ပြန်လာခဲ့ပါလို့ပြောတယ်။ ဒါပေမယ့် ဘယ်တော့ရွာပြန်ရမလဲတော့ မသိသေးဘူး"ဟု မရွှေလနီက ပြောသည်။

ဘူးသီးတောင်မြို့ပေါ်သို့ ရောက်ရှိလာသည့် နေရပ်စွန့်ခွာ ထွက်ပြေးလာရသည့် ဒုက္ခသည်များကို ယခုအခါ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့နေရာချပေးထားသည်။ ယခုအခါ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းတွင် ဖားဝပ်ချောင်း၊ စံပယ်ပင်ရင်း၊ အောင်မင်္ဂလာ၊ ပြာသာရွာ၊ ကင်းချောင်း၊ ငါးခူရ၊ ကံသာယာ စသည့် ရွာများမှ အိမ်ထောင်စု စုစုပေါင်း ၃၆ စု၊ ဒုက္ခသည် ၁၂၅ ဦး လာရောက်ခိုလှုံလျက်ရှိသည်။ ထွက်ပြေးတိမ်းရှောင်လာသူအများစုမှာ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြသည်။

"ကျွန်မက ကလေးငယ်လေးနဲ့ဖြစ်နေလို့ ထွက်လာတာပါ။ ဖြစ်နိုင်မယ်ဆိုရင် ရွာမှာပဲနေချင်တယ်။ လယ်တွေကို ဒီအတိုင်းထားခဲ့ရတာ။ စပါးတွေက ရိတ်ရတော့မယ်။ ဒီအတိုင်းပစ်ထားလို့ မဖြစ်ဘူး"ဟု မရွှေလနီက ပြောသည်။

"ဘူးသီးတောင်မြို့ကို လာရောက်ခိုလှုံနေတာ ဆယ်ရက်ရှိပြီး။ ဒီမှာနေရတာတော့ အဆင်ပြေပါတယ်" ဟု အောင်မင်္ဂလာရွာမှ မဝါဝါက ပြောသည်။

ဖားဝပ်ချောင်းကျေးရွာမှ အသက် (၇၅) နှစ်ရှိ ဒေါ်ခင်သန်းနုသည်လည်း မြေးမြစ်တစ်စုနှင့်အတူ အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်းသို့ လာရောက်ခိုလှုံလျက်ရှိသည်။

ဘူးသီးတောင် အလိုတော်ပြည့်ကျောင်းတိုက်တွင် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် တိမ်းရှောင်လာသူများကို စနစ်တကျ နေရာချထားပေးလျက်ရှိကြောင်း၊ အစိုးရက ထောက်ပံ့သည့် ပစ္စည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ထောက်ပံ့မှုများကို လက်ဝယ်အရောက် ဖြန့်ဖြူးပေးအပ်လျက်ရှိကြောင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများက လာရောက်ထောက်ပံ့မည်ဆိုလျှင်လည်း လက်ခံမည်ဖြစ်ကြောင်း ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်လတ်က ပြောကြားသည်။

ယခုလောလောဆယ် အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းတွင် ရောက်ရှိနေသည့် နေရပ်စွန့်ခွာလာသူများသည် မိမိတို့ရွာများသို့ ပြန်နိုင်မည့်ရက်ကို လက်ချိုးရေတွက်လျက်ရှိပြီး အမြန်ဆုံးပြန်နိုင်ပါစေဟု ဆုတောင်းနေကြသည်။

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-အေဝမ်းစိုး**

## အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနပိုင် ငမိုးရိပ်ရေလှောင်တမံ ပင်မရေပေးမြောင်းပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် ဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်စဉ်ကာလအတွင်း ညောင်နှစ်ပင်ရေသန့်စင်စက်ရုံသို့ ရေဝင်ရောက်မှုပြတ်တောက်မည်ဖြစ်ပါ၍ ညောင်နှစ်ပင်ရေသန့်စင်စက်ရုံမှ ရေပေးဝေလျက်ရှိသော မင်္ဂလာဒုံ၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊သင်္ဃန်းကျွန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ သာကေတ၊ ဒေါပုံ၊ မရမ်းကုန်း၊ ရန်ကင်း၊ ဗဟန်း၊ ဒဂုံ၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်နှင့် ရန်ကုန်မြို့တွင်း မြို့နယ်များတွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီမှ နိုဝင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီအထိ ရေပြတ်တောက်မှုနှင့် ရေအားလျော့နည်းမှုများဖြစ်ပေါ်မည်ဖြစ်ပါ၍ ရေကြိုတင်စုဆောင်းသုံးစွဲနိုင်ပါရန် အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# မောင်တောရှိ တိုင်းရင်းသားများ၏ စပါးခြွေလှေ့မှုလုပ်ငန်း အဆင်ပြေရန် ကူညီဆောင်ရွက်ပေးလျက်ရှိ

**မောင်တော နိုဝင်ဘာ ၂၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ တိုင်းရင်းသားများ၏ မိုးစပါးခြွေလှေ့မှုများကို ရခိုင်လူမှုစီးပွားတိုးတက်ရေးအဖွဲ့(ART) က ခြွေလှေ့စက်များဖြင့် ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

"တိုင်းရင်းသားကျေးရွာတွေက လယ်သမားတွေရဲ့ ငွေကြေးကုန်ကျမှုသက်သာစေဖို့နဲ့ လုပ်ငန်းခွင်အဆင်ပြေဖို့ အခုရိတ်သိမ်းနေတဲ့ မိုးစပါးကိုလတ်တလော ခြွေလှေ့မှုအပိုင်းမှာ ကျွန်တော်တို့ တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးနေတာပါ။ မောင်တောမြို့နယ်မှာရှိတဲ့ တိုင်းရင်းသားကျေးရွာတွေမှာ လက်လှမ်းမီသလောက် ဆောင်ရွက်ပေးနေပါတယ်။ ဒီခြွေလှေ့စက်က တစ်နေ့ကို ကောက်လှိုင်းစည်း အနည်းဆုံး ၁၅၀ ကျော်တော့ပြီးပါတယ်။ ဒီခြွေလှေ့စက်နဲ့က ငွေကြေးကုန်ကျမှုတင်မကဘဲ အချိန်အနေနဲ့လည်း အများကြီးသက်သာပါတယ်"ဟု ရခိုင်လူမှုစီးပွားတိုးတက်ရေးအဖွဲ့ (ART)မှ ဥက္ကဋ္ဌ ဦးဘအေးက ပြောသည်။

ရခိုင်လူမှုစီးပွားတိုးတက်ရေးအဖွဲ့က လတ်တလော အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသော တိုင်းရင်းသား လယ်သမားများ စပါးခြွေလှေ့မှုတွင် တစ်ရက်စက်သုံးဆီဖိုး ငွေကျပ် တစ်သောင်းနှင့် အလုပ်သမားတစ်ဦးတစ်နေ့တာ လုပ်အားခသာ ပေးဆောင်ရခြင်းကြောင့် ဒေသခံတောင်သူများအနေဖြင့် ယခင်ကကဲ့သို့ ကျွဲ၊ နွားများဖြင့် စပါးခြွေလှေ့မှုများက ကင်းလွတ်ခဲ့ပြီး အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နိုင်သည့် အကျိုးရလဒ်များ ရရှိခံစားရကြောင်း သိရသည်။

"အခုလိုကူညီတော့ ကျွန်တော်တို့လို ကျွဲ၊ နွားမရှိတဲ့ လယ်သမားတွေအတွက် ပိုအဆင်ပြေပါတယ်။ မနှစ်ကဆို စပါးနယ်၊ ခြွေလှေ့တာကအစ ကျွဲ၊ နွား ငှားပြီး လုပ်ခဲ့ရတယ်။ ငှားရမ်းလုပ်ရတာကလည်း သူတို့အားမှ အသုံးပြုလို့ရတာဖြစ်တော့ စပါးတစ်ဇကေ ပြီးဖို့ဆိုရင် ရက်တော်တော်လေးကြာပါတယ်။ အခုလို စက်နဲ့ ခြွေလှေ့ရတာဆိုတော့ ကုန်ကျစရိတ်သက်သာ၊ လူလည်းသက်သာ၊ အချိန်လည်း သိပ်အကြာကြီး မစောင့်ရတော့ လုပ်ငန်းအမြန်ပြီးစီးပါတယ်။ ပြီးတော့ မိုး၊ လေလည်း မကြောက်ရတော့ဘူး"ဟု သရေကုန်းဘောင်ကျေးရွာမှ ဦးကျော်အေးသာက ဆိုသည်။

ရခိုင်လူမှုစီးပွားတိုးတက်ရေးအဖွဲ့က လတ်တလော စပါးခြွေလှေ့မှုလုပ်ငန်းများကို မောင်တောခရိုင်အတွင်းရှိ တိုင်းရင်းသားကျေးရွာများဖြစ်သော ကင်းချောင်း၊ အောင်ဇေယျ၊ သရေကုန်းဘောင်၊ ခရေမြိုင်၊ ကိုင်းကြီး၊ မောရဝတီ၊ ဝေသာလီ၊ ရွှေဗဟိုလ်၊ ဥဒေါင်း(စံပြ)နှင့် သရီးကုန်ဘောင်(သစ်) စသည့် ကျေးရွာတို့တွင် ကူညီလုပ်ကိုင်ပေးလျက်ရှိသည်။

"အခုလို ခြွေလှေ့ပေးတဲ့ လုပ်ငန်းသာမဟုတ်ဘဲ လယ်ထွန်ပေးတာကိုလည်း ၂၀၁၅ ခုနှစ်ကတည်းကစပြီး လုပ်ပေးခဲ့ပါတယ်။ ခြွေလှေ့ပေးတဲ့ လုပ်ငန်းကတော့ ဒီနှစ်မှစတာပါ။ ခြွေလှေ့စက်တွေကိုတော့ တောင်သူတွေ လက်ထဲအပ်လိုက်တာ မဟုတ်ပါဘူး။ ကျွမ်းကျင်တဲ့ စက်ဆရာ ငှားထားပါတယ်။ အဲဒီစက်ဆရာလုပ်ခနဲ့ စက်ဆီဖိုးကို သူတို့ ပေးရပါတယ်။ ဒါတွေကလည်း ကျွန်တော်တို့အဖွဲ့အနေနဲ့ တတ်နိုင်တာလေးတွေကို ကူညီလုပ်ဆောင်ပေးတာဖြစ်ပါတယ်။ ဒေသခံတိုင်းရင်းသားတွေ အဆင်ပြေအောင် တစ်ခုပြီးတစ်ခု အဆက်မပြတ် လုပ်ဆောင်ပေးသွားဖို့ ရှိပါတယ်"ဟု ဦးဘအေးက ဆိုသည်။

အောင်ဇေယျကျေးရွာမှ ဒေသခံတောင်သူ ဦးအောင်သာကျော်က "ကျွန်တော် ဒီနှစ်စပါးစိုက်တာ စုစုပေါင်း ၁၅ ဧကခန့်ရှိပါတယ်။ လောလောဆယ် ခြွေလှေ့စက်က အလှည့်မရသေးလို့ စာရင်းတော့ ပေးထားပါတယ်။ အလှည့်ကျရင် ဆက်သွယ်မယ် ပြောပါတယ်။ အခု နွားနဲ့ပဲ စပါးနယ်နေရတယ်။ စက်နဲ့ အားသာချက်က စပါးတလင်းလုပ်စရာ မလိုဘူး။ ကျွဲ၊ နွားနဲ့ နယ်တဲ့အလုပ်ကတော့ စပါးတလင်းရှိမှ အဆင်ပြေတာပါ။ ပြီးတော့ လှေ့ဦး၊ ပြာဦးနဲ့ အလုပ်ရှုပ်ပါတယ်။ စက်နဲ့ကတော့ အလုပ်လည်းနည်းတယ်။ အချိန်လည်း သက်သာပါတယ်။ အခုလိုကူညီပေးတဲ့ အဖွဲ့တွေများရင်တော့ ကျွန်တော်တို့ တောင်သူတွေအတွက် ပိုအဆင်ပြေပါတယ်"ဟု ပြောသည်။

ရခိုင်လူမှုစီးပွားတိုးတက်ရေးအဖွဲ့က နွားအစာကျွေးရန် ထိုင်းမြက်များကိုလည်း စိုက်ပျိုးထားပြီး ရွာများသို့ မျိုးအနေဖြင့် ဖြန့်ခွဲပေးလျက်ရှိကြောင်း၊ ထိုင်းမြက်သုံးပင်သည် နွားတစ်ကောင်အတွက် တစ်ရက်စာ လုံလောက်ကြောင်း၊ အသားစားကြက်နှင့် အိမ်ကြက်နှစ်မျိုးကို စမ်းသပ်မျိုးစပ်ပြီး မွေးမြူထားကြောင်း၊ မျိုးစပ်ကြက်များကို ကျေးရွာများသို့ အခမဲ့ ဖြန့်ခွဲပေးသွားမည်ဖြစ်ကြောင်း၊ ဝက်မွေးမြူခြင်း၊ ငါးမွေးမြူခြင်း၊ ဆိတ်မွေးမြူခြင်း စသည့်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်နှင့်အဖွဲ့**
**ဓာတ်ပုံ-မင်းထက်၊ ဖိုးထောင်**



ရခိုင်လူမှုစီးပွားတိုးတက်ရေးအဖွဲ့ (ART)က အခမဲ့ စက်ဖြင့် စပါးခြွေလှေ့ပေးနေသည်ကို တွေ့ရစဉ်။

ပြည်တွင်းရေးရာ

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် မင်းပြား၊ မြောက်ဦးနှင့် ရသေ့တောင်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ရခိုင်ပြည်နယ်၌ ရောက်ရှိနေသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်အတူ ယနေ့တွင် မင်းပြားတပ်နယ်၊ မြောက်ဦးတပ်နယ်နှင့် ရသေ့တောင်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများအား သက်ဆိုင်ရာတပ်နယ်ခန်းမများ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲများတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က "စည်းကမ်းသည် တပ်မတော်၏ အသက်ခန္ဓာ" ဖြစ်သဖြင့် အရာရှိ၊ စစ်သည်များ၊ တပ်မိသားစုဝင်များသည် တပ်မတော်မှ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာရန် လိုအပ်ကြောင်း၊ တစ်ဦးချင်းစည်းကမ်းလိုက်နာခြင်းမှသည် တပ်ဖွဲ့အလိုက်၊ ၎င်းမှ တပ်ရင်းအလိုက်၊ တပ်နယ်အလိုက် လိုက်နာဆောင်ရွက်သွားပါက ခိုင်မာသော တပ်တွင်းစည်းလုံးမှုရရှိမည်ဖြစ်သကဲ့သို့ တပ်ပြင်စည်းရုံးမှုပါ ရရှိမည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားများ၏ ကိုယ်ရောစိတ်ပါ တပ်မတော်အပေါ် အားကိုးယုံကြည်မှုရှိချိန်တွင် တန်ဖိုးမဲ့မဖြစ်စေရေး တပ်ပြင်စည်းရုံးရေးထိခိုက်စေမည့် အပြုအမူမျိုးကိုလည်း အထူးရှောင်ကြဉ်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မင်းပြားတပ်နယ်၊ မြောက်ဦးတပ်နယ်နှင့် ရသေ့တောင်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ကျော်ဇောနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက အရာရှိ၊ စစ်သည် မိသားစုများအတွက် အားကစားပစ္စည်းများနှင့် သုတ၊ ရသ၊ စာအုပ်စာစောင်များ ပေးအပ်သည်။

တွေ့ဆုံပွဲများအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်နယ်များမှ အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် အမှတ်(၄) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အလယ်သံကျော်သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အလယ်သံကျော်နှင့် ပင်လယ်ကမ်းခြေဒေသလုံခြုံရေးဆောင်ရွက်ထားမှုအခြေအနေများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် ရည်မှန်းချက်တာဝန်များ ချမှတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်ပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြောက်ဦးတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပေါက်ကွဲစေတတ်သော လက်လုပ်ပစ္စည်းများကြောင့် လေးကြိမ်တိုင်ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ဒေါပုံမြို့နယ်ရှိ Capital Hypermarket ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၂၁**

နိုဝင်ဘာ ၂၀ ရက် ညနေပိုင်းက ဒေါပုံမြို့နယ်ရှိ Capital Hypermarket တွင် ပေါက်ကွဲမှုဖြစ်စေသည့် လက်လုပ်ပစ္စည်းများကြောင့် ပေါက်ကွဲမှုလေးကြိမ်တိုင်ဖြစ်ပွား၍ စစ်ဆေးရှင်းလင်းမှုများ ပြုလုပ်ခဲ့ရပြီး သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ခွင့်ပြုချက်ဖြင့် ယနေ့မွန်းလွဲ ၂ နာရီမှ စတင်၍ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



ပထမထပ် အသေးစားပေါက်ကွဲမှုဖြစ်ပွားသည့် ပလတ်စတစ်ပစ္စည်းများထားသည့်နေရာအား ပြသစဉ်။

Capital Hypermarket ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ရန်အတွက် သက်ဆိုင်ရာမှ ခွင့်ပြုချက်ရခဲ့ကြောင်း အဆိုပါ Market မှ တာဝန်ရှိသူများက ယနေ့ နံနက် ၁၁ နာရီက သတင်းစာရှင်းလင်းပွဲပြုလုပ်၍ သတင်းမီဒီယာများအား ပြောကြားခဲ့သည်။

Capital Hypermarket ၏ General Manager ဒေါ်သွယ်သွယ်မိုးက "မနေ့ကညနေ ၅ နာရီ ၃၅ မိနစ်မှာ ကျွန်မတို့ Capital မှာ အသေးစားပေါက်ကွဲမှုတွေ အနည်းငယ်ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ဈေးဝယ်သူတွေရဲ့ လုံခြုံရေးအခြေအနေကြောင့် ကျွန်မတို့ ပိတ်လိုက်ပါတယ်။ ဒီကိစ္စမှာ လက်လုပ်ပစ္စည်းတွေကြောင့် ပေါက်ကွဲမှုဖြစ်ပွားရခြင်းဖြစ်ပါတယ်။ သက်ဆိုင်ရာကလည်း လက်ရှိဖြစ်စဉ်အပေါ် စစ်ဆေးသုံးသပ်ပြီး အန္တရာယ်ကင်းရှင်းတယ်ဆိုတာကြောင့် ဒီနေ့မွန်းလွဲ ၂ နာရီမှာ ပြန်လည်ဖွင့်လှစ်မှာဖြစ်ပါတယ်"ဟု ပြောသည်။

ဈေးဝယ်စင်တာ၏ မြေညီထပ်နှင့် ပထမထပ် လေးနေရာတို့တွင် မိနစ်အနည်းငယ်စီခြား၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ယင်းဖြစ်စဉ်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၁၈၀၀၀၀ ဆုံးရှုံးခဲ့ရကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အသေးစားပေါက်ကွဲမှု ဖြစ်စဉ်အတွင်းဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ Capital ၏ အုပ်ချုပ်မှုဌာနမန်နေဂျာ ဦးနိုင်ဦးက "စပေါက်ကွဲမှုဖြစ်တာက ညနေ ၅ နာရီခွဲလောက်မှာပါ။ ၁၀ မိနစ်၊ ၁၅ မိနစ်လောက်ခြားပြီး လေးကြိမ်ဖြစ်တယ်။ ကျွန်တော်တို့က ဝန်ထမ်းတွေနဲ့ ဈေးဝယ်သူတွေ အန္တရာယ်ကင်းအောင် အပြင်ကို အရင်ဆုံးထုတ်တယ်။ နောက် စင်တာကို ပိတ်လိုက်တယ်။ နောက် သက်ဆိုင်ရာက ရောက်လာပြီးတော့ တစ်ညလုံး ကျွန်တော်တို့ ဒီနေရာတစ်ခုလုံးကို မိုင်းရှာခွေးတွေနဲ့ ရှာတယ်။ နောက် လူနဲ့လည်း ရှာတယ်။ တစ်ညလုံးစစ်ဆေးတဲ့ ရလဒ်အရ ရှင်းလင်းကြောင်း မှတ်ချက်ပေးလို့ သတင်းစာရှင်းလင်းပွဲလုပ်တာပါ" ဟု ပြောသည်။

Capital Hypermarket တွင် CCTV ကင်မရာအလုံး ၁၀၀ နှင့် ၁၅၀ အထိ တပ်ဆင်ထားပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါပုံမြို့နယ်ရဲစခန်းတွင် အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

အမှုဖွင့်လှစ်ထားသည့် အခြေအနေနှင့်ပတ်သက်၍ Capital Hypermarket အကြီးတန်းမန်နေဂျာ ဦးဇော်ဦးက"မနေ့က ဖြစ်တဲ့နေရာတွေမှာ CCTV ရှိပါတယ်။ တာဝန်ရှိသူတွေ ဆက်လက်စစ်ဆေးနေပါတယ်။ ဒေါပုံရဲစခန်းက တာဝန်ရှိသူတွေက သူတို့ စစ်ဆေးချင်တဲ့သူတွေကိုပြောလာရင် ကျွန်တော်တို့ စေလွှတ်ပေးရပါတယ်။ အများပြည်သူနဲ့ သက်ဆိုင်တာမို့လို့ သက်ဆိုင်ရာရဲဌာနကပဲ အမှုဖွင့်တာပါ။ တကယ်လို့ ကျွန်တော်တို့ကို ပြောင်းလဲအမှုဖွင့်ဖို့ ညွှန်ကြားလာရင် ကျွန်တော်တို့ ပြောင်းလဲအမှုဖွင့်သွားမှာပါ" ဟု ပြောသည်။

ပြန်လည်ဖွင့်လှစ်ထားသည့် Capital Hypermarket တွင် ဈေးဝယ်သူများ ပိုမိုလုံခြုံမှုရှိစေရန်အတွက် ပို့င့်အလိုက်လုံခြုံရေးများ၊ CCTV ကင်မရာများ ပိုမိုထားရှိမည်ဖြစ်ပြီး ဝင်ပေါက်၊ ထွက်ပေါက်လုံခြုံရေးပိုင်းအား ပိုမိုတိုးမြှင့်ထားကြောင်း သိရသည်။

အသေးစားပေါက်ကွဲမှုဖြစ်စဉ်၏ အကြောင်းရင်းနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် "ဖြစ်စဉ်ကို ကြည့်ပြီးတော့ အသံနဲ့ ထိတ်လန့်အောင် ခြောက်လှန့်တာမျိုးဖြစ်လိမ့်မယ်ဆိုပြီးတော့ သက်ဆိုင်ရာတာဝန်ရှိသူတွေက ကောက်ချက်ချထားတယ်။ ဘာကြောင့် ထိတ်လန့်အောင် ဒီလိုလာလုပ်သလဲဆိုတာတော့ ကျွန်မတို့ မသိနိုင်ပါဘူး" ဟု General Manager ဒေါ်သွယ်သွယ်မိုးက ဖြေကြားသည်။

Capital Hypermarket ၏ တာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး ထုတ်ပြန်ချက်တွင် ပေါက်ကွဲစေတတ်သော လက်လုပ်ပစ္စည်းများကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်ဟု သံသယဖြစ်ဖွယ်တွေ့ရှိရပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြန်လည်ဖွင့်လှစ်ရန် ခွင့်ပြုခဲ့ခြင်းကြောင့် ယနေ့မွန်းလွဲ ၂ နာရီမှ စတင်၍ ပုံမှန်ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ပါရှိသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

**✻ ၂၀၁၆ ဆူဇူကီးပြိုင်ပွဲမှ**

ဆီမီးတက်ရေးမျှော်လင့်ချက်အတွက် အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။

ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပလျက်ရှိသော အုပ်စု(ခ)ဒုတိယနေ့ကို နိုဝင်ဘာ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်း၊ ညနေ ၆ နာရီတွင် အိမ်ရှင် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲဦးထွက်အနိုင်ရထားသည့် မလေးရှားနှင့်ဗီယက်နမ်အသင်းတို့မှာ ယခုပွဲအနိုင်ရပါက ဆီမီးတက်ရန် အခြေအနေကောင်းသွားမည်ဖြစ်ပြီး ရှုံးပွဲကြုံတွေ့ထားသည့် မြန်မာနှင့် ကမ္ဘောဒီးယားအသင်းတို့မှာ ယခုပွဲအနိုင်ရမှ ဆီမီးဖိုင်နယ်တက်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် ဗီယက်နမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ယခုပွဲတွင် ရုန်းကန်ရမည်ဖြစ်သည်။ ကမ္ဘောဒီးယားအသင်းသည် မလေးရှားအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးခဲ့သော်လည်း ပုံစံကောင်းပြသနိုင်ခဲ့ပြီး နှစ်ဂိုးသွင်းခဲ့သည့် ဗာသာနာကာအပါအဝင် တိုက်စစ်မှူးများမှာ လျင်မြန်ပြီး အရည်အချင်းရှိသူများဖြစ်ရာ သတိပြုရမည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ဗီယက်နမ်နှင့်ပွဲတွင် ကစားခဲ့သည့် ဒုတိယပိုင်းခြေစွမ်းအတိုင်းကစားနိုင်ပါက ကမ္ဘောဒီးယားအသင်းနှင့်ပွဲတွင် နိုင်ပွဲရယူနိုင်မည်ဖြစ်သည်။ ဆူဇူကီးဖလားပြိုင်ပွဲရလဒ်ဆိုးများမှ ရုန်းထွက်နိုင်ရန် မြန်မာအသင်းအနေဖြင့် ကမ္ဘောဒီးယားနှင့်ပွဲတွင် အမှားလုပ်၍ မရတော့ပေ။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# ခိုကိုးရာမဲ့အဘွားအိုအား သန်လျင်သဘာဝရိပ်သာသို့ ပို့ဆောင်ပေး

**ရန်ကုန် နိုဝင်ဘာ ၂၁**

သန်လျင်မြို့ မြို့မဈေးအနောက်ဘက်ရှိ ဝင်းဆေးကုခန်းရှေ့၌ အသက်အရွယ်ကြီး ခိုကိုးရာမဲ့အဘွားအိုတစ်ဦးရောက်ရှိနေကြောင်း၊ ယင်းအဘွားအိုမှာ လွန်ခဲ့သော ၄ ရက်က ရောက်ရှိခဲ့ကြောင်း မြို့မတော်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းဦး၏သတင်းပေးပို့မှုအရ နိုဝင်ဘာ ၂၁ ရက်က သန်လျင်မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးတင်ဝင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်တိုးနှင့် လူငယ်ပရဟိတအဖွဲ့ဝင်များက သန်လျင်သဘာဝတရားရိပ်သာသို့ ပို့ဆောင်ပေးခဲ့သည်။ ယင်းအဘွားအိုမှာ အသက်(၇၀)ခန့်ရှိ ဒေါ်ထားထားမြင့်(ခ)ဒေါ်ခင်မမဟု သိရပြီး ဒဂုံမြို့သစ်မြောက်ပိုင်းမှ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# သုံးမြွှာမွေးဖွားသည့်မိခင်အား ထောက်ပံ့ငွေပေးအပ်

**ပုသိမ် နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင် ဇီးမှော်ကျေးရွာနေ ဦးသက်ခိုင်ဦးနှင့် ဒေါ်သီတာဝင်းတို့က ဩဂုတ် ၃၁ ရက်တွင် မိန်းကလေးသုံးမွှာပူးအား ပုသိမ်မြို့အထွေထွေရောဂါကုဆေးရုံကြီး၌ မွေးဖွားပေးခဲ့သဖြင့် ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၁၈ ရက်တွင် သွားရောက်၍ ထောက်ပံ့ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းခဲ့သည်။ မိခင်ဖြစ်သူ ဒေါ်သီတာဝင်းက သုံးမွှာပူးမိန်းကလေး မွေးဖွားပြီးနောက်ပိုင်းမှာ မိခင်ရော ကလေးပါ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်းနှင့် ယခုကဲ့သို့ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ထောက်ပံ့သောငွေကြေးအား အတိုင်းမသိဝမ်းသာပါကြောင်း ပြောကြားခဲ့သည်။

**မြင့်ဟန်(IPRD)**

# မောင်တောဒေသသို့ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များ ဝင်ရောက်ခွင့်ပြု

**မောင်တော နိုဝင်ဘာ ၂၁**
လူသားချင်းဆိုင်ရာအကူအညီများပေးနိုင်ရန် မောင်တောဒေသသို့ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များ ဝင်ရောက်ခွင့်ပြုထားကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်အတွင်းရေးမှူး ဦးခင်မောင်ဆွေက ပြောသည်။

လက်ရှိဖြစ်ပေါ်နေသော သတင်းများအရ မောင်တောဒေသမြောက်ပိုင်းရှိ ကျေးရွာများတွင် နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီများမရရှိခြင်းအတွက် ပြည်သူများ ဒုက္ခရောက်နေသည်ဆိုသည့် ကောလာဟလသတင်းများလည်း ထွက်ပေါ်နေကြောင်း သိရသည်။

အကြမ်းဖက်မှုဖြစ်ပွားရာဒေသများသို့ နိုဝင်ဘာ ၃ ရက်တွင် နိုင်ငံတကာသံအမတ်ကြီးများနှင့် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်တို့ကို အမှန်တကယ်မြေပြင်တွင် ပကတိဖြစ်ပေါ်နေသည့် အခြေအနေများကို တာဝန်ရှိသူများက လိုက်လံပြသခဲ့သည်။

ပြည်နယ်အစိုးရအနေဖြင့် မောင်တောဒေသတွင် နိုဝင်ဘာ ၄ ရက်မှစပြီး WFP ကို လိုအပ်သော အကူအညီများပေးနိုင်ရန်အတွက် ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း၊ ထို့အပြင် ကုလသမဂ္ဂအဖွဲ့အစည်းများက နိုင်ငံတကာအကူအညီများ၊ ကျန်းမာရေးစောင့်ရှောက်မှုများအပါအဝင် ရေရရှိရေး၊ ကျောင်းသားလူငယ်များ စောင့်ရှောက်ရေးကိစ္စဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးခဲ့ကြောင်း ပြည်နယ်အတွင်းရေးမှူးထံမှ သိရသည်။

သို့ရာတွင် မောင်တောဒေသသို့ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များ ဝင်ရောက်ခွင့်ပြုသည်ဆိုသော်လည်း မောင်တောမြို့ပေါ်အထိသာ ခွင့်ပြုထားကြောင်း မောင်တောမြောက်ပိုင်းကျေးရွာများအထိ ဝင်ရောက်ခွင့်ပြုနိုင်ရန် ဒေသအာဏာပိုင်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လောလောဆယ်အခြေအနေတွင် နိုင်ငံတကာဝန်ထမ်းများ မောင်တောမြောက်ပိုင်းကျေးရွာများသို့ ဝင်ရောက်အကူအညီပေးနိုင်ရန် အခြေအနေရှုပ်ထွေးလာနိုင်သည့်အတွက် ခွင့်မပြုသေးကြောင်း ဒေသခံဝန်ထမ်းများမှတစ်ဆင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးနိုင်ရန်ခွင့်ပြုထားကြောင်း ပြည်နယ်အတွင်းရေးမှူး ဦးခင်မောင်ဆွေက ပြောသည်။

လက်ရှိအချိန်တွင် မောင်တောဒေသသို့ WFP၊ UNICEF၊ UNHCR၊ ICRC အစရှိသော နိုင်ငံတကာအဖွဲ့အစည်းအသီးသီးက လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးနိုင်ရန် ပြည်နယ်အစိုးရက ဝင်ရောက်ခွင့်ပြုထားကြောင်း သိရသည်။



**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-နေလင်း(သတင်းစဉ်)**

**❒ စစ်ဘေးရှောင်ပြည်သူများမှ**

အဆိုပါ စစ်ဘေးရှောင်ပြည်သူ ၂၆၃၆ ဦးအား မူဆယ်မြို့ပေါ်ရှိ နမ့်ခွန်ကျောင်း၊ မဟာဝန်မြောက်ကျောင်း၊ ဇေတဝန်ကမ္မဋ္ဌာန်းကျောင်း၊ အောင်မင်္ဂလာကျောင်းနှင့် ကချင်နှစ်ခြင်း ခရစ်ယာန်ကျောင်းများတွင် ယာယီကယ်ဆယ်ရေးစခန်း ငါးခုဖွင့်လှစ်၍ နေရာချထားပေးပြီး နေ့စဉ်ထမင်းထုပ်၊ ရေသန့်ဘူးနှင့် အချိုရည်များ အနွေးထည်နှင့် ခြုံစောင်များ ဝေငှပေးလျက်ရှိရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ် ၃၀၀၊ ခေါက်ဆွဲခြောက်ဖာ ၁၀၀၀၊ သေဆုံးသူတစ်ဦးလျှင် ငွေကျပ် ငါးသိန်းမှဆယ်သိန်း၊ ဒဏ်ရာရသူတစ်ဦးလျှင် ငွေကျပ်တစ်သိန်းမှ သုံးသိန်းနှုန်းနှင့် ကယ်ဆယ်ရေးပစ္စည်း ၄၇၅ စုံတို့အား ထောက်ပံ့ပေးအပ်ခဲ့သည့်အပြင် ယာယီဆေးခန်းများဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

**❍ ကျောဖုံးမှ**

ယမန်နေ့ ညနေ ၄ နာရီခန့်က KIA၊ TNLA ပူးပေါင်းလက်နက်ကိုင်အဖွဲ့များသည် ကွတ်ခိုင်မြို့နယ် အရှေ့မြောက်ဘက်မှ ၆၀ မမ စိန်ပြောင်းဖြင့် သုံးချက်ပစ်ခတ်ခဲ့ရာ ဗုံးသီးတစ်လုံးမှာ ကွတ်ခိုင်မြို့နယ်မြေ ၄၊ ရပ်ကွက် (၂)ရှိ ဒေါ်ဂွမ်းခေါန်၏နေအိမ် မီးဖိုချောင်အမိုးအား ဖောက်ဝင်ပြီး အုတ်နံရံအခြေရှိ မြေကြီးတွင် စိုက်ဝင်သွားခဲ့သော်လည်း ပေါက်ကွဲမှုမရှိကြောင်း၊ ကျန်ဗုံးသီးများမှာ ကွတ်ခိုင်မြို့တွင်း၌ ကျရောက်ပေါက်ကွဲခဲ့သော်လည်း လူထိခိုက်မှုမရှိကြောင်း၊ ၎င်းအဖွဲ့အား တပ်မတော်စစ်ကြောင်းများမှ ပြန်လည်ပစ်ခတ်ပြီး လိုက်လံရှင်းလင်းခဲ့ရာ ညနေ ၄ နာရီ ၁၀ မိနစ်ခန့်တွင် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားကြောင်း သိရသည်။

ထို့ပြင် ယမန်နေ့ည ၈ နာရီခန့်က ကွတ်ခိုင်မြို့နယ် နမ့်အွန်ကျေးရွာ အနောက်တောင်ဘက် လားရှိုး-မူဆယ် လမ်းမကြီးပေါ်ရှိ မိုင်တိုင် (၂၆၂/၂) တွင် KIA နှင့် TNLA ပူးပေါင်းအဖွဲ့များက ၂၂ ဘီး တွဲကားလေးစီး၊ ၁၂ ဘီးကားတစ်စီး၊ ဆီဘောက်ဆာ တစ်စီးတို့အား ခြိမ်းခြောက်၍ ကန့်လန့်ဖြတ်ရပ်တန့် လမ်းပိတ်ဆို့စေပြီး ကားသော့များ ယူဆောင်သွားခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက လမ်းကြောင်းရှင်းလင်းမှုများ ပြုလုပ်ခဲ့ရာ ယနေ့နံနက် ၉ နာရီတွင် လမ်းပွင့်ကာ ပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထို့အတူ ယမန်နေ့ည ၉ နာရီခွဲခန့်က နမ္မတူမြို့နှင့် မန်တုံမြို့အကြား မိုင်တိုင်အမှတ်(၉) အနီးမှ အလျား ၆၅ ပေရှိ နမ့်လာချောင်းကူးသစ်သားတံတားအား TNLA အဖွဲ့က မိုင်းဖောက်ခွဲ၍ မီးရှို့ဖျက်ဆီးခဲ့သဖြင့် တံတားကြမ်းခင်းအချို့ မီးလောင်ပျက်စီးခဲ့ပြီး ယာဉ်များသွားလာ၍မရကြောင်း သိရသည်။

ထို့ပြင် ယနေ့နံနက် ၆ နာရီခန့်ကလည်း မူဆယ်မြို့နယ် ကြူကုတ်(ပန်ဆိုင်း) နယ်မြေရဲကင်းစခန်းအား KIA၊ TNLA၊ MNDAA ပူးပေါင်းလက်နက်ကိုင်အဖွဲ့အင်အား (၁၀၀)ခန့်က ရဲစခန်း၏အနောက်ဘက် တောင်ကုန်းပေါ်မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ၁၀ မိနစ်ခန့် လာရောက်ပစ်ခတ်သဖြင့် တပ်မတော်စစ်ကြောင်းက လက်နက်ကြီးဖြင့် ပြန်လည်ပစ်ခတ်ပြီး လိုက်လံရှင်းလင်းရာ ၎င်းအဖွဲ့မှာ တောင်ဘက်သို့ ဆုတ်ခွာသွားကြောင်း သိရသည်။

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသတွင် KIA၊ TNLA၊ MNDAA ပူးပေါင်းလက်နက်ကိုင်အဖွဲ့များသည် တပ်/ရဲစခန်းများအား ပစ်ခတ်တိုက်ခိုက်မှုအပြင် လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးပိတ်ဆို့ခြင်းများ ပြုလုပ်လာသဖြင့် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# တရုတ်နိုင်ငံ ရွှေလီမြို့ ကြက်ခြေနီအသင်းမှ စစ်ဘေးရှောင်ပြည်သူများအတွက် ဆန်၊ မိုးကာ၊ အနွေးထည်များလှူဒါန်း



**နေပြည်တော် နိုဝင်ဘာ ၂၁**
တရုတ်နိုင်ငံ ရွှေလီမြို့ ကြက်ခြေနီအသင်းမှ ကြီးကြပ်ရေးမှူး မစ္စဟုန်းစုဝေလျန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် မူဆယ်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် ဝင်/ထွက်ပေါက် နန်းတော်ဂိတ်၌ စစ်ဘေးရှောင်ပြည်သူများအတွက် ဆန် ၁၀ တန်၊ မိုးကာအင်္ကျီ အထည် ၁၀၀၊ အနွေးထည်အင်္ကျီ အထည် ၁၀၀၀၊ စောင်အထည် ၁၀၀၀ တို့အား ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း၊ ဦးကိန်မိုင်နှင့် မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းတို့က လက်ခံရယူကြသည်။

အဆိုပါလှူဒါန်းထားသည့်ပစ္စည်းများအား မူဆယ်မြို့ပေါ်ရှိ ယာယီဖွင့်လှစ်ထားသည့် စစ်ဘေးရှောင်စခန်းများဖြစ်သည့် မြောက်ရပ်ကွက် မဟာဝန်ကျောင်း၊ တောင်ရပ်ကွက် ဇေတဝန်ကမ္မဋ္ဌာန်းကျောင်း၊ ဟိုမွန်ရပ်ကွက် ကချင်နှစ်ခြင်းခရစ်ယာန်ကျောင်း၊ စွမ်စော်ရပ်ကွက် အောင်မင်္ဂလာကျောင်းနှင့် နမ့်ခွန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့သို့ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**(သတင်းစဉ်)**

# KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်မှုကြောင့် လူမှုကူညီရေးပရဟိတလူငယ်တစ်ဦး ထိခိုက်ဒဏ်ရာရ

**နေပြည်တော် နိုဝင်ဘာ ၂၁**
ရှမ်းပြည်နယ် အရှေ့မြောက်ဒေသတွင် KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသာမက ပြည်သူများလည်း ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရရှိမှုများဖြစ်ပေါ်လျက်ရှိရာ ယနေ့ ညနေ ၄ နာရီခန့်ကလည်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ စစ်ဘေးရှောင်ပြည်သူများအား ကူညီကယ်ဆယ်ရန် သွားရောက်သည့် မူဆယ်မြို့မှ မေတ္တာမွန်လူမှုကူညီရေးအသင်း၊ (၁၀၅) မိုင် ပါရမီလူမှုကူညီရေးအသင်းတို့မှ မှန်လုံမော်တော်ယာဉ် နှစ်စီးအား KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်တပ်ဖွဲ့များက ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

အဆိုပါ လူမှုကူညီရေးအသင်းမှ မော်တော်ယာဉ်နှစ်စီးသည် လွယ်အင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် စစ်ဘေးရှောင်ဒုက္ခသည်များရောက်ရှိနေကြောင်း သိရှိရသဖြင့် အကူအညီပေးရန် သွားရောက်စဉ် KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များက ဘုရားကုန်းလမ်းဘေး တောင်ကုန်းမှလက်နက်ငယ်ဖြင့် လေးချက်ပစ်ခတ်ခဲ့ရာ မေတ္တာမွန်လူမှုကူညီရေးအသင်း ယာဉ်ပေါ်တွင် လိုက်ပါလာသော ရွှေလီမြို့နေ ကြင်နာနွေးထွေး ပရဟိတလူငယ်အသင်းမှ ကိုရဲမင်းအောင် ၂၃ နှစ် (ဘ) ဦးချစ်၏ ဝဲဘက်ရင်ဘတ်တွင် ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းမော်တော်ယာဉ်မှာ လက်နက်ငယ် ထိမှန်မှုကြောင့် ဆက်လက်မသွားနိုင်ဘဲ ဒဏ်ရာရရှိသူနှင့်အတူ မူဆယ်မြို့သို့ ပြန်လည်ရောက်ရှိလာပြီး ညနေ ၄ နာရီခွဲခန့်တွင် မူဆယ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိကာ ဆေးကုသမှုခံယူလျက်ရှိကြောင်း သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံမြောက်ပိုင်းဒေသ ပစ်ခတ်မှုနှင့်ပတ်သက်၍ တရုတ်သံရုံးမှ ကြေညာချက်ထုတ်ပြန်

**ရန်ကုန် နိုဝင်ဘာ ၂၁**
မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွင် ပစ်ခတ်မှုများဖြစ်ပွားမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ယနေ့ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါကြေညာချက်၌ နိုဝင်ဘာ ၂၀ ရက်တွင် မြန်မာနိုင်ငံမြောက်ပိုင်း တရုတ်နိုင်ငံနှင့် နီးစပ်ရာဒေသများတွင် တပ်မတော်နှင့် အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပစ်ခတ်မှုဖြစ်ပွားသဖြင့် နယ်စပ်ဒေသနေသူများ တရုတ်နိုင်ငံအတွင်း ဝင်ရောက်စစ်ဘေးရှောင်ကြရာ တရုတ်နိုင်ငံ သက်ဆိုင်ရာဒေသအစိုးရက လူသားချင်းစာနာမှုအနေဖြင့် စစ်ဘေးရှောင်ပြည်သူများကို ယာယီလက်ခံပြုစုပေးနေပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ကာ ကုသပေးနေကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးသည် အထက်ပါအခြေအနေကို အာရုံစိုက်နေသည်ဖြစ်၍ သက်ဆိုင်ရာတို့က ချုပ်ထိန်းပြီး အပစ်အခတ်ရပ်စဲရန်၊ ထိရောက်သောဆောင်ရွက်ချက်နှင့် နယ်စပ်ဒေသကို လျင်မြန်စွာ တည်ငြိမ်အေးချမ်းလာစေရန် မျှော်လင့်ပါကြောင်း ပါရှိသည်။ **(သတင်းစဉ်)**

# ဧရာဝတီမြစ်ဝှမ်းအခြေအနေဆန်းစစ်လေ့လာခြင်း တတိယအကြိမ်ပြည်သူ့အကြံပြုဆွေးနွေးပွဲကို မုံရွာမြို့၌ ပြုလုပ်



**မုံရွာ နိုဝင်ဘာ ၂၁**

ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်သူများပါဝင်သောဖိုရမ်ကို ဖော်ဆောင်၍ သချာသောအခန်းကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် နိုဝင်ဘာ ၂၁ ရက်က မုံရွာမြို့ ဝင်းယူနတီဟိုတယ်တွင် ဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုစီမံကိန်း ဧရာဝတီမြစ်ဝှမ်းအခြေအနေဆန်းစစ်လေ့လာခြင်း၏ တတိယအကြိမ် ပြည်သူ့အကြံပြုဆွေးနွေးပွဲကို ကျင်းပသည်။

"ကမ္ဘာ့ဘဏ်ကနေ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ နဲ့ စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်မှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ဧပြီ ၃ ရက်က ဘဏ္ဍာရေး သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ပြီး အဲဒီနှစ် ဇွန်လ ၁၀ ရက်မှာ ချေးငွေစတင်အသုံးပြုခွင့်ရခဲ့ပါတယ်။ ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းဟာ ၂၀၂၀ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှာ ပြီးဆုံးမှာဖြစ်ပါတယ်။ ဧရာဝတီမြစ်ဝှမ်းနဲ့ နိုင်ငံရဲ့ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့ အပြင် ရေကြောင်းသွားလာမှု၊ မိုး/ဇလဆိုင်ရာ အသိပေးဂရုပြုမှုနဲ့ အကြံပြုတာတွေတိုးတက်စေတာနဲ့အတူ နှီးနွှယ်ရာ အသက်မွေးဝမ်းကျောင်းမှုတွေမှာ ကောင်းကျိုးသက်ရောက်မှုတွေရှိစေဖို့ စီမံကိန်းကိုဆောင်ရွက်ရတာဖြစ်ပါတယ်"ဟု စီမံကိန်းComponent1 Director Prof D ဒေါ်ခင်နီနီသိန်းက ပြောပြသည်။

ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း စိုက်ပျိုးရေရရှိမှု ရေအရည်အသွေး၊ သဘာဝပတ်ဝန်းကျင်သဘာဝအခြေပြုခရီးသွားလာရေးကုန်ကျစရိတ် သက်သာသည့်ရေကြောင်းပို့ဆောင်ရေးစသည့် ရေနှင့်သက်ဆိုင်သော ကဏ္ဍအားလုံးကောင်းမွန်စွာစီမံခန့်ခွဲပြီး ဆင်းရဲမှုလျော့ချနိုင်စေရန် ရည်ရွယ်၍ စီမံကိန်းကို ရေးဆွဲရခြင်းဖြစ်ကြောင်း စီမံကိန်း Stakeholders Forum Coordinato မဒေါ်မေရတနာပြည့်ဖြိုးဟိန်ထံမှ သိရသည်။

ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုဆောင်ရွက်ရန်လိုအပ်သောအဖွဲ့အစည်းများကို သုံးသပ်လေ့လာတင်ပြခြင်းနှင့် အဆိုပါအဖွဲ့အစည်းများကို စနစ်တကျအထောက်အကူပြု ပံ့ပိုးရန်ဥပဒေများ၊ နည်းဥပဒေများ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများ စည်းမျဉ်းစည်းကမ်းများ အစရှိသည်တို့ကို သက်ဆိုင်ရာက အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် လေ့လာတင်ပြခြင်းဖြစ်ပြီး ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးအဆင့်တို့ စည်းချက်ညီစွာ ပေါင်းစပ်ဆက်သွယ်၍ လုပ်ငန်းကိုအကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ချင်းတွင်းမြစ် ရေတားတာပေါင်မြေသားမြှင့်တင်ခြင်းနှင့် ကျောက်ရိုးစီလုပ်ငန်းများ လုပ်ဆောင်လျက်ရှိ

**မုံရွာ နိုဝင်ဘာ ၂၁**

ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းရှိ မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ ဘုရား၊ ကျောင်း၊ ကန်၊ လူနေအိမ်များ၊ လယ်ယာမြေများ မိုးရာသီတွင် မြစ်ရေလွှမ်းမှုမှကာကွယ်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေများဖြင့် မြေသားတာပေါင်မြှင့်တင်ခြင်းနှင့် ကျောက်ရိုးစီလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

ချင်းတွင်းမြစ်ရေသည် ၂၀၁၅ခုနှစ် မိုးရာသီတွင် နှစ် ၅၀အတွင်း အမြင့်ဆုံး ရေအမှတ်အဖြစ် မုံရွာမြို့တွင် ၁၁၄၃ စင်တီမီတာအထိ မြင့်တက်ခဲ့ရာ မြို့တွင်းသို့ မြစ်ရေဝင်ရောက်မှုမရှိစေရေးအတွက် အရေးပေါ်ကာကွယ်ရေးအတွက် သဲအိတ်များကိုအသုံးပြုခဲ့ရသဖြင့် ၂၀၁၅ ခုနှစ် မိုးရာသီတွင် အမြင့်ဆုံး ရောက်ရှိခဲ့သော ၁၁၄၃ စင်တီမီတာ၏အထက် ၉၈ စင်တီမီတာ(သုံးပေ) အမြင့်သို့ မြေသားတာပေါင် ထပ်မံမြှင့်တင်ခြင်းနှင့် တာပေါင်အောက်ခြေခိုင်ခံ့ရန် လိုအပ်သောနေရာများတွင် ကျောက်ရိုးစီခြင်းလုပ်ငန်းများကို လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

ချင်းတွင်းမြစ် ရေတားတာပေါင်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအဖြစ် မုံရွာမြို့ ညောင်ပင်ဇောက်ကွေ့ ပေတိုင်အမှတ်(၀)မှ မုံရွာမြို့နယ်အဆုံး သစ်ဆိမ့်ကျေးရွာ ပေတိုင်အမှတ် ၄၃၀၀၀ အထိ အရှည် ၈ ဒသမ ၁၄ မိုင်အား တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် လည်းကောင်း၊ မုံရွာမြို့ ကွေ့ကြီးရပ်ကွက် (လှည်းဆိပ်) ပေတိုင်အမှတ် ၂၅၀၀၀မှ အလုံမန္တလာတာရိုးပေတိုင်အမှတ် (၆၉၅၀၀)အထိ အရှည် ၁၃ ဒသမ ၁၆ မိုင်နှင့် မုံရွာမြို့နယ်အဆုံး သစ်ဆိမ့်ကျေးရွာ ပေတိုင်အမှတ် ၄၃၀၀၀ မှ ချောင်းဦးမြို့နယ် အမြင့်ကျေးရွာတောင်ပိုင်း ပေတိုင် အမှတ် ၆၈၀၀၀ အထိ အရှည် ၄ ဒသမ ၇ မိုင် စုစုပေါင်း ၁၇ ဒသမ ၈ မိုင်ကို ပြည်ထောင်စုရန်ပုံငွေဖြင့် လည်းကောင်း၊ လက်ရှိတာပေါင်များကို အမြင့်ဆုံးမြစ်ရေအမှတ် ၁၁၄၃ စင်တီမီတာအထက် ၉၈စင်တီမီတာ(သုံးပေ) အထိ ၁၂ ပေအကျယ် မြေသားတာပေါင် မြှင့်တင်ခြင်းနှင့် ကျောက်ရိုးစီလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လုပ်ဆောင်ပေးလျက်ရှိပြီး ယနေ့အထိ ကျောက်ရိုးစီခြင်းလုပ်ငန်း ၆၅ ရာခိုင်နှုန်းနှင့် မြေကြီးဖို့လုပ်ငန်း ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# ဝါးခယ်မမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် ကလေးငယ်များ စိတ်ကူးပုံဖော်ပန်းချီရေးဆွဲ

**ဝါးခယ်မ နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သံကြိုးတိုင်ရပ်ကွက် မူလွန်သံကြိုးတိုင်(တိုးချဲ့)ကျောင်းတို့ ပူးပေါင်းကာ ကလေးငယ်များ စိတ်ကူးပုံဖော်ပန်းချီရေးဆွဲခြင်းကို မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ယနေ့ နံနက် ၁၁ နာရီက ပြုလုပ်ကြောင်း သိရသည်။



ယင်းသို့ ကလေးငယ်များ ကျောင်းသင်ခန်းစာအပြင် ပြင်ပဗဟုသုတကောင်းများ ရရှိစေရေး၊ စာဖတ်ခြင်းအလေ့အကျင့်ကောင်းများ ရရှိလာစေရေး၊ ဉာဏ်ရည်ဉာဏ်သွေးများ ပိုမိုထက်မြက်လာစေရေး၊ ဘက်စုံထူးချွန်သော ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာစေရေးကို ရည်ရွယ်ပြီး ပြုလုပ်ခြင်းဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်က ပြောကြားပြီး ကလေးငယ်များအား ဉာဏ်စမ်းပဟေဠိများ၊ ပြင်ပအသိပညာဗဟုသုတများ ရှင်းလင်းပြောကြားပေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ဦးစီးမှူးနှင့် ဝန်ထမ်းများက ကလေးငယ်များ စိတ်ကူးပုံဖော်ပန်းချီများရေးဆွဲနိုင်စေရန် ကူညီဆောင်ရွက်ပေးပြီး စာဖတ်ဝိုင်းပြုလုပ်ပေးခြင်း၊ နိုင်ငံတော်အစိုးရအဖွဲ့နှင့် မြို့နယ်တွင်း လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ပညာရေး၊ ကျန်းမာရေး စသည့် နံရံကပ်စာစောင်များ ခင်းကျင်းပြသပေးခဲ့ရာ ကလေးငယ်များ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

# လက်ပံတော-မှော်ဘီ-နတ်မှော်လမ်း ကွန်ကရစ်ခင်းခြင်းဆောင်ရွက်

**ပေါင် နိုဝင်ဘာ ၂၁**

ပေါင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၉၂ ဒသမ ၇၅၅ သန်းဖြင့် လက်ပံတော-မှော်ဘီ-နတ်မှော် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို အောင်ဇေထွန်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းခွင်သို့ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက နိုဝင်ဘာ ၁၈ ရက်က သွားရောက်ကွင်းဆင်းကြည့်ရှုပြီး လမ်းအရည်အသွေးစံချိန်စံညွှန်း ပြည့်မီရေး၊ ရေရှည်အသုံးပြုနိုင်စေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်လျက်ရှိသော မှော်ဘီကျေးရွာနှင့် ကျောက်စရစ်ကျေးရွာများ အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ငွေစာရင်းထည့်သွင်းထားမှုတို့ကိုလည်း ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဥတုရာသီ တောကိုမို၏

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်(ရွှေဈေး) ၈၆၇၅၀၀ - ၈၆၇၅၀၀၊ မန္တလေး(ရွှေဈေး) ၈၆၇၅၀၀ - ၈၆၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၂၀/၆၃၀ ကျပ်၊ | ၆၂၀/၆၃၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၆၀/၆၉၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၁၅/၆၃၀ကျပ်၊ | ၆၅၀/၆၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၃၅/၆၉၀ကျပ်၊ | ၆၄၀/၆၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၇၃ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၅၃၅ ကျပ်

**၁၄-၁၁-၂၀၁၆ ရက်နေ့မှ ၁၈-၁၁-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၅၅ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၅၆၀ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေး ပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၇၁. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၇. ၉၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၄၄၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၃. ၂၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၉၉၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၆၈. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၉. ၆၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၀. ၂၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၈. ၅၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## ၂၀၁၆ အမေရိကန်တေးဂီတဆုပေးပွဲရဲ့ အကြီးမားဆုံးသော အောင်နိုင်သူများ


ဒရိတ်ခ်

ယခုနှစ်အတွက်ကျင်းပတဲ့ တေးဂီတထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ အမေရိကန်တေးဂီတဆုပေးပွဲကို နိုဝင်ဘာ ၂၀ ရက်က ကျင်းပခဲ့ရာမှာ ဆုငါးဆုအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတဲ့ ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာက စုစုပေါင်းဆုလေးဆုကို သိမ်းပိုက်ခဲ့ကာ ယင်းဆုပေးပွဲညရဲ့ ဆုအများဆုံးပိုင်ဆိုင်ခွင့်ရခဲ့တဲ့ တေးသံရှင်တစ်ဦးဖြစ်လာခဲ့ပါတယ်။ ဂျက်စတင်ဘီဘာရရှိခဲ့တဲ့ ဆုတွေကတော့ အကောင်းဆုံးပေါ့ပ်၊ ရော့ခ်တေးအယ်လ်ဘမ်ဆု၊ အကောင်းဆုံးပေါ့ပ်၊ ရော့ခ်တေးသီချင်းဆု၊ တစ်နှစ်တာအတွက် အကောင်းဆုံးတေးဗီဒီယိုဆုနဲ့ အနှစ်သက်ဆုံးပေါ့ပ်၊ရော့ခ်အမျိုးသားတေးသံရှင်ဆုတို့ပဲ ဖြစ်ပါတယ်။ အနှစ်သက်ဆုံးပေါ့ပ်၊ ရော့ခ်အမျိုးသမီးတေးသံရှင်ဆုကိုတော့ ဂျက်စတင်ဘီဘာရဲ့ ချစ်သူဟောင်း ဆယ်လီနာဂိုမက်ဇ်က ပိုင်ဆိုင်ခွင့်ရခဲ့ပါတယ်။ ဂျက်စတင်ဘီဘာကတော့ ယခုနှစ်ဆုပေးပွဲကို တက်ရောက်နိုင်ခဲ့ခြင်း မရှိပါဘူး။

ဂျက်စတင်ဘီဘာကဲ့သို့ ဆုတွေ တပွေ့တပိုက်နဲ့ အိမ်ပြန်ခွင့်ရခဲ့တဲ့ အခြားသောတေးသံရှင်တစ်ဦးကတော့ ရက်ပ်အဆိုတော် ဒရိတ်ခ်ပဲဖြစ်ပါတယ်။ ဒရိတ်ခ်ကတော့ အကောင်းဆုံး ဟစ်ဟော့ပ်၊ ရက်ပ်တေးအယ်လ်ဘမ်ဆု၊ အကောင်းဆုံးဟစ်ဟော့ပ်၊ ရက်ပ်တေးသံရှင်ဆုနဲ့ အကောင်းဆုံးဟစ်ဟော့ပ်၊ရက်ပ်တေးသီချင်းဆုစတဲ့ ဆုသုံးဆုကို သိမ်းပိုက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

နောက်ထပ်ဆုသုံးဆုပိုင်ဆိုင်ခဲ့တဲ့ တေးသံရှင်ကတော့ ဒရိတ်ခ်နဲ့ မကြာသေးမီက လမ်းခွဲခဲ့တဲ့ ချစ်သူဟောင်း အဆိုတော် ရီဟားနားဖြစ်ပါတယ်။ ရီဟားနားကတော့ သူ့ရဲ့ "Anti"တေးအယ်လ်ဘမ်နဲ့ အကောင်းဆုံးအာရန်ဘီတေးအယ်လ်ဘမ်ဆု၊ ဒရိတ်ခ်ပါဝင်အားဖြည့်သီဆိုပေးထားတဲ့တေးသီချင်း "Work"နဲ့ အကောင်းဆုံးအာရန်ဘီတေးသီချင်းဆုနဲ့ အနှစ်သက်ဆုံးအာရန်ဘီအမျိုးသမီးတေးသံရှင်ဆုတို့ကို ဆွတ်ခူးခဲ့တာဖြစ်ပါတယ်။

လော့စ်အိန်ဂျလိစ်က မိုက်ခရိုဆော့ဖ်သီရေတာမှာ ကျင်းပခဲ့တဲ့ ယခုနှစ်ဆုပေးပွဲကြီးမှာ ထိပ်တန်းမော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဂီဂီဟစ်ဒီနဲ့ ဟာသသရုပ်ဆောင် ဂျေပဲရိုတို့က အစီအစဉ်တင်ဆက်သူတွေအဖြစ်ပါဝင်ဆောင်ရွက်ခဲ့ပြီး တေးဂီတထူးချွန်ဆု စုစုပေါင်း ၂၉ ဆုကို ချီးမြှင့်ခဲ့ကြောင်းလည်း အီးနယူးစ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

## ပိန်လွန်းတယ်လို့ ပထမဆုံးဝေဖန်ခံနေရတဲ့ ကိုရီးယားကြယ်ပွင့် ယူအီး



တောင်ကိုရီးယားရဲ့အနုပညာလောကမှာ ကြယ်ပွင့်တွေရဲ့ ခန္ဓာကိုယ်အလေးချိန်နဲ့ပတ်သက်ပြီး အမြဲဝေဖန်လေ့ရှိပါတယ်။ အနုပညာရှင်တစ်ယောက် အနေနဲ့ ကိုယ်အလေးချိန်တိုးလာတာကို အမြဲစောင့်ကြည့်ဝေဖန်တာတွေ ရှိခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာတော့ ကိုရီးယားကြယ်ပွင့်တွေထဲမှာ ကိုယ်အလေးချိန်တိုးလာတာကြောင့်မဟုတ်ဘဲ ပိန်လွန်းတယ်လို့ မီဒီယာတွေရဲ့ ဝေဖန်ခြင်းကို ခံခဲ့ရတဲ့ ကြယ်ပွင့်တစ်ဦးပေါ်ထွက်လာခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါအနုပညာရှင်ကတော့ တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့ "After School"က အဖွဲ့ဝင်တစ်ဦးလည်းဖြစ်၊ သရုပ်ဆောင်တစ်ဦးအဖြစ်လည်း အောင်မြင်နေတဲ့ ယူအီးပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၇ ရက်က ပြုလုပ်ခဲ့တဲ့ ယူအီးရဲ့ MBC ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမယ့် ရုပ်ရှင်သစ် "Night Light"အတွက် သတင်းစာရှင်းလင်းပွဲမှာ ယူအီးကိုတွေ့မြင်ရပြီးတဲ့နောက် မီဒီယာတွေက ယခုလို ဝေဖန်ခဲ့ကြတာဖြစ်ပါတယ်။

ယခင်က မီဒီယာတွေက အနုပညာရှင်တွေကိုယ်အလေးချိန်တိုးလာတာနဲ့ပတ်သက်ပြီးဝေဖန်ခဲ့ပေမယ့် ယခုတစ်ကြိမ်မှာတော့ ကိုယ်အလေးချိန်လျှော့ချတာနဲ့ပတ်သက်ပြီး ပိန်လွန်းတယ်လို့ ဆိုလာခဲ့ကြတာဖြစ်ပါတယ်။ ယခင်က ကိုယ်အလေးချိန်တက်လာတာနဲ့ပတ်သက်ပြီး ဝေဖန်ခံခဲ့ရတဲ့အနုပညာရှင်တွေထဲမှာ ယူအီးလည်း တစ်ယောက်အပါအဝင် ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့်လတ်တလောမှာတော့ ယူအီးရဲ့ခြေထောက်တွေဟာ ပိန်လှီသေးငယ်လွန်းတဲ့အတွက် ငှက်တွေရဲ့ခြေထောက်နဲ့တောင် နှိုင်းယှဉ်ခြင်းခံနေရကြောင်းလည်း သိရပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

## အမေရိကန်တေးဂီတဆုပေးပွဲမှာ ပရိသတ်ကို ဖမ်းစားနိုင်ခဲ့တဲ့ လေဒီဂါဂါ



နိုဝင်ဘာ ၂၀ ရက် ညပိုင်းက အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မှာ ကျင်းပခဲ့တဲ့ အမေရိကန်တေးဂီတဆုပေးပွဲမှာ ဆုပေးပွဲစင်မြင့်ပေါ်တက်ရောက်ဖျော်ဖြေခြင်းမရှိတာ သုံးနှစ်ကျော်ကြာခဲ့ပြီဖြစ်တဲ့ ပေါ့ပ်အဆိုတော်လေဒီဂါဂါ ပါဝင်ဖျော်ဖြေခဲ့ပါတယ်။ ယခုနှစ်အတွက် ဆုပေးပွဲမှာ လေဒီဂါဂါဟာ ယခင်က ဖျော်ဖြေခဲ့ဖူးတဲ့ပုံစံတွေနဲ့မတူဘဲ ဂီတာတီးကာ ငြိမ်ငြိမ်သက်သက် ဖျော်ဖြေခဲ့တာကြောင့် ပရိသတ်အပေါင်းကို အလွန်အံ့အားသင့်စေခဲ့တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါဆုပေးပွဲညမှာ လေဒီဂါဂါက သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Joanne"မှ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Million Reasons"နဲ့ ဖျော်ဖြေခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့လအတွင်းက စတင်ထုတ်လွှင့်ခဲ့တဲ့ ဂါဂါရဲ့ ငါးခုမြောက်စတူဒီယိုတေးအယ်လ်ဘမ် "Joanne"ဟာ တေးဂီတဇယားတွေမှာ ထိပ်ဆုံးက ရပ်တည်နိုင်ခဲ့တဲ့ အောင်မြင်တဲ့ တေးအယ်လ်ဘမ်တစ်ခုလည်း ဖြစ်ပါတယ်။

လေဒီဂါဂါဟာ ယခုနှစ်အမေရိကန်တေးဂီတဆုပေးပွဲရဲ့ ကော်ဇောနီပေါ် လျှောက်လှမ်းရာမှာ အဖြူရောင်ကုတ်အင်္ကျီနဲ့ ဘောင်းဘီရှည်၊ ဦးထုပ်အဖြူရောင်တို့ကို ဆောင်းထားပြီး ပလက်စတစ်အကြည်ရောင်နဲ့ ပြုလုပ်ထားတဲ့ ထီးကိုဆောင်းကာရောက်ရှိလာခဲ့ရာ သူ့ရဲ့ တစ်မူထူးခြားတဲ့ဖက်ရှင်ကြောင့် မီဒီယာတွေရဲ့အာရုံကို အထူးဖမ်းစားနိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၂၂-၁၁-၂၀၁၆(အင်္ဂါနေ့)

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၈း၃၅ | ဥပဒေရေးရာအဖြာဖြာ"ကြေမွသွားသော အိပ်မက်များ" |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ် |
| ၁၀း၃၅ | မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ် |
| ၁၁း၁၅ | "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး (၁၆)ရက်တာ လှုပ်ရှားမှု အထူးအစီအစဉ်" |
| ၁၁း၃၅ | မျက်မှောက်ရေးရာသုံးသပ်စရာ |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၃၇) |
| ၁း၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၄၅) |
| ၂း၃၅ | Yes or No Talk Show "Career Women" |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ"တံ့မယူလို" (အပိုင်း-၄၆) |
| ၄း၃၅ | "၂၀၁၆ နိုဝင်ဘာကျောက်မျက်နှစ်လယ်ပြပွဲ" |
| ၅း၁၅ | "လင်းလက်လာတော့မည့် မျှော်လင့်ချက်ရောင်ခြည်များ" |
| ၅း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း |
| ၆း၃၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ဒါရိုက်တာစတီးနှင့်သရုပ်ဆောင်နေဆန်း) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ"တံ့မယူလို" (အပိုင်း-၄၇) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ -နိုင်ငံတကာသတင်း၊ -မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း၊ -မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၄၆) -"မြတ်မျိုးမြင့်မှန်" (ပြေတီဦး၊ မေစန္ဒာစိုးညွန့်) (ဒါရိုက်တာ-ဟန်မြင့်) |

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

## မြဝတီရုပ်မြင်သံကြား

၂၂-၁၁-၂၀၁၆(အင်္ဂါနေ့)

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၅ | မေတ္တာပို့ |
| ၇း၂၀ | ဓမ္မပူဇာတေး |
| ၇း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၇း၄၀ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၉း၀၀ | မြဝတီနေ့စဉ်သတင်း |
| ၉း၁၀ | World Wide Web |
| ၉း၂၅ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၉း၄၅ | ရင်မှာစွဲလန်းတော်ဝင်ပန်း |
| ၁၀း၁၅ | Books Guide |
| ၁၀း၃၀ | Guide For You |
| ၁၀း၄၅ | သီချင်းလက်ဆောင် |
| ၁၁း၁၀ | မြတ်နိုးစရာရိုးရာလက်မှုပညာ |
| ၁၁း၂၅ | Sportcast |
| ၁၁း၄၅ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၁၂း၀၀ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၄း၂၅ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅း၀၀ | Sport Review |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မင်းသမီးနဲ့ကျွန်တော် အပိုင်း(၇၄) |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရုဏ်ဦးရဲ့ ပန်းသခင် အပိုင်း(၇၅) |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | Taste On The Street |
| ၆း၃၅ | Fashion King |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အိန်ဂျယ်ချစ်သူ အပိုင်း(၂) -မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -ယနေ့ညအတွက်မြဝတီတေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း လက်ခုပ်ထဲကမျက်ရည် အပိုင်း(၁၃) -မြဝတီရုပ်မြင်သံကြားသတင်း |



# ကမ္ဘာ့အဆင့်(၁) နေရာနဲ့ ရာသီသိမ်းခွင့်ရပြီဖြစ်တဲ့ အန်ဒီမာရေး

နိုဝင်ဘာ ၂၁ရက် မနက်အစောပိုင်းက ယှဉ်ပြိုင်ခဲ့သည့် ATP World Tour Finals ဗိုလ်လုပွဲစဉ်တွင် အန်ဒီမာရေးက နိုဗက်ဂျိုကိုဗစ်ချ်အား အနိုင်ကစားနိုင်ခြင်းကြောင့် ၂၀၁၆ခုနှစ် ကမ္ဘာ့အဆင့် (၁)နေရာဖြင့် ရာသီသိမ်းနိုင်ရန် သေချာခဲ့ပြီဖြစ်သည်။ လန်ဒန်မြို့ အိုတူးအရီနာ ကွင်းကြီးအတွင်း ယှဉ်ပြိုင်ခဲ့သည့် ဗိုလ်လုပွဲစဉ်တွင် မာရေးက ဂျိုကိုဗစ်ချ်ကို ၆-၃၊ ၆-၄ဖြင့် အနိုင်ရရှိခဲ့သဖြင့် ၎င်းအတွက် ပထမဦးဆုံး ATP World Tour Finals ချန်ပီယံဆုအဖြစ်သာမက ကမ္ဘာ့အဆင့်(၁)နေရာကိုပါ လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်နိုင်မည့် အခွင့်အရေးတစ်ရပ်ကို ဖန်တီးနိုင်ခဲ့ခြင်းဖြစ်သည်။

မာရေးက“ကျွန်တော် ဒီဖလားကို ဆွတ်ခူးနိုင်လို့ အင်မတန် ပျော်ရွှင်ရသလို ကမ္ဘာ့အဆင့်(၁)ဆိုတာကလည်း တကယ့်ကို ကြီးမားတဲ့ ဂုဏ်သိက္ခာတစ်ရပ်ပါပဲ။ ဒ့ါအပြင် ဂျိုကိုဗစ်ချ်လို လူမျိုးကို အနိုင်ယူပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်လို့ ပိုပြီးကြီးကျယ် ခမ်းနားတယ်လို့ ခံစားရပါတယ်”ဟု ဆုချီးမြှင့်ပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

မာရေးမှာ ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့သဖြင့် ၂၄ပွဲ နိုင်ပွဲဆက်ခဲ့ရာ သူ၏ ပရော်ဖက်ရှင်နယ် သက်တမ်းတစ်လျှောက် အကောင်းဆုံး စံချိန်တစ်ရပ်ကိုပါ ရရှိခဲ့သည်။ယခုနှစ်တွင် အန်ဒီမာရေးမှာ အမျိုးသားတစ်ဦးချင်း ကမ္ဘာ့အဆင့်(၁)နေရာဖြင့် ရာသီသိမ်းနိုင်သလို အန်ဒီမာရေး၏ အစ်ကိုဖြစ်သူ ဂျေမီမာရေးနှင့် ဘရူနိုဆိုရက်ဇ်တို့နှစ်ဦးမှာလည်း နှစ်ယောက်တွဲ ကမ္ဘာ့အဆင့်(၁)နေရာကို ပိုင်ဆိုင်ခဲ့ရာ ၂၀၁၆ ခုနှစ်သည် မာရေးညီနောင်အတွက် ကံကောင်းသည့် နှစ်တစ်နှစ် ဖြစ်ခဲ့သည်။

သို့သော် ယင်းချန်ပီယံဖလားကို ငါးကြိမ်တိုင် ဆွတ်ခူးထားသည့် ဂျိုကိုဗစ်ချ်အတွက်မူ ရိုဂျာဖက်ဒရာ၏ ATP World Tour Finals ချန်ပီယံခြောက်ကြိမ်စံချိန် လိုက်မီခွင့်အပြင် ကမ္ဘာ့အဆင့်(၁) ပြန်လည်ရရှိရေးမျှော်လင့်ချက်နှစ်ရပ်လုံးပါ အဆုံးသတ်ခဲ့ရသည်။ ပွဲအပြီးတွင် ဂျိုကိုဗစ်ချ်က မာရေးမှာ ကမ္ဘာ့အဆင့်(၁) ကစားသမားဖြစ်သလို အနိုင်ရလဒ်နှင့် ထိုက်တန်သူဖြစ်ကြောင်း၊ အဆုံးအဖြတ်ရမှတ်များတွင် မိမိ၏ အမှားများက ကမ္ဘာ့အဆင့်(၁)နေရာနှင့် ဝေးကွာစေသည့် အကြောင်းတရားဖြစ်ကြောင်း ပွဲအပြီးတွင် ပြောကြားခဲ့သည်။ အန်ဒီမာရေးမှာ ဂျိုကိုဗစ်ချ်အား ၂၀၁၃ ခုနှစ် ဝင်ဘယ်လ်ဒန်ဖလားပြိုင်ပွဲနောက်ပိုင်း အနိုင်ယူနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ယခုပြိုင်ပွဲတွင်မှ ပြန်လည်အနိုင်ကစားနိုင်ခဲ့ခြင်း ဖြစ်သည်။

## ချန်ပီယံလိဂ် သတင်းများ



### ဘာစီလိုနာကို ဆဲလ်တစ် အနိုင်ယူနိုင်စွမ်းရှိဟုရိုဂျာယုံကြည်

ဆဲလ်တစ်အသင်းသည် စပိန်အင်အားကြီး ဘာစီ လိုနာကို အနိုင်ကစားကာ ၂၀၁၂ ခုနှစ်က သမိုင်းဝင် အောင်ပွဲမျိုး ထပ်မံရယူပေးနိုင်စွမ်းရှိနေသည်ဟု ဆဲလ်တစ် နည်းပြ ဘရန်ဒန်ရော်ဂျာက သူ၏ ယုံကြည်ချက်ကို ဖွင့်ဟပြောကြားသည်။ ဆဲလ်တစ်အသင်းသည် ဘာစီလိုနာအား ချန်ပီယံလိဂ် ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၃ ရက် အိမ်ကွင်း၌ ညှိခံကစားရမည်ဖြစ်ရာ ရိုဂျာက ယခုကဲ့သို့ ပွဲကြိုစကားဆိုခဲ့ခြင်းဖြစ်သည်။ ချန်ပီယံလိဂ် ပွဲစဉ်(၁)တွင် ဘာစီလိုနာက ဆဲလ်တစ်ကို ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ယူနိုင်ခဲ့သော်လည်း ရိုဂျာက ပွဲစဉ်တစ်ပွဲနှင့်တစ်ပွဲ အခြေအနေမတူသလို ဆဲလ်တစ်မှာ အိမ်ကွင်းအင်မတန်မာကျောသည့် အသင်းဖြစ်သည် ကို ပြိုင်ဘက်တိုင်းသတိမူရမည်ဖြစ်ကြောင်း ထောက်ပြခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ဆဲလ်တစ်အသင်းသည် နေးလ်လန်နွန်၏ အင်မတန်ကျော်ကြားသည့် သွင်းဂိုးနှစ်ဂိုးဖြင့် ဘာစီလိုနာအား အံ့အားသင့်ဖွယ် အနိုင်ယူနိုင်ခဲ့ရာ ယင်းကဲ့သို့ အလားတူပုံစံမျိုး ထပ်မံလုပ်ဆောင်ပြနိုင်ရန် ဆဲလ်တစ် ပရိသတ်များကလည်း မျှော်လင့်နေခြင်းဖြစ်သည်။ ရိုဂျာကလည်း ဘာစီလိုနာတွင် ကစားသမားကောင်း မြောက်မြားစွာရှိနေသော်လည်း ဆဲလ်တစ်အနေဖြင့် အဆိုပါပွဲစဉ်ကို အနိုင်ရရှိမည်ဟုပင် ယုံကြည်ထားကြောင်း ရိုဂျာက ဆိုသည်။

### ယာယာတိုရေးကို ချန်ပီယံလိဂ် လူစာရင်းအတွက် ပြန်လည်ခေါ်ယူမည်ဟု ဂွါဒီယိုလာ အတည်ပြု

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက ယာယာတိုရေးအား ချန်ပီယံလိဂ် လူစာရင်းမှ ချန်လှပ်ခဲ့သည့် သူ၏ဆုံးဖြတ်ချက်မှာ မှားယွင်းခဲ့ပြီး လာမည့် ဇန်နဝါရီလ ချန်ပီယံလိဂ် ကစားသမား ထပ်တိုးစာရင်းတွင် တိုရေးအမည်ကို ထပ်မံဖြည့်သွင်းမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ ဂွါဒီယိုလာသည် ခရစ္စတယ်ပဲလေ့စ်နှင့် ပရီမီယာလိဂ်ပွဲစဉ်တွင် တိုရေးအား အသင်းပွဲထွက် လူစာရင်းတွင် အံ့အားသင့်ဖွယ်ရာ ပြန်လည်ခေါ်ယူခဲ့ပြီး တိုရေး၏ သွင်းဂိုးနှစ်ဂိုးဖြင့် အိမ်ကွင်းကစားအားမာသော ပဲလေ့စ်အား အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်အပြီးတွင် ဂွါဒီယိုလာအား တိုရေးကို မန်စီးတီးအသင်းအတွက် ပြန်လည်ခေါ်ယူမည်လားဆိုသည့် မေးခွန်းကို သတင်းထောက်များက မေးမြန်းခဲ့ရာ ၎င်းက “ဟုတ်ပါတယ်။ ကျွန်တော်ချခဲ့တဲ့ ဆုံးဖြတ်ချက်က မှားယွင်းခဲ့တယ်လို့ ပြောလို့ရပါတယ်။ အများစုကလည်း ဒီဆုံးဖြတ်ချက်အတွက် သဘောမတူခဲ့ကြပါဘူး။ ခုကျွန်တော်ဒီအချက်ကို လက်ခံပါပြီ” ဟု ရှင်းလင်းပြောကြားခဲ့သည်။

ဂွါဒီယိုလာသည် တိုရေးအား မန်စီးတီးအသင်းချန်ပီယံလိဂ်လူစာရင်းမှ ချန်လှပ် ခဲ့ခြင်းကြောင့် တိုရေး၏ ကိုယ်စားလှယ်ဆီလပ်ခ်က ဒေါသထွက်ကာ ဂွါဒီယိုလာအား လူသိရှင်ကြား ဝေဖန်ခဲ့ပြီးနောက် တိုရေးမှာ မန်စီးတီးအတွက် တစ်ပွဲမျှ ဝင်ရောက် ကစားခွင့်မရရှိခဲ့ပေ။ သို့သော် အောက်တိုဘာလကုန်ပိုင်းတွင် တိုရေးက မန်စီးတီး တာဝန်ရှိသူများကို ကြေညာချက်တစ်ရပ် ထုတ်ပြန်၍ ပြန်လည်တောင်းပန်ခဲ့ရာ တစ်လနီးပါးအကြာတွင် ဂွါဒီယိုလာက မန်စီးတီး အတွက် ပထမဦးဆုံးအကြိမ် ပြန်လည်ဝင်ရောက် ကစားခွင့်ပေးခဲ့ခြင်းဖြစ်သည်။

## အမှတ်ပေးဇယား အဆင့်(၁)နေရာကို ဆက်လက်ထိန်းသိမ်းရန် ချယ်လ်ဆီးအသင့်ရှိဟု ကွန်တီကြွေးကြော်

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၁၂)တွင် မစ်ဒယ်ဘရော့အသင်းအား တိုက်စစ်မှူးကော်စတာ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ကစားနိုင်ခဲ့ပြီးနောက် အမှတ်ပေးဇယား အဆင့်(၁)နေရာကို ရောက်ရှိလာရာ ချယ်လ်ဆီးအနေဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးနေရာကို ထိန်းသိမ်းရန် အသင့်ရှိနေပြီဖြစ်ကြောင်း နည်းပြ ကွန်တီက ဟစ်ကြွေးခဲ့ သည်။ ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ် ပွဲစဉ်(၁၃)တွင် စပါးအသင်း၊ ပွဲစဉ်(၁၄)တွင် မန်စီးတီးအသင်းများနှင့် ရင်ဆိုင်ရမည်ဖြစ်သဖြင့် ချယ်လ်ဆီးအသင်း ပရီမီယာ လိဂ်အမှတ်ပေးဇယားထိပ်ကို ဦးဆောင်မှုမှ ဖယ်ပေးရနိုင်ကြောင်း ခန့်မှန်းချက်များ ထွက်နေရာ ကွန်တီက ယခုကဲ့သို့ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

ကွန်တီက ချယ်လ်ဆီးအနေဖြင့် အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ထိန်း သိမ်းရန် နည်းဗျူဟာပိုင်းရော၊ ကြံ့ခိုင်မှုအပိုင်းပါ ပိုင်ဆိုင်ထားသည်ဟု ယုံကြည်မှု အပြည့်ရှိကြောင်း ဆိုခဲ့သည်။

အဆိုပါပြိုင်ပွဲ မယှဉ်ပြိုင်ရသေးမီကပင် မစ်ဒယ်ဘရော့နည်းပြ ကာရန်ကာက ချယ်လ်ဆီးမှာ ပရီမီယာလိဂ် ချန်ပီယံဆုကို စိန်ခေါ်နိုင်ရန် အကောင်းဆုံးအလားအလာကို ပိုင်ဆိုင်ထားသည့်အသင်းဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သေးသည်။ ကွန်တီက ယခုကဲ့သို့ တဖြည်းဖြည်းနှင့် အကောင်းဆုံးပုံစံကိုရရှိပြီး ရလဒ်အသီးအပွင့်များခံစားနိုင်ခြင်းမှာ ရာသီကြိုကာလတွင် အကောင်းဆုံးကြိုးစားလုပ်ဆောင်ခဲ့ခြင်းများကြောင့်ဖြစ် ကြောင်း ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် အာဆင်နယ်အား သုံးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သည့် ပွဲစဉ်နောက်ပိုင်း ခြောက်ပွဲဆက် အနိုင်ရရှိခဲ့ပြီးနောက် လီဗာပူး၊ မန်စီးတီးအသင်းတို့ကို တစ်မှတ်ဖြတ်၍ အမှတ်ပေးဇယား ထိပ်ဆုံးနေရာကို ရောက်ရှိလာခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်း၏ ယခုနှစ် အားသာချက်တစ်ရပ်မှာ ဥရောပ ဝင်ခွင့်မရရှိခြင်းကြောင့် ပရီမီယာလိဂ်ပြိုင်ပွဲကိုသာ အဓိက အာရုံစိုက်နိုင်သည့် အခြေအနေကို ပိုင်ဆိုင်ထားခြင်းဖြစ်သည်။

မေလဲ့သင်း - စု စည်း ရေး သား သည်

## နိုဝင်ဘာ ၂၃ ရက်နေ့ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ် အုပ်စုအဆင့်ပွဲစဉ်များ

| | | | |
|---|---|---|---|
| မိုနာကို | - | စပါး | နံနက်-၂း၁၅ |
| စပို့တင်းလစ္စဘွန်း | - | ရီးယဲလ်မက်ဒရစ် | နံနက်-၂း၁၅ |
| ဒေ့ါမွန် | - | လီဂီယာဝါဆော | နံနက်-၂း၁၅ |
| လက်စတာ | - | ဘရူဂေး | နံနက်-၂း၁၅ |
| ကိုပင်ဟေဂင် | - | ပေါ်တို | နံနက်-၂း၁၅ |
| ဒိုင်နမိုဇာဂရက် | - | လီယွန် | နံနက်-၂း၁၅ |
| ဆီဗီလာ | - | ဂျူဗင်တပ် | နံနက်-၂း၁၅ |
| ရော့စတော့ဗ် | - | ဘိုင်ယန်မြူနစ် | ည-၁၁း၃၀ |

မောင်မောင်ဇော်



## ပုဂံဒေသ သန့်ရှင်းသာယာရေး ပလတ်စတစ်နှင့်အမှိုက် စုပေါင်းကောက်

**ညောင်ဦး နိုဝင်ဘာ ၂၁**

ညောင်ဦးတွင် နိုဝင်ဘာ ၁၉ ရက် နံနက် ၇ နာရီက ပုဂံဒေသ ပလတ်စတစ်ကင်းစင်ရေး လှုပ်ရှားမှုအဖွဲ့၏ ဦးဆောင်မှုဖြင့် Seed အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးမှ ဝန်ထမ်းများ၊ Yangon Airway ရုံးချုပ်မှ ဝန်ထမ်းများ စုစုပေါင်း ၆၅ ဦးတို့သည် အမှတ်(၁)ရပ်ကွက် သာယာဝတီရပ်ရှိ မြို့နယ်လျှပ်စစ်ဦးစီးဌာနရုံးမှ စတင်၍ သာယာဝတီသဘော်ဆိပ်ထိ လမ်းဘေးဝဲယာနှင့် မြစ်ကမ်းနားဘေး တစ်လျှောက်ရှိ ပလတ်စတစ်အမှိုက်များ၊ စွန့်ပစ်အမှိုက်များကို ကောက်ယူခြင်း၊ ကောက်ယူပြီး ပလတ်စတစ်အမှိုက်များကို စနစ်တကျသိမ်းဆည်း စွန့်ပစ်ခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ပလတ်စတစ်ကင်းစင်ရေးအတွက် ထုတ်ဝေထားသည့် အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပုဂံဒေသ ပလတ်စတစ်ကင်းစင်ရေး လှုပ်ရှားမှုအဖွဲ့သည် အပတ်စဉ် စနေနေ့တိုင်း ပလတ်စတစ်ကင်းစင်ရေးလှုပ်ရှားမှုအဖြစ် စွန့်ပစ်ပလတ်စတစ်အမှိုက်များ ပေါ်များသည့် နေရာများတွင် သန့်ရှင်းရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။ ဒေသခံ လူမှုရေးအသင်းအဖွဲ့များကလည်း အလျဉ်းသင့်သလို ပါဝင်ကူညီလုပ်အားပေးလျက်ရှိကြောင်း၊ အဆိုပါအဖွဲ့သည် ပုဂံဒေသအား ပလတ်စတစ်ကင်းစင်နယ်မြေအဖြစ် သတ်မှတ်နိုင်ရေး၊ ခရီးသွားမြို့တော်ဖြစ်သည်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရေးတို့အတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

## ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်း (Town Plan) ရေးဆွဲနိုင်ရေး လွှတ်တော် ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေး

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၏ မြို့ပြစီမံကိန်းရေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦးက အဖွင့်အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း (Town Plan) ရေးဆွဲနိုင်ရေးကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် မြို့ပြအိမ်ရာတိုးချဲ့တည်ဆောက်ရေး၊ ရေကောင်းရေသန့်လုံလောက်စွာရရှိရေးနှင့် ရေဆိုးမြောင်းများ စနစ်တကျဖောက်လုပ်ရေး၊ လျှပ်စစ်မီးလုံလောက်စွာရရှိရေး အစရှိသည်များကို မိမိတို့မြို့နယ်အတွင်း တိုးပွားလာမည့်လူဦးရေနှင့် ချိန်ထိုးတွက်ချက်၍ စနစ်တကျ စီမံကိန်းရေးဆွဲဖို့လိုအပ်မှာဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့်စည်ပင်သာယာရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာများက မိမိ တို့လုပ်ငန်းဌာနအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးကြသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးက မိမိတို့လုပ်ငန်း၊ ဌာနအလိုက်လိုအပ်ချက်ရှိသည်များကို စာရင်းဇယားနှင့်တစ်ကွ တိတိကျကျ မှန်မှန်ကန်ကန် ပြုစုပေးကြရန်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအနေဖြင့်လည်း မိမိတို့ရပ်ကွက်အလိုက်၊ အိမ်ထောင်စုတစ်ခုချင်းအလိုက် လိုအပ်သည့်စာရင်းများ ပြုစုပေးကြရန် ဆွေးနွေးမှာကြားသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကိုက မိမိတို့လုပ်ငန်းဌာန အလိုက်လိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်းနှင့် တိတိကျကျ တင်ပြသွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါအခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကို၊ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## မဟာလောကမာရဇိန်ကုသိုလ်တော် ဘုရားဝန်းအတွင်း၌ ဘုရားဖူးများနားနေနိုင်ရန် စတီးထိုင်ခုံများထားရှိ

**မန္တလေး နိုဝင်ဘာ ၂၁**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားဝင်းအတွင်း၌ ဘုရားဖူးပြည်သူများ နားနေနိုင်ရန် စတီးထိုင်ခုံများ ထားရှိသည်။

မဟာလောက မာရဇိန်ကုသိုလ်တော် ဘုရားဂေါပကအဖွဲ့ဝင် ဦးအုန်းမောင်က ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ကုသိုလ်တော်ဘုရားကြီးသို့ ဘုရားဖူးများ နေ့စဉ်လာရောက်မှုများပြားကြောင်း၊ နေ့လယ်ပိုင်းတွင် ပြည်တွင်းဘုရားဖူးများ ပိုမိုလာရောက်၍ ညနေပိုင်းတွင် နိုင်ငံခြားသား ခရီးသွားများလာရောက်မှု ပိုမိုများပြားကြောင်း၊ အခါကြီးရက်ကြီးများတွင် အလွန်စည်ကားကြောင်း၊ ထို့ကြောင့် ဘုရားဖူးများ အဆင်ပြေပြေနားနေနိုင်ရန် စတီးထိုင်ခုံများ ထားရှိကြောင်း၊ ဘုရားဝန်းအတွင်း၌ ထိုင်ခုံ ၂၄ ခုံရှိပြီး အဝင်မုခ်ဦးရှေ့တွင်လည်း လေးခုံ စုစုပေါင်း ၂၈ ခုံ ထားရှိကြောင်း၊ စန္ဒာမုနိဘုရားဝင်းအတွင်း၌လည်း စတီးထိုင်ခုံများထားရှိကြောင်း၊ အဆိုပါစတီးထိုင်ခုံများအား ဂေါပကအဖွဲ့မှ ဦးဆောင်၍ တစ်ဦးချင်းအလှူရှင်များ၊ စုပေါင်းအလှူရှင်များ လာရောက်လှူဒါန်းမှုဖြင့် ဆောင်ရွက်ထားရှိကြောင်း၊ ထိုင်ခုံများတွင်လည်း အလှူရှင်အမည်များ ကမ္ပည်းထိုးပေးထားကြောင်း၊ အဓိကမှာ ဘုရားဖူးပြည်သူများ အဆင်ပြေပြေ နားနေနိုင်ရန်ဖြစ်ကြောင်း၊ ဂေါပကအဖွဲ့အနေဖြင့်လည်း လာမည့်လတွင် စေတီတော်ကြီးအားလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောပြသည်။

မဟာလောက မာရဇိန်ကုသိုလ်တော် ဘုရားဝန်းအတွင်း၌ ပိဋကတ်သုံးပုံ ပါဠိတော် ကျောက်စာပေါင်း ၇၂၉ ချပ်ရှိပြီး ကျောက်စာတစ်ချပ်လျှင် ဓမ္မစေတီတစ်ဆူနှုန်းဖြင့် ၁၃ ဧက ကျယ်ဝန်းသော စေတီပရိဝုဏ် သုံးထပ်အတွင်းစိုက်ထူတည်ဆောက်ထားကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားနယ်မြေငါးခုတွင် ပြည်တွင်း၊ ပြည်ပခရီးသည် ဝင်ထွက်မှုမြင့်တက်

**မုံရွာ နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ အများဆုံး ဝင်ထွက်သွားလာသည့် မုံရွာ၊ စစ်ကိုင်း၊ ရွှေဘို၊ ကလေးနှင့် ကသာမြို့တို့တွင် ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ် စက်တင်ဘာလကုန်အထိ ၃၁ ဒသမ ၇၄ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

နိုင်ငံခြားသားများ ဝင်ရောက်မှုအနေဖြင့် မုံရွာမြို့နယ်အတွင်းသို့ နိုင်ငံစုံမှ ဝင်ရောက်မှုရှိပြီး ရွှေဘိုသို့ ပြင်သစ်၊ စပိန်၊ တရုတ်နိုင်ငံတို့မှလည်းကောင်း၊ ကလေးမြို့ကို အမေရိကန်၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှလည်းကောင်း၊ စစ်ကိုင်းမြို့သို့ တရုတ်၊ နယ်သာလန်နှင့် ကိုရီးယားနိုင်ငံတို့မှလည်းကောင်း၊ ကသာမြို့သို့ ဂျာမန်၊ ဆွစ်ဇာလန်နှင့် အီတလီနိုင်ငံတို့မှလည်းကောင်း အများဆုံးဝင်ရောက် လည်ပတ်လျက်ရှိကြောင်း သိရသည်။

“စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ခရီးသွားနယ်မြေတွေကို တစ်နှစ်ထက်တစ်နှစ် နိုင်ငံခြားသား ဧည့်သည်တွေ ဝင်ရောက်မှုကများလာတယ်။ ခရီးသွားနယ်မြေအတွင်းမှာရှိတဲ့ လည်ပတ်စရာနေရာတွေကို သတင်းထုတ်ပြန်ပေးတယ်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်၊ ဟိုတယ်ဝက်ဘ်ဆိုက်တွေကနေ အမြဲတင်ပေးတယ်။ အဲဒီအတွက်လည်း ခရီးသွားဝင်ရောက်မှု များလာတာပါ။ ၂၀၁၅ ခုနှစ်ကနေ ၂၀၁၆ ခုနှစ် စက်တင်ဘာလကုန်အထိဆိုရင် ၃၁ ဒသမ ၇၄ ရာခိုင်နှုန်းအထိ တိုးတက်လာပါတယ်။ အခုနှစ်ဆိုရင် ခရီးသွားရာသီက အစပဲရှိသေးတဲ့အတွက် ရာခိုင်နှုန်းက အတက်မှာပဲရှိမှာပါ” ဟု စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သူဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်မှုအနေဖြင့် ၂၀၁၅ ခုနှစ် တွင် ၇၁၉၅၃ ဦးအထိရှိခဲ့ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာလကုန်အထိ ၉၄၇၉၃ ဦး ဝင်ရောက်ခဲ့သဖြင့် ယခုနှစ်တွင် ခရီးသွားဝင်ရောက်မှု ၃၁ ဒသမ ၇၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှု ဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။ **မင်းဝေ(မုံရွာ)**

## မော်လိုက်မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**မော်လိုက် နိုဝင်ဘာ ၂၁**

ပူပြင်းခြောက်သွေ့သော ပွင့်လင်းရာသီသို့ ရောက်ရှိလာခြင်းကြောင့် မော်လိုက်မြို့ မြို့မဈေးကြီးအတွင်းရှိ အဆောက်အအုံများ၊ ပစ္စည်းများ မီးဘေးကြောင့် ဆုံးရှုံးမှုများ မရှိစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး အကြိုဇာတ်တိုက်လေ့ကျင့်ခြင်းကို နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက အဆိုပါမြို့မဈေးကြီးအတွင်း၌ ပြုလုပ်ခဲ့ကြသည်။

ယင်းနောက် မီးဘေးကြိုတင်ကာကွယ်ရေး အကြိုဇာတ်တိုက်လေ့ကျင့်ခြင်းကို ခရိုင်မီးသတ်ဦးစီးမှူးက ဦးဆောင်၍ မြို့နယ်သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များနှင့် ဈေးသူ၊ ဈေးသားများ ပူးပေါင်း၍ တိုင်းဒေသကြီး အစိုးအရအဖွဲ့မှ ထောက်ပံ့ပေးအပ်ထားသည့် မီးငြိမ်းသတ်ယာဉ်ဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

ယင်းနောက် မီးသတ်ဆေးဘူးဖြင့် နည်းစနစ်မှန်ကန်စွာ မီးငြိမ်းသတ်နိုင်ရေးတို့ကို ခရိုင်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးနိုင်ဇံက ရှင်းလင်းပြောကြားခဲ့ပြီး ဈေးသူ၊ ဈေးသားများအား တိုင်ကီပိုင်းထဲတွင် မီးတောက်ပြုလုပ်၍ လက်တွေ့မီးငြိမ်းသတ်နည်းများ ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေး အကြိုဇာတ်တိုက်လေ့ကျင့်ခြင်းသို့ မော်လိုက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုး၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မော်လိုက်သားလေး**



## မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောသရုပ်ပြသ

**သာပေါင်း နိုဝင်ဘာ ၂၁**

သာပေါင်းမြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနမှ စာသင်ကျောင်းအခြေပြု မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်သရုပ်ပြပွဲကို အ.ထ.က သာပေါင်းကျောင်းရှိ သော်ကဆောင်ခန်းမ၌ နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်က မီးသတ်တပ်ဖွဲ့ သမိုင်းကြောင်းနှင့် မီးလောင်မှုဖြစ်စေနိုင်သော ကိစ္စရပ်များ၊ ကြိုတင်ကာကွယ်တားဆီးနိုင်ရန် နည်းလမ်းများ၊ မီးငြိမ်းသတ်နည်းများ၊ မီးသတ်ဦးစီးဌာနလုပ်ငန်းတာဝန်များ၊ မီးလောင်မှုဖြစ်ပေါ်လာပါက သတင်းပေးအကြောင်းကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် နည်းလမ်းများအား ရှင်းလင်းပြောကြားပြီးနောက် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညီညီနိုင်က မီးငြိမ်းသတ်ပုံနည်းစနစ်များနှင့် မီးသတ်ဆေးဘူးအသုံးပြုနည်းများကို ရှင်းလင်းပြသသည်။

ယင်းနောက် စာသင်ကျောင်းအခြေပြု မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောသရုပ်ပြပွဲသို့ တတ်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူ ၃၅၀ တို့ကို လက်တွေ့မီးသတ်ဆေးဘူးအသုံးပြု မီးငြိမ်းသတ်နည်းအား လက်တွေ့ပါဝင် မီးငြိမ်းသတ် သရုပ်ပြလေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

**မျိုးဇော်သိန်း (ပြန်/ဆက်)**

## သုံးမြွှာပူးမွေးဖွားသည့်မိခင်အား ထောက်ပံ့ငွေပေးအပ်

**ပုသိမ် နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်ဇီးမှော်ကျေးရွာနေ ဖခင် ဦးသက်ခိုင်ဦးနှင့် ဒေါ်သီတာဝင်းတို့က ဩဂုတ် ၃၁ ရက်တွင် မိန်းကလေး သုံးမြွှာပူးအား ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် မွေးဖွားခဲ့သဖြင့် ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးနှင့် တာဝန်ရှိသူများမှ နိုဝင်ဘာ ၁၈ ရက်က ထောက်ပံ့ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းခဲ့သည်။

မိခင်ဖြစ်သူ ဒေါ်သီတာဝင်းက သုံးမြွှာပူးမိန်းကလေးမွေးဖွားပြီးနောက်ပိုင်းမှာ မိခင်ရော ကလေးပါ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်းနှင့် ယခုလို လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ထောက်ပံ့သောငွေကြေးအား အတိုင်းမသိ ဝမ်းသာပါကြောင်း ပြောကြားခဲ့သည်။

**မြင့်ဟန်(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အဆုတ်ကင်ဆာရောဂါနှင့် လေဖြတ်ရောဂါအကြောင်း ပညာပေးဟောပြော



**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ အဆုတ်ကင်ဆာရောဂါ (Lung Cancer)၊ လေဖြတ်ရောဂါ (Stroke) အကြောင်းနှင့် ပတ်သက်၍ ထိရောက်စွာကာကွယ်မှု၊ ကုသမှု အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ပင်လုံဆေးရုံကြီး အထွေထွေ၊ ရင်ခေါင်း၊ အသည်း၊ ပန်ကရိယရောဂါများ အထူးခွဲစိတ်ကုဆရာဝန်ကြီး ပါမောက္ခဦးနော်မန်လှက သေးငယ်သော ဆဲလ်မဟုတ်သည့် အဆုတ်ကင်ဆာနှင့် သေးငယ်သော ဆဲလ်အဆုတ်ကင်ဆာဟူ၍ အဆုတ်ကင်ဆာနှစ်မျိုးရှိကြောင်း၊ အဆုတ်ကင်ဆာရောဂါလက္ခဏာများ၊ ခန္ဓာကိုယ်၏ အခြားသော အစိတ်အပိုင်းများမှ ဖြစ်ပေါ်တတ်သော ရောဂါလက္ခဏာများနှင့် ပထမအဆင့် ရောဂါကာကွယ်ခြင်း၊ ဒုတိယအဆင့် ရောဂါကာကွယ်ခြင်းများရှိပါ၍ အချိန်မီစစ်ဆေးကုသခြင်း၊ ကြိုတင်ကာကွယ်ခြင်းများ ပြုလုပ်ပါက ပျောက်ကင်းနိုင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြောက်ဥက္ကလာပ ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဒေါ်ဖြူဖြူလေးက ဦးနှောက်အတွင်းရှိ သွေးကြောငယ်များကျဉ်း၍ ပိတ်ခြင်း၊ နှလုံးနှင့် သွေးလွှတ်ကြောများမှ သွေးခဲငယ်များ လာရောက်ပိတ်ဆို့ခြင်းဟူ၍ လေဖြတ်ရောဂါအမျိုးအစား နှစ်မျိုးရှိကြောင်း၊ လေဖြတ်ခြင်းကိုဖြစ်ပေါ်စေသည့် အကြောင်းတရားများ၊ လေဖြတ်ရောဂါ၏ လက္ခဏာများနှင့် လေဖြတ်ရောဂါဖြစ်ပါက ကျွမ်းကျင်သောဆရာဝန်၊ သူနာပြု အကြောအဆစ်သန်စွမ်းရေး ကျွမ်းကျင်သူများရှိသော လေဖြတ်ရောဂါအထူးကုဌာန (သို့) ဆေးရုံသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူခြင်းဖြင့် လေဖြတ်ခြင်းရောဂါကို ကာကွယ်နိုင်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ ပင်လုံဆေးရုံကြီး အထွေထွေ၊ ရင်ခေါင်း၊ အသည်း၊ ပန်ကရိယရောဂါများ အထူးခွဲစိတ်ကုဆရာဝန်ကြီး ပါမောက္ခ ဦးနော်မန်လှ၊ မြောက်ဥက္ကလာပဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဒေါ်ဖြူဖြူလေး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) အ.ထ.က (၁) မှဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဒဂုံမြောက်(ပြန်/ဆက်)**

## မုတ်သုံမိုးကုန်ဆုံးသွားသော်လည်း ရေစီးရေလာကောင်းမွန်ရေး ဆက်လက်ဆောင်ရွက်



**ရန်ကုန် နိုဝင်ဘာ ၂၁**

အနောက်တောင်မုတ်သုံမိုး ဆုတ်ခွာသွားပြီဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးတွင် ရေစီးရေလာကောင်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရာ နိုဝင်ဘာ ၁၉ ရက်က လှိုင်မြို့နယ် အမှတ် ၂ ရပ်ကွက်တွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းကြီးကြပ်မှုဖြင့် သန့်ရှင်းရေးဌာနမှ မြောင်းရှင်းလုပ်သားများက သီရိလမ်းမကြီးတစ်လျှောက် ရေနုတ်မြောင်းအတွင်း ပိတ်ဆို့အမှိုက်၊ ရွှံ့၊ နွံများ ဆယ်ယူရှင်းလင်းနေမှုကို မြင်တွေ့ရသည်။

"သီရိလမ်းမကြီး ရေနုတ်မြောင်းက ရွာမကျောင်းလမ်းကတစ်ဆင့် ကမာရွတ်ချောင်းထဲကို စီးဆင်းသွားပြီး ကမာရွတ်ချောင်းမှတစ်ဆင့် လှိုင်မြစ်ထဲကို စီးဆင်းသွားတယ်"ဟု လက်ထောက်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းက ပြောသည်။

လှိုင်မြို့နယ်တွင် ကမာရွတ်ချောင်း၊ ချောင်းဝချောင်း၊ ပိတောက်ချောင်းနှင့် သမိုင်းချောင်းတို့ ဖြတ်သန်းစီးဆင်းနေပြီး နေရာအချို့တွင် ချောင်းများကွေ့ကောက်စီးဆင်းနေမှုကြောင့် ရေစီးနှင့် မျောပါလာသော အမှိုက်များ ပိတ်ဆို့မှုရှိနေသဖြင့် မကြာခဏ ဆယ်ယူရှင်းလင်းနေသည်ဟု သိရသည်။

၂၀၁၄ ခုနှစ်က ထူးကဲဒီရေတက်မှုကြောင့် သမိုင်းချောင်း ရေလျှံမှုဖြစ်ပေါ်ပြီး အမှတ် ၁၆ ရပ်ကွက် မာလာမြိုင် ၈၊ ၉ လမ်းတို့တွင် ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း မြို့နယ်မှတ်တမ်းများအရ သိရသည်။ ယခုအခါ အင်ဂျင်နီယာ (လမ်းနှင့် တံတား)ဌာနမှ ရေပေါ်သွားစက်ယန္တရား ပံ့ပိုးကူညီမှုဖြင့် သမိုင်းချောင်းအပါအဝင် တိမ်ကောနေသော ချောင်းများကို တူးဖော်ဆယ်ယူထားသည်ဟု သိရသည်။

**မောင်သုည**

## ကမ္ဘာ့ကလေးသူငယ်များအခွင့်အရေးနေ့အခမ်းအနားကျင်းပ

**သီပေါ နိုဝင်ဘာ ၂၁**

၂၀၁၆ ခုနှစ် ကမ္ဘာ့ကလေးသူငယ်များအခွင့်အရေးနေ့ (UNCR Day) အခမ်းအနားကို သီပေါမြို့ ကလေးသူငယ်များစောင့်ရှောက်ရေးအဖွဲ့ (Save the Children lnternational) မှ စီစဉ်မှုဖြင့် နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက သီပေါမြို့နယ် တပ်မတော်အထက်တန်းကျောင်း(ပန်ညျ) ကွင်းပြင်၌ ကျင်းပခဲ့သည်။

တပ်မတော်အထက်တန်းကျောင်း အုပ်ချုပ်မှုအရာရှိ ဗိုလ်ကြီးအောင်စိုးမိုးက အမှာစကားပြောကြား၍ စီမံကိန်းအရာရှိ ဒေါ်ခိုင်မိုးဝင်းက ကလေးသူငယ်များအား စောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် ယခုနှစ်တွင် ကလေးများအရေး ပိုမိုရင်းနှီးမြှုပ်နှံပေး ဆောင်ပုဒ်နှင့်အညီ တိုးမြှင့်ဆောင်ရွက်မှုများကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံကိန်းဦးစီးအရာရှိ ဦးဇော်မြင့်က ကလေးသူငယ်များအားကစားပြိုင်ပွဲ စီစဉ်ကျင်းပရေးလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ သီပေါကိုလတ်က ကလေးသူငယ်များနှင့် စာနယ်ဇင်းမီဒီယာ အခွင့်အရေးများအကြောင်းကို ဟောပြောသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားပြိုင်ပွဲများကို ကျင်းပပြီး ဆုရရှိသူများအား မြို့နယ်စီမံကိန်းအရာရှိနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးမှူးနှင့် မြို့နယ်စာရေးဆရာအသင်းဝင်များ၊ တပ်မတော်အထက်တန်းကျောင်း အုပ်ချုပ်မှုအရာရှိ ဗိုလ်ကြီးအောင်စိုးမိုးနှင့် ဆရာ၊ ဆရာများ၊ ကလေးသူငယ်များစောင့်ရှောက်ရေးအဖွဲ့ (SCl) မှ မြို့နယ်တာဝန်ခံ စီမံကိန်းအရာရှိ ဒေါ်ခိုင်မိုးဝင်းနှင့် စီမံကိန်းဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် စာသင်ကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြသည်။

**ကိုနေ(သီပေါကိုနေ)**

## တောင်ဥက္ကလာပ ၁၃ ရပ်ကွက်ရှိ မြေစိုက်ရေကန် အထူးသန့်ရှင်းရေးဆောင်ရွက်

**တောင်ဥက္ကလာပ နိုဝင်ဘာ ၂၁**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဦးစောဝင်းမောင်နှင့် အရှေ့ပိုင်းခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးတင့်လွင်တို့ဦးဆောင်ကာ နိုဝင်ဘာ ၁၉ ရက် နံနက်က တောင်ဥက္ကလာပမြို့နယ် ၁၃ ရပ်ကွက် ယသဝတီလမ်းရှိ မြေစိုက်ရေကန် ကန်ပေါင်တစ်လျှောက် မြက်ချုံများရှင်းလင်းခြင်း၊ ကန်ရေပြင်၌ အမှိုက်နှင့်ဒိုက်များ ဆယ်ယူဖယ်ရှားပေးခြင်းများကို သန့်ရှင်းရေးဌာန၊ ပန်းဥယျာဉ်ဌာနနှင့် လမ်းတံတားဌာန ဝန်ထမ်းများဖြင့် ဆောင်ရွက်ပေးခဲ့ကြသည်။

"မြေစိုက်ရေကန်တွေက အရေးပေါ်အခြေအနေများမှာ ရေလုံလောက်စွာရရှိစေတဲ့အတွက် အလွန်အသုံးဝင်ပါတယ်။ ရေရှည်တည်တံ့အောင်ထိန်းသိမ်းပေးတာပါ။ ရေကန်ဝန်းကျင်မှာ မြက်ချုံတွေရှင်းလင်းပြီး မြင်ကွင်းရှင်းနေတဲ့အတွက် မသမာမှုတွေလည်း ကင်းဝေးမှာဖြစ်ပါတယ်" ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေဦးက ရှင်းပြသည်။

အဆိုပါလုပ်ငန်းခွင်သို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ကူညီလုပ်ဆောင်ပေးခဲ့ကြသည်။

**မောင်မောင်**



# မြောင်မြို့ မြို့မဈေးတွင် စားသုံးသူရှုထောင့်အရ ကွင်းဆင်းစစ်ဆေး အသိပညာပေး



**မြောင် နိုဝင်ဘာ ၂၁**

အရည်အသွေးမြင့်မားသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဖော်ဆောင်ပေးခြင်းဖြင့် စားသုံးသူတို့အတွက် လုံခြုံစိတ်ချမှုရရှိစေရန် ရည်ရွယ်ပြီး နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့ မြို့မဈေးအတွင်း ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းများအား စားသုံးသူရှုထောင့်အရ ကျန်းမာရေးဝန်ကြီးဌာန၊ (FDA) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ စားသုံးရန်မသင့်ဟု ကြေညာထားသည့် စားသောက်ကုန်များ ရောင်းချခြင်းရှိ-မရှိကို စားသုံးသူရေးရာ ဦးစီးဌာနနှင့် ဌာနဆိုင်ရာများပါဝင်သည့် ပူးပေါင်းအဖွဲ့မှ ကွင်းဆင်းစစ်ဆေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးသူရေးရာဦးစီးဌာန(မြင်းမူ) တာဝန်ခံ ဒေါ်ခိုင်မို့မို့က စားသုံးသူများ၏ အခွင့်အရေးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ လိုက်နာရန် စည်းကမ်း၊ တာဝန်များကိုလည်းကောင်း၊ မြောင်မြို့နယ်တာဝန်ခံ ဒေါ်ခင်ချိုမြင့်က ခွင့်မပြု အရောင်ဆိုးဆေးများ အကြောင်းနှင့် FDA မှ စားသုံးရန်မသင့်ဟု ကြေညာထားသည့် စားသောက်ကုန်များ ရောင်းချခြင်းမပြုလုပ်ရန်ကိုလည်းကောင်း၊ ချောင်းဦးမြို့နယ်တာဝန်ခံ ဦးအောင်လင်းက တာရှည်ခံဆေးဝါးများနှင့် ဓာတုဗေဒဆေးဝါးများအန္တရာယ်နှင့် နောက်ဆက်တွဲ ဆိုးကျိုးများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဌာနမှ ဒေါက်တာအာကာဂျိမ်းမှ ကျန်းမာရေးရှုထောင့်အရ သံချေးတက်စည်သွပ်ဘူး၊ ကွမ်းဆိုင်များမှ တရားမဝင်ဆေးများ၊ မှိုတက်နေသည့် စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်းမပြုလုပ်ရန် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများအကြောင်းကိုလည်းကောင်း အသီးသီးပညာပေး ဟောပြောခဲ့ကြပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

ယင်းသို့ မြောင်မြို့မဈေးအတွင်းရှိ ဈေးဆိုင်များအား ကွင်းဆင်းစစ်ဆေးရာတွင် ဆိုင်ခန်းပေါင်း ၂၅ ခန်းနှင့် ဈေးသည် ၁၅ ဦး၊ ပုံကျဈေးသည် ၂၀ တို့အား စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်မြင့်ထွန်း၊ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအာကာဂျိမ်း၊ ပညာရေးဌာနမှ ဒုပညာရေးမှူး ဦးအေးကို၊ စည်ပင်ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များမှ ပူးပေါင်းစစ်ဆေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

## နှမ်းသီးနှံမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် ကွင်းသရုပ်ပြသ

**ချောင်းဦး နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ဘူတာကျေးရွာ အောင်ချမ်းသာကွင်း အမှတ်-၁၉၉၉၊ ဦးပိုင် ၁၉၄၊ တောင်သူ ဦးသောင်းငွေ၏ နှမ်းမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် ဩဂဲနစ်ရွက်ဖျန်းမြေဩဇာသုံး နှမ်းစိုက်ခင်းများကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

နှမ်းသီးနှံမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် သရုပ်ပြပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခင်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မုံရွာခရိုင်မျိုးစေ့တာဝန်ခံ ဦးစီးအရာရှိ ဒေါ်သောင်းငွေက မျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားသည်။ ချောင်းဦးမြို့နယ်ဦးစီးမှူး ဒေါ်သန်းလှက ဆောင်းနှမ်းမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်များနှင့် နှမ်းမျိုးများ၏ အရည်အချင်း၊ လက္ခဏာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဩဂဲနစ်ရွက်ဖျန်းမြေဩဇာသုံးစွဲရခြင်း၏ အကျိုးကျေးဇူးများကို မန်းဒကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းဆွေးနွေးပြီး အဆိုပါကွင်းသရုပ်ပြပွဲသို့ စိုက်ပျိုးရေးဝန်ထမ်းနှင့် တောင်သူစုစုပေါင်း ၁၀၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်ပြန်/ဆက်(ချောင်းဦး)**

## ပခုက္ကူဆေးရုံကြီးတွင် သန့်ရှင်းရေးစုပေါင်းဆောင်ရွက်

**ပခုက္ကူ နိုဝင်ဘာ ၂၁**

ပခုက္ကူခရိုင် ပခုက္ကူပြည်သူ့ဆေးရုံကြီးတွင် အကျဉ်းဦးစီးဌာနပခုက္ကူမှ သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းကို နိုဝင်ဘာ ၁၉ ရက် နံနက် ၈ နာရီက ဆောင်ရွက်ပေးကြောင်း သိရသည်။

သန့်ရှင်းရေးဆောင်ရွက်ပေးပွဲသို့ ပခုက္ကူခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဘုန်းမော်၊ အကျဉ်းဦးစီးဌာန ထောင်မှူးကြီး ဦးနိုင်မင်းချိုနှင့် ဝန်ထမ်းများ၊ ပခုက္ကူမြို့ရှိ လူမှုကူညီရေးအသင်းများတက်ရောက်ကြောင်း သိရသည်။

ပခုက္ကူဆေးရုံကြီးကို ချင်းပြည်နယ်တောင်ပိုင်းမြို့နယ်များ၊ ယောဒေသရှိမြို့နယ်များ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး ဆက်စပ်မြို့နယ်များ၊ ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်များမှ လာရောက်ကုသကြသည့်အတွက် ဆေးရုံတက်လူနာများပြီး စွန့်ပစ်ပစ္စည်းများပြားကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများလည်း အတတ်နိုင်ဆုံး၊ အကောင်းဆုံး ဆောင်ရွက်ချက်ပေးလျက်ရှိကြောင်း သိရသည်။ **တင်အောင်ဝင်း(ခရိုင်ပြန်/ဆက်)**

# မျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်းအား မျိုးကွဲနုတ်ပယ်ခြင်း ကွင်းသရုပ်ပြ



**ဒီပဲယင်း နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများ စိုက်ပျိုးရေးနည်းပညာဆိုင်ရာ မျိုးကောင်းမျိုးသန့်များ ရရှိစေရန်အတွက် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက ရွာရှည်ကျေးရွာ တောင်သူ ဦးတိုက်ကြီးအောင်၏ ကွင်းအမှတ် (၂၀၃၈)၊ ဦးပိုင်အမှတ် ၁၄၊ လယ်မြေ ငါးဧကတွင်စိုက်ပျိုးထားသော ရွှေဘိုပေါ်ဆန်း မျိုးသန့်မျိုးစေ့ထုတ် စံပြစိုက်ခင်းတွင် ကွင်းသရုပ်ပြပွဲ ပြုလုပ်ခဲ့သည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအေးမင်းထွန်းက မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာများနှင့် မျိုးကွဲပယ်ခြင်းဖြင့် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ရရှိလာမည့်အကျိုးကျေးဇူးများကို ပညာပေးရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် စံပြစိုက်ခင်းတွင် မျိုးကွဲနုတ်ပယ်ခြင်းဖြင့် စိုက်ပျိုးထားသော ရွှေဘိုပေါ်ဆန်းစပါး အောင်မြင်ဖြစ်ထွန်းနေမှုများကို ပြသခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းဇော်ထွေး၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမြင့်ဦးနှင့် ဒေသခံတောင်သူ ၇၀ ကျော် တက်ရောက်ကြည့်ရှုခဲ့ပြီး သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

## မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူခြင်းနှင့် ကွင်းသရုပ်ပြပွဲကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှပြုလုပ်သော မိုးစပါး(လယ်) ရွှေရင်အေးစပါးစိုက်ခင်းတွင် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူခြင်းနှင့် ကွင်းသရုပ်ပြပွဲကို ရွှေညောင်(မြို့မ)ကျေးရွာအုပ်စု ကွင်းအမှတ်(၁၀၁) တောင်သူဦးလောလီလယ်၌ နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က အဖွင့်အမှာစကားပြောကြားသည်။ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသိန်းဝင်းက ကွင်းသရုပ်ပြပွဲ(Field Day )ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းခြင်း၊ ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသိန်းဦးက စံကွက်ရိတ်သိမ်းခြင်း နည်းစနစ်များကို ရှင်းလင်းပြောကြားပေးခဲ့ကြသည်။

ယင်းနောက် တောင်ကြီးမြို့နယ်၏ ရွှေညောင်(မြို့မ)ကျေးရွာအုပ်စု တောင်သူဦးလောလီ၏ ရွှေရင်အေးစပါးမျိုးကွက် ၆၆ ပေပတ်လည် စံကွက်ရိတ်သိမ်း စစ်တမ်းကောက်ယူရာတွင် တစ်ဧက ၁၄၅ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူခြင်းနှင့် ကွင်းသရုပ်ပြပွဲသို့ ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ တောင်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်စုမှ တောင်သူများ၊ စိုက်ပျိုးရေး၊ မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုများ စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

## ကျေးရွာချင်းဆက် ကွန်ကရစ်တံတား ဖွင့်ပွဲ တနသာရီ၌ကျင်းပ

**တနင်္သာရီ နိုဝင်ဘာ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တနင်္သာရီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လူထုဗဟိုပြုစီမံကိန်း (NCDDP) အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ပဝကျေးရွာအုပ်စု ပဝရွာနှင့် ပဝကျွန်းရှည်ရွာ ရွာချင်းဆက်ကွန်ကရစ်တံတားဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီ မိနစ် ၂၀ က ၎င်းကွန်ကရစ်တံတားထိပ် ယာယီမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ယင်းနောက် လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်အောင်ဦးက စီမံကိန်းဆိုင်ရာနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းပြောကြား၍ ပဝကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးနိုင်ငယ်နှင့် ကျေးရွာကော်မတီဝင် ဦးဆန်းမင်းသူတို့က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားခဲ့ကြသည်။

အဆိုပါ ကွန်ကရစ်တံတားအား လူထုစီမံကိန်း (ပထမနှစ်) မူလခွင့်ပြုရန်ပုံငွေ ၅၅ သိန်းနှင့်ညီမျှသော တံတားအရှည်ပေ ၁၀၀ ကို ခွင့်ပြုခဲ့သော်လည်း ၎င်းကျေးရွာမှ ဒေသခံပြည်သူများ၏လုပ်အားခငွေ သိန်း ၁၉ သိန်းကျော် အပါအဝင် စုစုပေါင်း ၇၄ သိန်းကျော်ဖြင့် အရှည် ၃၆၃ ပေအား ကွန်ကရစ်တိုင်၊ ကွန်ကရစ်ခင်း၊ သစ်သားလက်ရမ်းအထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ယင်းရွာချင်းဆက်တံတားသည် ယခင်သစ်သားတိုင်၊ သစ်ခင်းဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားသဖြင့် ကျေးရွာနေ အလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံများ၏ ကျန်းမာရေးကဏ္ဍများအတွက် အခက်အခဲရှိခဲ့ကြောင်း ယခုကွန်ကရစ်တံတားဆောက်လုပ်ပြီးစီးသည့်အတွက် မော်တော်ဆိုင်ကယ်များပါ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ပြီဖြစ်သည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း ဒေသခံများမှ ပြောပြသည်။ **နန့်သာရီထိန်ဝင်း (ပြန်ဆက်)**

## ရွာတွင်းလမ်းများ ပြုပြင်ဆောင်ရွက်ပြီး၍ ဒေသခံများ ဝမ်းသာပျော်ရွှင်

**ဝန်းသို နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် မော်ခါးကျေးရွာအုပ်စု ကျည်ကုန်းကျေးရွာနှင့် ဂျိုးတောင်ကျေးရွာအုပ်စု ဇီးဖြူကုန်းကျေးရွာ ရွာတွင်းလမ်းများ ပြုပြင်ဆောင်ရွက်ပြီး၍ ဒေသခံပြည်သူများ ဝမ်းသာပျော်ရွှင်နေကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။


"ကျွန်တော်တို့ ရွာတွင်းလမ်းဟာ မိုးတွင်းဆိုရွှံ့တွေ၊ ဗွက်တွေနဲ့မို့ စက်ဘီး၊ ဆိုင်ကယ်မပြောနဲ့ ခြေကျင်တောင် သွားလို့လာလို့ မကောင်းဘူးဗျ" ဟု ကျည်ကုန်းရွာမှ ဒေသခံတစ်ဦးက ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေကျပ်သိန်း ၁၀၀၀ မှ ကျည်ကုန်းရွာတွင်းလမ်းအား ခွဲဝေခွင့်ပြုရန်ပုံငွေကျပ် ခုနစ်သိန်းနှင့် ဇီးဖြူကုန်းရွာတွင်းလမ်းအား ခွင့်ပြုရန်ပုံငွေကျပ် ၁၀ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းများ ဆောင်ရွက်ထားမှုအခြေအနေအား နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြတ်မျိုးထွန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဦးသိန်းဆွေမြင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီး ဦးအောင်ဇင်ထိုက်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **လှိုင်မျိုးထွန်း(ဝန်းသို)**

# ဝံသာနုစိတ်ဓာတ်ကိုသန္ဓေတည်ပေးခဲ့သောအမျိုးသားနေ့

မောင်သောင်းဝင်း(တမန်ဟောင်း)




ကမ္ဘာ့နိုင်ငံအသီးသီးတွင် သက်ဆိုင်ရာနိုင်ငံအလိုက် ဂုဏ်ယူတန်ဖိုးထားသည့် ထူးခြားလေးနက်သော နေ့ရက်များရှိကြသည်။ ထိုထူးခြားလေးနက်သည့်နေ့ရက်များတွင် အဓိပ္ပာယ်ရှိသောဦးတည်ချက်များဖြင့် အထိမ်းအမှတ်အခမ်းအနားများကျင်းပလျက်ရှိကြသည်။ ထိုနည်းတူစွာပင် မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့ စသည့်တန်ဖိုးမဖြတ်နိုင်သော အထိမ်းအမှတ်နေ့များရှိပါသည်။ ထိုနေ့များအနက် လွတ်လပ်ရေးတိုက်ပွဲကာလတွင် ပြည်သူများအား မောင်းနှင်အားဖြစ်စေသည့် နေ့တစ်နေ့ရှိခဲ့သည်။ ထို့နေကား အခြားမဟုတ်ချေ။ တိုင်းရင်းသားပြည်သူအားလုံး သိရှိထားပြီးဖြစ်သည့် အမျိုးသားနေ့ (National Day)ပင်ဖြစ်ပေသည်။

မျိုးချစ်စိတ်ဓာတ်ပြင်းထန်သော ကျောင်းသားလူငယ်များက နယ်ချဲ့အစိုးရကို အတိအလင်း တော်လှန်ခဲ့သည့် သမိုင်းဝင်သောထိုနေ့၊ ထိုရက်ကို မျိုးဆက်သစ်လူငယ်များ အမှတ်တရရှိနေစေရန်အတွက် နှစ်စဉ်တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်း၌ အမျိုးသားနေ့အခမ်းအနားများ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ကျောင်းသားများအပါအဝင် ဝန်ထမ်းများနှင့်ပြည်သူအားလုံး တစ်ခဲနက်ပါဝင်ဆင်နွှဲနိုင်ရန်အတွက် ထိုနေ့ကို ရုံးပိတ်ရက်အဖြစ်သတ်မှတ်ကာ နှစ်စဉ်ကျင်းပလျက်ရှိသည်။ ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့သည် (၉၆) နှစ်မြောက် အမျိုးသားနေ့ အခါသမယဖြစ်ပေသည်။

## လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲ

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့၊ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တွင် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားများသည် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် သပိတ်မှောက်ခဲ့ကြသည်။ ထိုသပိတ်သည် ဗြိတိသျှနယ်ချဲ့တို့က မြန်မာနိုင်ငံအား မတရားသိမ်းပိုက်ပြီးနောက် လွတ်လပ်ရေးအတွက် အမျိုးသားတော်လှန်ရေးကြီးကို စတင်လိုက်ခြင်းပင်ဖြစ်သည်။ ထိုကျောင်းသားသပိတ်သည် တစ်နိုင်ငံလုံးသို့ တစ်မဟုတ်ချင်းပျံ့နှံ့သွားခဲ့သည်။ ထို့အပြင် ထိုသပိတ်ကိုအခြေခံပြီး ထွက်ပေါ်လာသည့်မျိုးချစ်စိတ်ဓာတ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုရယူ တည်ဆောက်ကာ လွတ်လပ်ရေးတိုက်ပွဲကိုလည်း အောင်မြင်အောင်ဆင်နွှဲနိုင်ခဲ့သည်။

နယ်ချဲ့တို့၏ အကောင်းဆုံးလက်နက်သည် ကိုလိုနီနိုင်ငံရှိ ပြည်သူများအား ပညာရည်အဆင့်အတန်းနိမ့်ပါးအောင်ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုရည်မှန်းချက်နှင့်အညီ ဗြိတိသျှနယ်ချဲ့တို့သည် ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် ပညာရေးစနစ်သစ် တက္ကသိုလ်အက်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုဥပဒေတွင် အဓိက အချက် ၆ ချက်ပါရှိသည်။ ထိုအချက်အားလုံးသည် မြန်မာကျောင်းသားများကို ကန့်သတ်ချုပ်ချယ်ပြီး အဆင့်အတန်းခွဲခြားထားသည်။ ကျွန်သက်ရှည်စေရန် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်သည်။

ထို့အပြင် ထိုဥပဒေသည် ငွေကြေးတတ်နိုင်သူလူနည်းစုကိုသာ တက္ကသိုလ်ပညာသင်ကြားခွင့် ရရှိစေပြီး ပညာထူးချွန်သော်လည်း ငွေကြေးမတတ်နိုင်သည့် တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် လက်လုပ်လက်စား အောက်ခြေလူတန်းစားများ၏ သား၊ သမီးများကို ပညာဆက်လက်သင်ကြားခွင့် မရရှိနိုင်အောင် ချုပ်ချယ်ကန့်သတ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

## တက္ကသိုလ်အက်ဥပဒေကို အတည်ပြု

အဆင့်အတန်းခွဲခြားထားသည့် ထိုဥပဒေကို ကောလိပ်ကျောင်းသားများအပါအဝင် ပြည်သူအားလုံးက အပြင်းအထန်ကန့်ကွက်ခဲ့ကြသည်။ မည်သို့ပင် ကန့်ကွက်နေစေကာမူ မြန်မာပြည်ဘုရင်ခံ ဆာရယ် ဂျီနယ်ကရက်ဒေါက်က မြန်မာများသည် ပညာရေးအကြောင်းနားမလည်ဟုဆိုပြီး တောင်းဆိုချက်များကို လျစ်လျူရှုကာ ထိုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှစ၍ တက္ကသိုလ်အက်ဥပဒေကို အတည်ပြုကြောင်း ကြေညာခဲ့သည်။

ထို့ကြောင့် ကောလိပ်ကျောင်းသားများသည် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရွှေတိဂုံရင်ပြင်၌ တိုင်ပင်ဆွေးနွေးကြပြီး ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ကောလိပ်နှစ်ခုစလုံးက သပိတ်မှောက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့နောက် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေကျင်တိုက် ဆရာတော်ဦးအရိယ ကျောင်းတိုက်၌ ကျောင်းသားအစည်းအဝေးပွဲကြီး ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေး၌ ဒီဇင်ဘာလ ၇ ရက်နေ့တွင် တက္ကသိုလ်ကိုသပိတ်မှောက်ရန်၊ ပညာရေးဥပဒေပြုပြင်ပေးရေးအတွက်တောင်းဆိုသွားရန်နှင့် တောင်းဆိုချက်များ မပေးသမျှကာလပတ်လုံး ကျောင်းပြန်မတက်ရန်တို့ကို ဆုံးဖြတ်ခဲ့ကြသည်။

## အမျိုးသားကျောင်းများတည်ထောင်

မူလက ဒီဇင်ဘာလ ၇ ရက်နေ့တွင် သပိတ်မှောက်ရန် စီစဉ်ထားသော်လည်း အခြေအနေပြောင်းလဲသွားသဖြင့် ဒီဇင်ဘာလ ၅ ရက်၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တွင်ကျောင်းသားများ သပိတ်မှောက်ခဲ့ကြသည်။ ထိုစဉ်က ကျောင်းသားခေါင်းဆောင် ကိုဘဦးကိုယ်တိုင်လက်မှတ်ထိုး၍ ကျောင်းသားကြေညာချက်ကို ဘုရင်ခံထံပေးပို့ခဲ့သည်။ ထိုကြေညာချက်သည် ရန်ကုန်တက္ကသိုလ် အက်ဥပဒေပါအချက်များကို ကန့်ကွက်ထားသည့်စာဖြစ်သည်။ ဘုရင်ခံထံမှ အကြောင်းပြန်ကြားခြင်းမပြုသဖြင့် ကျောင်းသားများသည် သပိတ်စခန်းတွင် အမျိုးသားကျောင်းများတည်ထောင်ရန် ဂျီစီဘီအေ ခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

ထိုစဉ်က တက္ကသိုလ်သပိတ်ကို တစ်နိုင်ငံလုံးက ထောက်ခံခဲ့ကြသည်။ ထိုအက်ဥပဒေသည် တက္ကသိုလ်ကျောင်းသားများအပြင် တက္ကသိုလ်တက်မည့် ကျောင်းသားများကိုပါထိခိုက်သဖြင့် အထက်တန်းကျောင်းသားများကလည်း သပိတ်မှောက်ခဲ့ကြသည်။ ထို့နောက် တက္ကသိုလ်ကို ရာသက်ပန်သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ၁၉၂၁ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေကျင်ကျောင်းတိုက်ကြီးတွင် အမျိုးသားကောလိပ်ကိုဖွင့်လှစ်ခဲ့သည်။ အမျိုးသားပညာရေးကောင်စီကိုလည်းဖွဲ့စည်းနိုင်ခဲ့သည်။ အောင်မြင်မှုအနေဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်းများပေါ်ထွန်းလာခဲ့သည်။

## ပညာရေးအမြတ်ပေါ်ထွက်

မည်သို့ပင်ဆိုစေကာမူ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြောင့် ပညာရေးအမြတ်များ ပေါ်ထွက်လာခဲ့သည်။ ထို့အပြင် ပြည်သူလူထုအတွင်း၌ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားစိတ်ဓာတ်များ တစ်ဟုန်ထိုးပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် ကျောင်းသားသပိတ်သည် မြန်မာတို့၏နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် တော်လှန်ရေးအောင်ပွဲဟုလည်းဆိုနိုင်ပေသည်။ ထိုသပိတ်ကြီးက မွေးထုတ်ပေးလိုက်သော အမျိုးသားနေ့ စိတ်ဓာတ်ကြောင့် နယ်ချဲ့ဆန့်ကျင်ရေးကို အတိအလင်းဖော်ပြသည့် တောင်သူလယ်သမား၊အလုပ်သမား သပိတ်များနှင့် ၁၃၀၀ ပြည့် အရေးတော်ပုံများဆက်တိုက်ပေါ်ထွက်ခဲ့သည်။

အမှန်စင်စစ်မှာမူ အမျိုးသာရေးစိတ်ဓာတ်သည် တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင်သောစိတ်ဓာတ်ပင်ဖြစ်သည်။ တစ်နိုင်ငံတည်းနေ၊ တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကိုများကို ချစ်ခင်ခြင်း၊ စောင့်ရှောက်ခြင်းနှင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ထာဝစဉ်သယ်ပိုးသွားလိုသည့်စိတ်ဓာတ်ပင်ဖြစ်ပေသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းကပင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက်၊ ဆိုးတူကောင်းဖက် လက်တွဲနေထိုင်လာခဲ့ကြသည်မှာ ငြင်းဆို၍မရသော ပကတိအရှိတရားပင်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များသည် တိုင်းပြည်နှင့် လူမျိုးအတွက် အသက်တမျှအရေးပါလှသော ထိုစိတ်ဓာတ်မျိုးကို ဆက်လက်ထိန်းသိမ်းသွားရန်လိုအပ်ပေသည်။

## ဝံသာနုစိတ်ဓာတ်ကိုအခြေခံ

ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် နယ်ချဲ့လက်အောက်ရောက်ခဲ့သည့်တိုင်အောင် ဝံသာနု စိတ်ဓာတ်ကိုအခြေခံကာ လွတ်လပ်ရေးရရှိသည်အထိတိုက်ပွဲဝင်ခဲ့ကြသည်။ ထိုသို့လွတ်လပ်ရေးအတွက် အရေးပါသည့် အမျိုးသားနေ့၏အနှစ်သာရကို မျိုးဆက်သစ်လူငယ်များအကြား အမှတ်ထင်ထင်ရှိနေရန်လည်း လိုအပ်ပေသည်။ သို့မှသာလျှင် မိမိတိုင်းပြည်နှင့် လူမျိုးကိုချစ်မြတ်နိုးစိတ်နှင့်အချုပ်အခြာအာဏာ၏ အရေးပါမှုတို့ကို တန်ဖိုးထားတတ်လာနိုင်မည်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် ဂျီစီဘီအေ အသင်းကြီးသည် ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ပြုလုပ်သည့်အထူးအစည်းအဝေးကြီး၌ ကောလိပ်ကျောင်းသားများက ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ဆန့်ကျင်ကန့်ကွက်သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့ (National Day) အဖြစ် တညီတညွတ်တည်းဆုံးဖြတ်သတ်မှတ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ နှစ်စဉ် ထိုနေ့ထိုရက် ရောက်ရှိလျှင် အမျိုးသားနေ့အခမ်းအနားများ ကျင်းပလာခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်တက်ကြွလာစေရန် သန္ဓေတည်ပေးခဲ့သော အမျိုးသားနေ့သည် ပြည်ထောင်စုဖွား မျိုးဆက်သစ်တိုင်းရင်းသားညီအစ်ကိုများအတွက် အမြဲတစေ သတိရနေရန်လိုအပ်သည့် နေ့ထူးနေ့မြတ်တစ်ရက်ပင်ဖြစ်ပါကြောင်း (၉၆)နှစ်မြောက် အမျိုးသားနေ့ကိုလှိုက်လှဲစွာကြိုဆို ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။

> “မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်တက်ကြွလာစေရန် သန္ဓေတည်ပေးခဲ့သော အမျိုးသားနေ့သည် ပြည်ထောင်စုဖွား မျိုးဆက်သစ်တိုင်းရင်းသားညီအစ်ကိုများ . . .”

# အပြည်ပြည်ဆိုင်ရာကလေးသူငယ်အခွင့်အရေးများဆိုင်ရာနေ့ (CRC Day)အထိမ်းအမှတ်ကျင်းပ

**မြောင်းမြ နိုဝင်ဘာ ၂၁**

(၂၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ ကုလသမဂ္ဂ ညီလာခံ သဘောတူစာချုပ်နေ့ အထိမ်းအမှတ် အခမ်းအနား (CRC Day) ကို ယမန်နေ့က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျ အမှာစကားပြောကြားပြီး မြို့နယ်စေတနာလုပ်ငန်းထမ်း အရာရှိ ဦးရွှေဝင်းက ကလေးသူငယ်အခွင့်အရေးဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဝေါ်ဗွီးရှင်းမြန်မာ (မြောင်းမြ) စီမံချက်မန်နေဂျာ ဒေါ်မိုင်သက်နွယ်ဦးက မြို့နယ်အတွင်း ဝေါ်ဗွီးရှင်းမြန်မာက တစ်နှစ်တာကာလအတွင်း ကလေးသူငယ်အခွင့်အရေးဖွံ့ဖြိုးမှုဆိုင်ရာကိစ္စများ ဆောင်ရွက်ပေးနိုင်မှု အခြေအနေကို ရှင်းလင်းဆွေးနွေးကာ (၂၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် အထိမ်းအမှတ်နေ့ အကြိုကာလ ဉာဏ စွမ်းရည် ပြိုင်ပွဲများတွင် KG ကျောင်းများမှ ဆုရ ကျောင်းသား ကျောင်းသူလေးများအား မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျ၊ ဝေါ်ဗွီးရှင်းမြန်မာ စီမံချက်မန်နေဂျာ ဒေါ်မိုင်သက်နွယ်ဦးနှင့် မြို့နယ်ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကာ ပြသထားသော မှတ်တမ်းဓာတ်ပုံနှင့် ဆုရ ကလေးငယ်များ၏ ပန်းချီကာတွန်းပုံများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦးနှင့် မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ ဝေါ်ဗွီးရှင်းမြန်မာမှ တာဝန်ရှိသူများ၊ ကျေးရွာကလေးသူငယ်အခွင့်အရေးကော်မတီ အဖွဲ့ဝင်များနှင့် ကလေးငယ်များ တက်ရောက်ကြပြီး တပင်ချောင်းကျေးရွာကလေးငယ်များက လောဘရဲ့ သားကောင်၊ ရွာသာကြီးကျေးရွာ လူငယ်လေးများက နေ့သစ်လေးရဲ့ လင်းရောင်ခြည် တခန်းရပ်ပြဇာတ်တို့နှင့် ရေငန်းတောင်ကုန်းကျေးရွာမှ လူငယ်လေးများက သီလျက်နဲ့ တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**




# နိုင်ငံတကာမသန်စွမ်းသူများနေ့ လူထုအသိပညာပေး ခရီးစဉ်စတင်

**ရန်ကုန် နိုဝင်ဘာ ၂၁**

နိုင်ငံတကာမသန်စွမ်းသူများနေ့ လူထုအသိပညာပေးရန်အတွက် ရန်ကုန်-မော်လမြိုင်ခရီးစဉ် စတင်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၈ နံနက် ၆နာရီခွဲက ရန်ကုန်မြို့ ပြည်လမ်း ၆မိုင်ခွဲရှိ CB Bank ခွဲ မျက်နှာစာရှေ့မှ ထွက်ခွာခဲ့သည်။

အဆိုပါ ခရီးစဉ်မှာ ရန်ကုန်မှ မော်လမြိုင်ခရီးစဉ်ဖြစ်ပြီး နိုဝင်ဘာ ၁၈ရက်မှ ဒီဇင်ဘာ ၃ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ လူထုအသိပညာပေးပွဲတွင် မသန်စွမ်းသူများအတွက် CB Bank မှ Wheel Chair များ၊ ခရီးစဉ်အတွက် အသုံးပြုရန် မော်တော်ယာဉ်များ ကုန်ကျစရိတ်၊ အကျီများနှင့် လိုအပ်သည်များကို ဖြည့်ဆည်းကူညီပံ့ပိုးထားပြီး ခရီးစဉ်တစ်လျှောက်ရှိ သက်ဆိုင်ရာမြို့များ၏ CB Bank ခွဲများမှလည်း ကြိုဆို၍ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# သွေးလွန်တုပ်ကွေးရောဂါ၊ ဇီကာဗိုင်းရပ်စ်ရောဂါ၊ ငှက်ဖျားရောဂါအကြောင်း အသိပညာပေးဟောပြော



**သုံးခွ နိုဝင်ဘာ ၂၁**

ကျေးလက်နေပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း အသိပညာပေးဟောပြောခြင်း၊ ငှက်ဖျားရောဂါအကြောင်း အသိပညာပေးခြင်း၊ ပိုးလောက်လမ်းစစ်ဆေးခြင်း၊ ငှက်ဖျားပိုးသွေးဖောက်စစ်ဆေးခြင်းတို့ကို ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့နယ် တကောကျေးရွာနှင့် ကျောင်းစုပတုပ်ကျေးရွာတို့တွင် နိုဝင်ဘာ ၁၆ ရက် ညနေပိုင်းက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတို့၌ ကျင်းပခဲ့သည်။

လုပ်ငန်းများဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရပကန)အဖွဲ့မှ ငှက်ဖျားမှူး ဦးဝင်းမောင်နှင့် သုံးခွမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး အဆင့် (၁) ဦးအောင်ဇော်ထက်တို့က ငှက်ဖျားရောဂါအကြောင်းနှင့် ဇီကာဗိုင်းရပ်စ်အကြောင်းတို့ကို ဟောပြောကြသည်။

ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးအဖွဲ့ (ရပကန)အဖွဲ့ဝင်များ၊ ဘုရားကြီးကျေးလက် ကျန်းမာရေးဌာနဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းငှက်ဖျားလုပ်သားများ ပူးပေါင်းဆောင်ရွက်မှုဖြင့် နေအိမ်များအရောက် ပိုးလောက်လမ်းစစ်ဆေးခြင်း၊ ငှက်ဖျားပိုးသွေးဖောက်စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

# အသေးစားစက်သုံးဆီအရောင်းဆိုင်ရှင်များအား စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်ဖြစ်ရေးကော်မတီဖွဲ့စည်း

**ချောင်းဆုံ နိုဝင်ဘာ ၂၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် အသေးစားစက်သုံးဆီအရောင်းဆိုင်များအား စည်းမျဉ်း၊ စည်းကမ်းနှင့်ညီညွတ်သော စက်သုံးဆီအရောင်းဆိုင်ငယ်များ တရားဝင်ဖြစ်လာစေရန်နှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများရရှိစေရန်အတွက် အသေးစားစက်သုံးဆီ အရောင်းဆိုင်လုပ်ငန်းရှင်များနှင့် မြို့နယ်စက်သုံးဆီကြီးကြပ်မှုကော်မတီတို့မှ တွေ့ဆုံပွဲကို နိုဝင်ဘာ ၁၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စက်သုံးဆီအရောင်းဆိုင်နှင့်ပတ်သက်ပြီး စက်သုံးဆီအရောင်းဆိုင်များ တရားဝင်ဖြစ်လာစေရန်၊ နိုင်ငံတော်မှ အသေးစားစက်သုံးဆီအရောင်းဆိုင်ငယ်များမှ ရသင့်ရထိုက်သောအခွန်ဘဏ္ဍာငွေများ ရရှိစေရန်၊ အသေးစား စက်သုံးဆီအရောင်းဆိုင်များမှ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ကိုင်နိုင်ရေး မီးဘေးလုံခြုံမှုရှိစေရန်၊ အများပြည်သူများ ခရီးသွားလာရာတွင် လျင်မြန်ချောမွေ့စေရန်နှင့် ဒေသခံပြည်သူများ အလုပ်အကိုင်နှင့်အခွင့်အလမ်းရရှိစေရန်အတွက် ဖွဲ့စည်းရခြင်းဖြစ်ကြောင်း မြို့နယ်ကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်တစ်ဦးက ပြောသည်။

**ထူးအိမ်(ပြန်/ဆက်)**

# (၉၆) နှစ်မြောက်အမျိုးသားနေ့ အကြိုဟောပြောပွဲ နှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

**ကရသူရိ နိုဝင်ဘာ ၂၁**

(၉၆) နှစ်မြောက်အမျိုးသားနေ့အကြို ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ စာအုပ်စာပေပြပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက ကရသူရိမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြန်ဆက်ဦးစီးမှူး ဒေါ်အေးသန္တာဖြိုးက မြန်မာနိုင်ငံ အမျိုးသားနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် မြန်မာနိုင်ငံ၏ ပညာရေးစနစ်များ ဖြစ်ပေါ်ပြောင်းလဲလာပုံအကြောင်းသိကောင်းစရာများ၊ စာပေဖတ်ရှုခြင်းအလေ့အထ တိုးပွားရေး၊ ကျောင်းနေအရွယ်ကလေးဘဝမှစတင်ကာ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာရေး၊ လွတ်လပ်ရေးနှင့် နိုင်ငံ့အချုပ်အခြာအာဏာ ထိန်းသိမ်းကာကွယ်စိတ်များ ရှင်သန်နိုးကြားလာရေး စသည့်ဗဟုသုတဖြစ်ဖွယ်များအား ဟောပြောပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ ပညာပေးနံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကရသူရိ(ပြန်/ဆက်)**



# မင်္ဂလာဒုံမြို့နယ်တွင် နိုင်ငံခြားသားများလိုက်နာရမည့် ဥပဒေစည်းမျဉ်းစည်းကမ်းများအကြောင်း ရှင်းလင်း

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဝင်းရှိ ဇေကမ္ဘာခန်းမ၌ နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံအတွင်းနေထိုင်ကြသည့် နိုင်ငံခြားသားများ လိုက်နာရမည့်ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းပွဲကိုကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝင်းသိန်းက မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် နိုင်ငံခြားသားများ လိုက်နာရမည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောသည်။

မင်္ဂလာဒုံမြို့နယ်တွင် စက်မှုဇုန် သုံးဇုန်ရှိပြီး ၎င်းစက်မှုဇုန်များ၌ အလုပ်လုပ်ကိုင်သူ နိုင်ငံခြားသား ၅၆၀ ကျော်နှင့် ပြင်ပတွင်တည်းခိုနေထိုင်သူ ၁၅၀ ကျော်ရှိကြောင်း၊ ထို့ကြောင့် ၎င်းတို့နှင့်ပတ်သက်ဆက်နွယ်မှုရှိသည့် စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်ပိုင်ရှင်များကို ယခုလိုခေါ်ယူတွေ့ဆုံရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါရှင်းလင်းပွဲသို့ မင်္ဂလာဒုံမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် မြို့နယ်နေပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝေဇင်ဖြိုး(WZP)**

# သန်လျင်မြို့နယ်တွင် လမ်းသစ်ဖွင့်ပွဲကျင်းပ

**သန်လျင် နိုဝင်ဘာ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် နယ်မြေ ၁၀ ဘောဂဈေးအနီးတွင် လမ်းအရှည် ပေ ၁၉၀၊ အကျယ် ၁၃ ပေ၊ ထု ခြောက်လက်မ၊ နှစ်ဖက်ရေမြောင်းပါ ကွန်ကရစ်လမ်းသစ်ကို အဆိုပါဈေးမှ ဦးမြင့်စိန်- ဒေါ်ကျင်စိုးမိသားစု၏ မတည်ငွေကျပ် ၁၈၅၀၀၀၀ နှင့် ဈေးသူဈေးသားများ၏ ထည့်ဝင်ငွေဖြင့် ပူးပေါင်းဖောက်လုပ်ပြီး၍ နိုဝင်ဘာ ၁၇ ရက် နံနက် ၈ နာရီက ဖွင့်ပွဲကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်၊ လုပ်ငန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**တင်မောင်ငွေ(သန်လျင်)**

# ပြောင်းလဲခြင်းရဲ့ကနဦးပုံရိပ် (သို့မဟုတ်) လေးစားထိုက်သူ

ကိုသောင်း(ပညာရေး)

ဒီကနေ့ ကျွန်တော်တာဝန်ထမ်းဆောင်နေတဲ့ကျောင်းကို တိုင်းဒေသကြီး ပညာရေးမှူးရုံးက စစ်ဆေးရေးအဖွဲ့တွေ လာမယ်လို့ မနက် ၁၀ နာရီလောက်မှာ ဖုန်းနဲ့သတင်းရတယ်။ ကြိုရမယ့်အချိန်က မွန်းလွဲ ၁ နာရီခွဲ။ နေရာက သန်လျင်မြို့နယ်ပညာရေးမှူးရုံးတဲ့။ တိုင်းစစ်ဆေးရေးအဖွဲ့တွေဆိုတာ အထက်တန်းကျောင်းတွေကို ပုံမှန်စစ်ဆေးနေကြသည့်အတွက် ဆန်းတော့မဆန်းပေဘူးပေါ့။

ကိုယ်တွေက ပညာရေးဝန်ထမ်းအငြိမ်းစားတစ်ဦးလည်းဖြစ် ကျန်းမာရေးကလည်း ဒေါင်ဒေါင်မြည်အောင်ကောင်းနေတာဆိုတော့ သန်လျင်မြို့နယ်ထဲက ကိုယ်ပိုင်အထက်တန်းကျောင်းတစ်ကျောင်းမှာ အုပ်ချုပ်ရေးပိုင်းကို တာဝန်ယူထမ်းဆောင်ဖို့ အခွင့်အရေးရခဲ့တယ်။ ၂၀၁၆-၂၀၁၇ ပညာသစ်နှစ်မှာ ဖွင့်လှစ်ခွင့်ရခဲ့တဲ့ကျောင်းမို့ ကျောင်းနဲ့စပ်လျဉ်းတဲ့ ရုပ်ပိုင်းဆိုင်ရာတွေက အသစ်စက်စက်။ ကိုယ်တွေတာဝန်ထမ်းဆောင်နေတဲ့ကျောင်းဖြစ်လို့ ပြောတာမဟုတ်။ ပကတိအနေအထားအရ အထက်တန်းကျောင်းတစ်ကျောင်းရဲ့ အင်္ဂါရပ်နဲ့ အကိုက်ညီဆုံးကျောင်းလို့ ပြောရမလားဘဲ။ ကျောင်းအဆောက်အအုံ၊ စာကြည့်တိုက်၊ သိပ္ပံလက်တွေ့ခန်း၊ ကွန်ပျူတာခန်း၊ ခေတ်မီစာသင်ခန်း၊ ဘတ်စကတ်ဘောကွင်း၊ စားသောက်ခန်း၊ အားကစားကွင်းနဲ့ အားကစားခန်းမ၊ ရေကူးကန်စတာတွေက အားလုံးခေတ်မီပြီး အရောင် ဖိတ်ဖိတ်တောက်လို့။

ပြောစရာရှိတာက ဆရာတွေအားလုံး အသစ်မဟုတ်ဘဲ အဟောင်းတွေချည်းဖြစ်နေတာကိုး။ ဆရာ၊ ဆရာမတွေအားလုံးဟာ အတွေ့အကြုံရှိပြီးသား အခြေခံနဲ့ အဆင့်မြင့်ပညာဌာနက ပင်စင်စားနဲ့ တာဝန်ထမ်းဆောင်ခဲ့ဖူးသူတွေများတယ်။ စာသင်ဆရာလုပ်ဖူးသူတွေဖြစ်တာမို့ သင်ကြားရေးနဲ့ ကျောင်းရုံးလုပ်ငန်းတွေ လုပ်ရာမှာ တတ်ကျွမ်းနားလည်မှုလွယ်သလို လိုက်နာမှု အားကသာတယ်။

အထက်တန်းကျောင်းတစ်ကျောင်းမှာ မဖြစ်မနေ ဆောင်ရွက်ရမယ့် လုပ်ငန်းတွေရှိတယ်။ ဆိုကြပါစို့။ အတန်းလိုက်ကျောင်းခေါ်ကြိမ်(က) စာရင်း၊ ကျောင်းဝင်မှတ်ပုံတင် (ခ) စာရင်း၊ ကျောင်းထွက်လက်မှတ်အဝင်၊ အထွက်မှတ်တမ်း၊ နေ့စဉ်သင်ကြားမှုမှတ်တမ်း၊ သင်နည်းမှတ်စု၊ လစဉ်ပညာရည်တိုးတက်မှုမှတ်တမ်း၊ လပတ်စာမေးပွဲအမှတ်စာရင်းနဲ့ အဖြေလွှာကအစ ဦးစီးဇယားအဆုံး ကဏ္ဍအလိုက် ပြည့်စုံအောင်ဆောင်ရွက်ထားပြီး ဖြစ်တယ်။ ဆိုလိုတာက ပညာရေးဝန်ကြီးဌာနရဲ့ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနဲ့အညီ လစ်ဟာမှုမရှိအောင် လုပ်ထားပြီဖြစ်တယ်လို့ ပြောချင်တာပါ။

အခုလိုစစ်ဆေးရေးလာမယ်ဆိုတော့လည်း ပိုကောင်းတာပေါ့။ ဆောင်ရွက်ထားတဲ့လုပ်ရပ်တွေမှာလစ်ဟာမှုရှိခဲ့ရင်လည်း သူတို့ထောက်ပြပြောဆိုတာကို လိုက်နာပြီး ထပ်မံဖြည့်ဆည်းရုံပေါ့။ ဒီလိုနဲ့ မွန်းလွဲ ၁ နာရီခွဲလောက်မှာ သန်လျင်မြို့နယ်ပညာရေးမှူးရုံးမှာရောက်နေတဲ့ စစ်ဆေးရေးအဖွဲ့ကို ကျောင်းပိုင်ကားနဲ့ ဆရာမတစ်ယောက်ကိုထည့်လိုက်ပြီး ကြိုလာစေခဲ့တယ်။ ကိုယ်တွေက ကျောင်းရုံးခန်းကနေစောင့်နေတယ်။ စစ်ဆေးရေးအဖွဲ့မှာ သုံးယောက်ပါလာတယ်။ အားလုံးကအမျိုးသမီး (ဆရာမ) တွေချည်းပဲ။ အသက်အရွယ်တွေကလည်း အလွန်ဆုံးရှိလှ ၄၀ ဝန်းကျင်လောက်ပေါ့။ လူငယ်ခြေတက်လေးတွေဖြစ်ပုံရတယ်။ သူတို့မျက်နှာလေးတွေက ချိုကြည်နေတယ်။

ကျွန်တော်ကိုယ်တိုင် ပညာရေးဝန်ထမ်းအဖြစ် အနှစ် ၄၀ နီးပါး ဖြတ်သန်းခဲ့ရာမှာ ကြုံခဲ့ရတဲ့ စစ်ဆေးရေးအဖွဲ့တွေရဲ့ မျက်နှာပေးတွေနဲ့ လုံးဝမတူဘူး။ သူတို့ကိုမြင်လိုက်ရတာ နှင်းအငွေ့အသက်ပါတဲ့ လေကိုရှူလိုက်ရသလို ရင်ထဲမှာ အေးသွားတယ်။ မျက်နှာလေးတွေက မိုးသောက်ပန်းတွေအလား လန်းဆန်းနေသလို အပြောအဆိုနဲ့ အမူအရာတွေကလည်း နုရည်ဖတ်ရည်ရှိနေတယ်။ အခုမှပဲစိတ်ချမ်းသာတော့တယ်။ ကိုယ်ရပ်တည်နေရတဲ့ ပညာရေးနယ်ပယ်မှာ ဒီလိုစစ်ဆေးရေးအဖွဲ့တွေလည်း ရှိသေးပါလားလို့ သူတို့ကို တစိမ့်စိမ့်ကြည့်ရင်း ကြည်နူးမှုနဲ့ တွေးမိတယ်။

နေ့လယ်စာထမင်းပြင်လိုက်ရမလားလို့ မေးတော့စားပြီးပြီလို့ ပြောတယ်။ ကိုယ့်အိမ်ကချိုင့်နဲ့ထည့်လာတာတဲ့။ ကိုယ့်နားတောင်ယုံရခက်ခက်ဖြစ်သွားတယ်။ သူတို့ကို အချိုရည်နဲ့ ကိတ်မုန့်ဧည့်ခံဖြစ်တယ်။ ကျောင်းရုံးလုပ်ငန်းတွေကိုစစ်ဆေးနေစဉ်မှာလည်း ရစ်တာညစ်တာ လုံးဝမရှိပေဘူး။ လိုအပ်ချက်ရှိတာလေးတွေကို ညင်ညင်သာသာနဲ့ပဲပြောသွားတယ်။ စာရွက်စာတမ်းတွေကို စစ်ဆေးပြီးကျောင်းအဆောက်အအုံနဲ့ ကျောင်းဝင်းကို လှည့်လည်ကြည့်ရှုကြတယ်။

ဒီလိုနဲ့ လုပ်ငန်းတွေပြီးစီးလို့ ပြန်ကြမယ်လည်းပြင်ရော ကျောင်းတည်ထောင်သူက စစ်ဆေးရေးအဖွဲ့ကို လက်ဆောင်ခြင်းပေးဖို့ယူလာတယ်။ ဒီအခါမှာတော့ သိမ့်သိမ့်သည်းသည်းနဲ့ငြင်းပြီး ဘယ်သူကမှ လက်မခံလို့ အားနာစရာဖြစ်သွားတာပေါ့။ သူတို့အထဲကတစ်ယောက်ကပြောတယ်။ ကျောင်းစစ်ဆေးရေးအဖွဲ့တွေ တာဝန်ထမ်းဆောင်တဲ့အခါမှာ ကျောင်းတွေကပေးတဲ့ တံစိုး လက်ဆောင်တွေကို မယူရဘူးလို့ ညွှန်ကြားထားကြောင်းနဲ့ လိုက်နာပါ့မယ်ဆိုတာကို လက်မှတ်ရေးထိုးထားရတယ်တဲ့။ သူတို့ကတော့ ညွှန်ကြားချက်မှာလက်မှတ်ရေးထိုးထားလို့ အခုပေးတဲ့ပစ္စည်းကိုလက်မခံတာမဟုတ်ကြောင်းနဲ့ ကိုယ်တိုင်အသိစိတ်ကခံစားချက်နဲ့ မယူဖြစ်တာကို ရှင်းပြတယ်။ တော်လိုက်တဲ့ဆရာမလေးတွေ။

သူတို့ကိုယ်တိုင်လည်း စာသင်ပြတဲ့ကျောင်းဆရာမဘဝတုန်းက စစ်ဆေးရေးအဖွဲ့တွေရဲ့ အနိုင်ကျင့်တာကို ခံခဲ့ရကြောင်း၊ ဘဝတူချင်းတွေဖြစ်လို့ ကိုယ်ချင်းစာနာမိကြောင်း ရင်ထဲကလာတဲ့ ခံစားမှုနဲ့ ပြောရှာတယ်။ သူတို့စကားကိုကြားလိုက်ရတော့ အတော့်ကိုလေးစားသွားမိတယ်။ ကိုယ်တွေကလည်း စစ်ဆေးရေးအဖွဲ့တွေနဲ့ စိတ်မပါဘဲ ဟန်လုပ်ပြီး နှစ်ပေါင်းများစွာ ဆက်ဆံခဲ့ရတာမဟုတ်လား။ ပညာရေးဌာနမှာ သူတို့လိုဆရာမလေးတွေ အများကြီးရှိဖို့လိုတယ်။

အာဏာရှင်ခေတ်က ခေါက်ရိုးကျိုးနေတဲ့ လုပ်ရပ်တွေကို ဝန်ထမ်းတွေအားလုံးက ခေတ်နဲ့လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲပစ်ဖို့ လိုအပ်နေပြီ။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ကို စတင်အကောင်အထည်ဖော်ခဲ့တဲ့ ပထမ ၅ နှစ်သက်တမ်းမှာ ဌာနဆိုင်ရာဝန်ထမ်းအချင်းချင်း နိုင်ရာစားအကျင့်တွေက မပျောက်နိုင်သေးပေဘူး။ နို့ပေတဲ့ ဒုတိယ ၅ နှစ်သက်တမ်းဖြစ်တဲ့ အရပ်သားအစိုးရသစ်တာဝန်ယူစကာလလက်ထက်မှာ အခုလိုသိသာတဲ့ ပြောင်းလဲမှုတွေ တွေ့ရတာ အားရကျေနပ်စရာကောင်းတယ်လို့ပြောရမှာကော။

အထူးသဖြင့် ပညာရေးဌာနမှာ ဝန်ထမ်းတွေရဲ့ ပြောင်းလဲလာတဲ့အမူအကျင့်တွေကို ကြုံဆိုရမှာဖြစ်ပါတယ်။ စစ်ဆေးရေးလုပ်ငန်းတွေပြီးလို့ ပြန်မယ်လုပ်တော့ တရင်းတနှီးနှုတ်ဆက်ကြပြီး ဘဝတူပညာရေးဝန်ထမ်းတွေရဲ့အကြောင်း ပြောဖြစ်တယ်။ အပြန်ခရီးအတွက် ဘာမှတောင်းဆိုတာမရှိဘဲ သူတို့အိမ်ပြန်ဖို့ ဘတ်စ်ကားဂိတ်ကိုသာ လိုက်ပို့ဖြစ်လိုက်တယ်။ သူတို့စီးသွားတဲ့ ဘတ်စ်ကားကို နောက်ကငေးကြည့်နေရင်း ကိုယ့်မှာ လူ့ဝတ္တရားအရ တာဝန်မဲ့ရာကျသွားတဲ့လုပ်ရပ်အပေါ် တနုံ့နုံ့နဲ့ ရင်ထုမနာဖြစ်လာမိတယ်။ ဒီလောက်ညက်ညောပြေပြစ်ပြီး အဂတိကင်းစင်တဲ့ စစ်ဆေးရေးအဖွဲ့ကို အိမ်ပြန်ဖို့ မော်တော်ယာဉ်မစီစဉ်ပေးလိုက်ရတဲ့အတွက် နောင်တရမိတယ်။ ရင်ထဲမှာလည်း စိတ်မချမ်းမမြေ့ဖြစ်မိတယ်။ နောက်တစ်ခါပြန်တွေ့ရင်တော့ အဲဒီစစ်ဆေးရေးအဖွဲ့ကို တောင်းပန်ရပေဦးမပေါ့။

အခုလို ပညာရေးဝန်ထမ်းတွေရဲ့ မိုင်းဆက် (Mind Set) တွေပြောင်းလဲခြင်းဟာလည်း ခေတ်နဲ့တသားတည်းကျအောင် ရေးဆွဲနေတဲ့ အမျိုးသားပညာရေးဥပဒေရဲ့ ဒေါက်တိုင်တစ်တိုင် ဖြစ်လာနိုင်တယ်လို့ဆိုရမယ့်ဟာကိုး။

လူ့ပတ်ဝန်းကျင်တစ်ခုလုံးက အထင်သေးအမြင်သေးသလိုလိုနဲ့ ယုံကြည်မှုယုတ်လျော့နေတဲ့ ပညာရေးဝန်ထမ်းတွေအပေါ် ဒီမိုကရေစီစိတ်ထားရှိတဲ့ ဆရာမတွေ အထိုက်အလျောက်ရှိနေပြီဆိုတာကို လက်တွေ့သက်သေပြလိုက်သလိုပါပဲ။

ဒါကြောင့် ပညာရေးဌာနမှာ ဒီမိုကရေစီကျင့်ဝတ်နဲ့အညီ ကောင်းတဲ့ဘက်ကို ယိမ်းလာတဲ့ ပြောင်းလဲခြင်းရဲ့ ကနဦးပုံရိပ် (သို့မဟုတ်) လေးစားထိုက်သူဆရာမတွေရှိနေတယ်ဆိုတာကို ပြည်သူတွေသိအောင် ဂုဏ်ယူဟစ်ကြွေးပြီး ကြေညာလိုက်ချင်တယ်ဟရို့။

# မင်းအမတ်ကြီး မင်းနန်သူ

စောလှထွန်း(ချောင်းဦး)

**ယမန်နေ့မှအဆက်**

မြေလှူဒါန်းခြင်းနှင့် စပ်လျဉ်းပြီး မင်းအမတ်ကြီး အနန္တသူ အစ်ကိုကြီးသား မင်မတ်ကြိအနန္တသူ အစ်ကိုဝ်ကြီသာ ဟူသော ဖော်ပြချက်အရ ဆွေမျိုးများလည်း ရှိကြောင်း ဖော်ပြထားရာ ဇာတိမြေအဖြစ် ကောက်ချက်ချနိုင်ကြောင်းကို တွေ့ရပါသည်။ လောကသိန်ခါ ကန်စင်ကြယ် ကန်အောက်က မြေကို ဝယ်၍လှူပါ၏။ ငမြောင်တောင်အရှေ့ (ယခုထိတိုင် မင်းခေါင်ကျေးရွာ၏ အရှေ့ဘက်တွင်ရှိသော ငမြောင်တောင်ကျေးရွာ၊ မြောင်မြို့နယ်) လောကသိန်ခါချောက် ဆီမီးဝတ်ဖြစ်စေ ဟု ကျောင်းရာကို လှူ၏။

ထို့နောက် စာကြောင်းရေ ၁၂၊ ၁၃ နှင့် ၁၄ တို့တွင် ဆုတောင်းစာကို ဖော်ပြရေးထိုးထားရာ ငါ့ကောင်းမှု၌ သိပါသော ဆင်းရဲ ရှိရှားသူဌေးတို့ ပြုသော ငါ့ကောင်းမှုကို ချီးမြှင့်ပါသော သူကား ငါနှင့်အတူ ရပါစေသတည်း လူ့စည်းစိမ် နတ်စည်းစိမ်ခံ အစုန် အဆန် ခံစားရပြီး အဆုံးစွန်ကား နိဗ္ဗာန်ချမ်းသာ ခံစားရစေသတည်း ဟုရေးထိုးထားရာ ကဗျာဉာဏ်ရှိပုံ ကာရန်ယူပုံကို ဆငြယ် သျှိသျှာ သူကြွယ်သာတိုဝ်ဟူသော အရေးအသားကို ထောက်ဆ၍ သူတည်းတစ်ယောက်အစချီ မျက်ဖြေလင်္ကာ ရေးနိုင်စွမ်းလောက်သည်ဟုပင် စာဒက တက်ချင်မိပါသည်။

စာကြောင်းရေ ၁၆၊ ၁၇။ ၁၈နှင့် ၁၉ တို့တွင် ကျိန်စာကို ဖော်ပြရာ၌ ငါနှစ်မောင်နှံ ပြုသောကောင်းမှုကို ဖျက်ဆီးသောသူကား အကြေ(အောက်) သရေပစ္စယာ(သီရိပစ္စယာ)၊ အညာ(အထက်) ညောင်ဦးစသော မြေပုံလုံး အမျှ ဘုရားတို့ ပွင့်တော်မူပြီး ချွတ်သော်လည်း မကျွတ် ဒေဝဒတ်ခံခြင်း ခံစေသတည်း အဝီစိငရဲ၌ ကျစေသတည်း ဟု ရေးထိုးထားပါသည်။ ငါနှစ်မောင်နှမ်ဟူသော အရေးသားကြောင့် အမတ်ကြီး အနန္တသူရိယ မောင်နှံတို့သာမက အစ်ကိုကြီးတို့ ဇနီးမောင်နှံကိုပါ ရည်ညွှန်းကြောင်းကိုလည်း တွေ့ရှိရသဖြင့် ဇာတိမြေဖြစ်ကြောင်း ထပ်မံထောက်ခံအပ်ပါသည်။

စာကြောင်းရေ ၂၀ သည် ၆ နှစ်အကြာ ၆၀၉ ခုနှစ်တွင် ဆောင်ရွက်ချက်ကို ဖော်ပြပါသည်။ သက္ကရာဇ် ၆၀၉ ခု အာသိန်နှစ် (ဝါဆိုလ၏ဆန်းယှဉ် နက္ခတ် ) ကဆုန်လဆန်း ၁၀ ရက် တနင်္ဂနွေ၊ သာသနာ အနှစ် ၅၀၀၀ တည်စိမ့်သောငှါ သူကြွယ် အနံ့ပတေ့မောင်နှံ၊ သူကြွယ် တုတောနိုင် မောင်နှံ သံသရာ ဆင်းရဲကို ကြောက်သောကြောင့်၊ သံသရာဆင်းရဲမှ ထွတ်မြောက်ခဲ့၍ အဆုံးစွန်ကား နိဗ္ဗာန်ဆုကို လိုချင်သောကြောင့် လူနတ်သတ္တဝါတို့ ဆုံးမစေသောငှါ သခင်ထေရ် ကိန်းစေသောငှါ (ဘုန်းကြီးကျောင်းထိုင်စေရန်)၊ အုတ်ကျောင်းကြီးတည်၏၊ တံတိုင်းလည်းပြု၏၊ ထိုကျောင်း၌ နေသော မထေရ်တို့ကို ဆွမ်းဝတ်ဖြစ်စိမ့်သောငှါ အမြင့် ကြံတူ(ယခု အမြင့်မြို့ချောင်းဦးမြို့နယ်)၊ စာရေး၊ ကုန်သည်၊ သူကြီးတို့ကို ရေဖိုး မြေဖိုးပေး၍ရသော ငဖြစ်စင်သင်နှင့် ငသိကြားသင် ကန်လယ် မြေ ၂၀ လှူ၏။ မြောက်ကားအမြင် သမန်တပိုဝ်၊ အနောက်ကာ ပေါက်အင်း(ယခု တောကျောင်းကြီး ကျေးရွာအုပ်စု၊ ချောင်းဦးမြို့နယ်)၊ တောင်ကား ငတပို၊ အရှေ့ကား သမန်တရစ် (သမန်တဇာဘုရား၊ ချောင်းဦးတောင်ရပ်ကွက်၊ ချောင်းဦးမြို့နယ်) ဟူ၍ ရေးထိုးထားပါသည်။ ၆ နှစ်ကြာသည့်အချိန်တွင် ထပ်မံကုသုလ်ပြုသည့် သူကြွယ်မောင်နှံ သူကြွယ် အနံ့ပတေ မောင်နှမ် သူကြွယ် (တုတောနိုင် မောင်နှမ်) ကို တွေ့ရသော်လည်း အမတ်ကြီး အနန္တသူရိယ၏အလှူမပါဝင်တော့ချေ။ သို့ရာတွင် စာကြောင်းရေ ၁၆ ပါ ငါနှစ်မောင်နှမ် ဟူသော စကားအရ ပထမအကြိမ် ၆၀၃ ခုနှစ်တွင် လှူဒါန်းမှုတွင် အတူကုသိုလ်ပြုသည်ဟုလည်း ယူဆနိုင်ပါသည်။

ကျောက်စာ၏ ရှေ့မျက်နှာမှာ စာကြောင်းရေ ၃၀ တွင် ဆုံးပြီး၊ ကျောဘက်မျက်နှာတွင် ဆက်လက်၍ ဆုတောင်းစာနှင့် ကျိန်စာကို ဖော်ပြထားပါသည်။ ဤငါ့ကောင်းမှုကို ချီးမြှင့်သူကား ငါနှင့်အတူ ရပါစေ၊ ငါ့ကောင်းမှုကို လုယက် ဖျက်ဆီးသောသူကား လူဖြစ်သော်လည်း လူကောင်းမဖြစ် ကုန်းကွ ကြံလို့ မစားရ မသောက်ရသောဒဏ်နှင့် ကျေးကျွန်၊ လူပြိတ္တာလျှင်ဖြစ်ပါစေသတည်း။ ထိုအဖြစ်မှ သေသောအခါလည်း အဖန်ဖန်အခါခါ ဘုရားချွတ်လည်း မကျွတ် မကယ်မူ၍ အခါခါ ဒေဝဒတ်ခံခြင်း ခံပါစေသတည်း။ ငါ့ကောင်းမှုကို ချီးမြှောက်သောသူကား လူ့စည်းစိမ် နတ်စည်းစိမ်ခံပြီး အဆုံးစွန်ကား နိဗ္ဗာန်သို့ရပါစေသတည်းဟု ရေးထိုးထားသည်ကို စာကြောင်းရေ(ကျောဘက်) ၁ မှ ၇ အထိရေးထိုးထားပါသည်။

နောက်ဆုံးစာပိုဒ်သည် ကျောက်စာ၏ အနှစ်ချုပ်ဖြစ်ပြီး စာကြောင်းရေ ၈ မှ ၁၃ တိုင်အောင် ရေးထိုးရာတွင်- သက္ကရာဇ် ၆၈၁ ခု၌ ငါ့ကျောင်း စာရေးသည် မြေယာများကို လုပ်ကိုင်စား၏။ (ငကျွောင် စခီ ယင်သည်မူရှယ်စာ၏) ဟု ကျစ်ကျစ်လစ်လစ် ရေးထိုးထားသည်ကို မှတ်သားရပါသည်။ ဆက်လက်ပြီး (ငအဖိုဝ်လည် ဖိုကိုဝ် ဖုရှာ သင်ပုတ်ဝတ်ဖွစ်စိဟု) ငါ့အဖို့လည်း ငါ့အဖို့ကို ဘုရား သင်ပုတ်ဝတ် ဖြစ်စေဟု ကန်သစ်တွင် လယ်နှစ်ပယ်ခွဲလှူ၏ဟု ကျောက်စာရေးထိုးသူသည် အားကျမခံ အလှူ ပါဝင်ပုံကို ဖော်ပြခဲ့ပါသည်။ သင်ပုတ်သည် ဘုရားဆွမ်းတော်တင်ရာဖြစ်သည်။

ဤငါ့ကောင်းမှုကို လုယက် ဖျက်ဆီးသောသူကား အနန္တသူ ကျိန်တိုင်းလျှင် ရောက်စေသတည်း၊ ငါ့ကောင်းမှုကို ချီးမြှောက်သောသူကား ငါနှင့်ထပ်တူလျှင် ရပါစေသတည်း၊ လူ့စည်းစိမ် နတ်စည်းစိမ် ခံစားပြီးမှ ကားအဆုံးတွင် ကျွန်ုပ်သည် နိဗ္ဗာန်ချမ်းသာလျှင် ခံရစေသတည်းဟု ဇဝနဉာဏ် ရွှင်ရွှင်ဖြင့် ကျိန်စာစကားကိုယူကာ ရေးထိုးသည်မှာ ယင်းခေတ်ကာလ မြန်မာစာ အရေးအသား အတုယူဖွယ်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ချောင်းဦးမြို့နယ် မင်းခေါင်ရွာ မင်းနန်သူဘုရားရှိ ကျောက်စာသည် မြန်မာစာအရေးအသား မှတ်သားစရာ ကောင်းမွန်ကြောင်းနှင့် အနန္တသူရိယ အမတ်သည် ချောင်းဦးသားဟု အတတ်ပြောနိုင်သည်ကို ဝေဖန်ရေးဆရာများက စောကြောလာပါက ဇာတိလောဘကြီးစွဟု ခံရမည်သာတည်း။

**မှီငြမ်း ကိုးကားသော ကျမ်းများစာရင်း**

**၁။ အနန္တသူရကျောက်စာလေ့လာချက် (အေဒီ ၁၂၄၄-၁၂၃၅) ဒေါက်တာတိုးလှ**

**၂။ တစ်ပိုင်းတစ်စ ကန္တာရထဲက ယွန်းနံ့စွဲနေတဲ့ စာမျက်နှာများ မောင်သာချို**

**၃။ ပုဂံခေတ် မြန်မာကျောက်စာများလာ ဝေါဟာရလေ့လာချက် ပါမောက္ခဒေါ်တင်အုန်း**

**၄။ ရှေးဟောင်းမြန်မာကျောက်စာများ (တတိယတွဲ) ရှေးဟောင်းသုတေသနဦးစီးဌာန**

# မိုင်းဆတ်မြို့နဝဒေးတံတားအမြန်ဆုံးပြုပြင်ပေးစေလို



**မိုင်းဆတ် နိုဝင်ဘာ ၂၁**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ မယ်ဆွမ်မြောက်ရပ်ကွက်နှင့် မယ်ဆွမ်တောင်ရပ်ကွက်ကို ဆက်သွယ်ထားသည့် နဝဒေးသစ်သားတံတားသည် ယိုင်နဲ့ပျက်စီးနေသဖြင့် အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

"တံတားက ရေလည်တိုင်ကျိုးပြီး ဘေးနှစ်ဖက်လက်ရမ်းတွေကျိုး၊ လျှောက်လမ်းတွေချိုင့်ဝင်နေတော့ ဒီတံတားကို နေ့စဉ်အသုံးပြုသွားလာနေကြတဲ့ ရပ်ကွက်နေ ပြည်သူတွေ၊ ဝန်ထမ်းတွေ၊ ကျောင်းသား၊ ကျောင်းသူတွေနဲ့ အနားမှာရှိတဲ့ စစ်တပ်ကမိသားစုတွေအတွက် အလွန်အန္တရာယ်များပါတယ်။ ကျွန်မတို့လည်း ဈေးသွား၊ ရုံးသွား ဒီတံတားကိုပဲ နေ့စဉ်အသုံးပြုနေရတော့ အမြန်ဆုံးပြုပြင်ပေးစေချင်ပါတယ်"ဟု မယ်ဆွမ်တောင်ရပ်ကွက်နေ ဝန်ထမ်းတစ်ဦးက ပြောသည်။

မြို့ခံ ဦးစိုင်းဦးမောင်က "တံတားက မိုးတစ်ခါ၊ နှစ်ခါလောက်ရွာလိုက်ရင် မျောပါသွားနိုင်တဲ့အခြေအနေမို့ တံတားပေါ် ဖြတ်သန်းသွားလာနေကြတာ အလွန်အန္တရာယ်များပါတယ်။ အမြန်ဆုံးပြုပြင်ပေးစေလိုပါတယ်" ဟု ပြောသည်။

အဆိုပါတံတားကို အသစ်ပြုပြင်တည်ဆောက်ပေးရန် ဇူလိုင် ၂၄ ရက်က ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ မိုင်းဆတ်ခရီးစဉ်တွင် တင်ပြခဲ့ရာ အလျား ပေ ၈၀၊ အနံ ၁၅ ပေရှိ အာရ်စီ၊ ကွန်ကရစ်တံတားတည်ဆောက်ရန် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ ဖြည့်စွက်ရန်ပုံငွေဖြင့် ကျပ်သိန်း ၉၅၀ ခွင့်ပြုပေးမည်ဟု သိရှိရကြောင်း၊ ရန်ပုံငွေရရှိသည်နှင့် အမြန်ဆုံးပြုပြင်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း မိုင်းဆတ်မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်ထံမှ သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

## ယာဉ်အန္တရာယ်ကင်းရှင်းရေး မီးပွိုင့်များတပ်ဆင်ပေးသင့်

**ရန်ကုန် နိုဝင်ဘာ ၂၁**
ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် မောင်းမကန်ကမ်းသာယာလမ်းသည် မော်တော်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှုများပြားကာ မီးပွိုင့်မရှိသည့် လမ်းဆုံလမ်းခွများတွင် မကြာခဏ ယာဉ်တိုက်မှုများဖြစ်ပေါ်ခဲ့သောကြောင့် မောင်းမကန်ကမ်းသာယာလမ်းနှင့် ဇေယျာမြိုင်လမ်း၊ မောင်းမကန်ကမ်းသာယာလမ်းနှင့် ရတနာလမ်းဆုံလမ်းခွတို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် မီးပွိုင့်များတပ်ဆင်ပေးစေလိုကြောင်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးကျော်အောင်က ပြောသည်။

"ဒီဇေယျာမြိုင်လမ်းဆုံမှာ တစ်ပတ်မှာ နှစ်ကြိမ်သုံးကြိမ် ယာဉ်တိုက်မှုဖြစ်ပါတယ်။ ကျောင်းသွား ကျောင်းပြန် ဒီလမ်းဆုံကပဲ ဖြတ်သွားရတော့ ကျောင်းသား၊ ကျောင်းသူလေးတွေအတွက် အန္တရာယ်အလွန်များပါတယ်" ဟု လမ်းသွားလမ်းလာများက ပြောသည်။

**(၁၉၇)**

## ဖျာပုံမြို့ ကြိုဂံချွန်းထိပ်အနီး စည်းကမ်းမဲ့အမှိုက်ပုံ ရှင်းလင်းဖယ်ရှားပေးစေလို

**ဖျာပုံ နိုဝင်ဘာ ၂၁**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့အဝေးပြေးကွင်း (၃)ရပ်ကွက်အောင်သပြေလမ်း ကြိုဂံချွန်းထိပ်အနီးရှိအမှိုက်ပုံသည့် အမှိုက်ကန်အတွင်း ခရီးသွားပြည်သူများနှင့် လူနေအိမ်များမှပြည်သူများ နေ့စဉ်လာရောက်၍ အမှိုက်များစွန့်ပစ် နေခြင်းကြောင့် အမှိုက်များလွန်စွာများပြားနေသည်ကို တွေ့မြင်နေရပြီး သက်ဆိုင်ရာတာဝန်ရှိသူများက နေ့စဉ်လာရောက်၍ သိမ်းဆည်းနိုင်ခြင်းမရှိသဖြင့် အနံ့ဆိုးများထွက်ရှိနေပြီး လေသင့်ရာဘက်သို့ အမှိုက်များ ပြန့်ကျဲနေသဖြင့် အများအမြင် မတင့်တယ်ဖြစ်နေကြောင်း သိရသည်။

"ကျွန်တော်မြို့ရဲ့ ကြိုဂံချွန်းထိပ်အနားမှာရှိတဲ့ ဒီအမှိုက်ကန်မှာ နေ့စဉ်အမှိုက်တွေလာပုံနေတာ နှစ်အတော်ကြာနေပါပြီ။ အနံ့ဆိုးတွေထွက်နေလို့ ပတ်ဝန်းကျင်မှာနေတဲ့ ပြည်သူတွေ၊ သက်ကြီးရွယ်အိုတွေအတွက် မကောင်းတဲ့အနံ့တွေ နေ့စဉ်ရှူရှိုက်နေရတော့ ကျန်းမာရေးအတွက် သက်ဆိုင်ရာကို ရှင်းလင်းဖယ်ရှားပေးဖို့ပြောတာလည်းမရပါဘူး။ အုတ်ကန်ထဲရှိတဲ့အမှိုက်တွေကို စည်ပင်ကားက နေ့စဉ်လာရောက်သိမ်းဆည်းနိုင်ခြင်းမရှိတော့ အမှိုက်တွေပိုများလာပြီး မကောင်းတဲ့အနံ့ဆိုးတွေထွက်နေတာဖြစ်လို့ သက်ဆိုင်ရာတာဝန်ရှိသူတွေက အမှိုက်ကန် နေရာရွှေ့ပြောင်းပြီး လိုအပ်သလို လုပ်ဆောင်ပေးသင့်ပါတယ်" ဟု (၃)ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

ဖျာပုံမြို့တွင် မကြာတော့မည့်အချိန်ကာလအတွင်း အဝေးကွင်း၊ အောင်သပြေလမ်းအနီး တြိဂံချွန်းအတွင်း ဗိုလ်ချုပ်ကြေးရုပ် ထားရှိတော့မည်ဖြစ်ရာ မြို့နေပြည်သူများ၊ ခရီးသွားပြည်သူများနှင့် နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်ကြည့်ရှုလေ့လာရမည့် နေရာတစ်နေရာဖြစ်နေသဖြင့် အမှိုက်ပုံနှင့် ဗိုလ်ချုပ်ကြေးရုပ်ထားရှိမည့်နေရာ လွန်စွာနီးကပ်နေပြီး အများအမြင်မတင့်တယ်သည့်အပြင် ပြည်သူများအတွက် ကျန်းမာရေးထိခိုက်မှုများ ဖြစ်ပေါ်နေသဖြင့် အဆိုပါအမှိုက်ကန်နှင့် အမှိုက်ပုံအား သက်ဆိုင်ရာတာဝန်ရှိဌာနဆိုင်ရာများနှင့် မြို့မိ၊ မြို့ဖများက အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးရန် ပြည်သူများမှ လိုလားတောင့်တနေကြောင်း သိရသည်။

**(၅၄၀)**

# ချင်းတောင်မြေ၏ တန်ဖိုးထားရမည့် အထိမ်းအမှတ်သင်္ကေတများ



ချင်းတောင်၏ဌာနေပန်း
တော်ဝင်တောင်ဇလပ်ပန်း

**ကလေး နိုဝင်ဘာ ၂၁**
အဖိုးတန်ပန်းမျိုးစုံဖူးပွင့်သည့် ချင်းတောင်တွင် တောင်ဇလပ်ပန်းသည် ချင်းတောင်၊ ချင်းလူမျိုးနှင့်ပတ်သက်လာလျှင် မရှိမဖြစ် ချင်းတောင်၏ ဌာနေပန်း၊ တော်ဝင်ပန်းဟု ခေါ်ဆိုရသည့် တောင်ဇလပ်ဖြူ တောင်ဇလပ်နီများကို ချင်းတောင်တစ်နံတစ်လျားတောင်ကုန်းတောင်တန်းများပေါ်တွင် တွေ့ရှိရပြီး ချင်းလူမျိုးများသည် ရှေးဖိုးဖွားခေတ်ကတည်းက တောလိုက်ခြင်းကို ဝါသနာပါသူများဖြစ်ကြသည်နှင့်အညီ တောကောင်ရလာသူများအား တောင်ဇလပ်ပန်းများဖြင့် လက်ကမ်းကြိုဆိုပြီး ဂုဏ်ပြုလေ့ရှိကြကာ ချင်းလူမျိုးများအတွက် တောင်ဇလပ်ဖြူသည် ဖြူစင်ခြင်း၊ သန့်ရှင်းခြင်းသဘောဆောင်၍၊ တောင်ဇလပ်နီသည် ရဲရင့်ခြင်း၊ ပြတ်သားခြင်း အထိမ်းအမှတ်သင်္ကေတကို ဖော်ဆောင်သည်။

**အောက်ချင်းငှက်**
ချင်းတောင်တွင် ဂီတအလှဖော်ကျူးနေသည့် ကျေးငှက်မျိုးစုံရှိသည့်အနက် အောက်ချင်းငှက်သည် ချင်းလူမျိုး၊ ချင်းတောင်၏ ဌာနေငှက်ဖြစ်သည့်အပြင် ချင်းလူမျိုးများ၏ ရိုးသားမှု၊ သစ္စာရှိမှုကို သက်သေထူပေးသည့်ငှက်ဟုလည်းဆိုရပါမည်။ ချင်းတောင်ရှိကျေးငှက်များ၏ သခင်ဟုလည်းဆိုနိုင်ပြီး ရှေးယခင်က နေရာအနှံ့ အုပ်စုလိုက် နေထိုင်ကျက်စားလေ့ရှိသော်လည်း ယခုအခါမျိုးပြုန်းတီးလုနီးပါးဖြစ်နေပြီ။ ယခုအချိန်တွင် အောက်ချင်းငှက်ကို အွေးဂျီထနောင်းအိုင်၊ ကျောက်ပန်းတောင်တစ်ဝိုက်တွင်သာ အုပ်စုလိုက်တွေ့မြင်နိုင်တော့မည်ဖြစ်သည်။

အောက်ချင်းငှက်မသည် အစာရှာထွက်သည့် အောက်ချင်းငှက်ဖို ပြန်မလာမချင်း သစ္စာရှိစွာ အသေခံစောင့်မျှော်သည်ဟူသော အဆိုရှိသည်နှင့်အညီ ချင်းလူမျိုးများအတွက် အောက်ချင်းငှက်သည် သစ္စာရှိမှု အထိမ်းအမှတ်သင်္ကေတကို ဖော်ဆောင်သည်။

**နွားနောက်**
ချင်းလူမျိုးများသည် နွားနောက်ကို အင်မတန်တန်ဖိုးထားကြသည်နှင့်အညီ လူပြီးလျှင် နွားနောက်ဟူသော နွားနောက်အပေါ် တန်ဖိုးထားမှု ဆိုရိုးများရှိခဲ့သည်။ ချင်းလူမျိုးတို့၏ ဓလေ့ထုံးတမ်းယစ်ပူဇော်ပွဲများ၊ သက်ကြီးကန်တော့ပွဲများ၊ ထိမ်းမြားမင်္ဂလာပွဲများ၊ လူမှုရေးပြဿနာများတွင် နွားနောက်မပါလျှင်မပြီးပေ။ တောင်ပိုင်းချင်းဒေသခံလူကြီးများအဆိုအရ နွားနောက်သည် မင်းတပ်မြို့နယ် ဝေလောင်းရွာအနီး အွတ်လောင်းအိုင်တွင် စတင်တွေ့ရှိရပြီး ယခုအချိန်တွင် ချင်းတောင်ဒေသအသီးသီးတွင် နွားနောက်များကို တန်ဖိုးထားမွေးမြူကြသည်။

နွားနောက်သည် အငန်ကို အလွန်ကြိုက်ပြီး ဆင်းရဲသည့် ချင်းတောသူတောင်သားများအတွက် နွားနောက်မွေးမြူခြင်းသည် အထိရောက်ဆုံး၊ လက်တွေ့အကျဆုံးဖြစ်လာပြီး နွားနောက်တစ်ကောင်အတွက် တစ်နှစ်လျှင် ဆားတပိဿာခန့်သာ အရင်းအနှီးစိုက်ထုတ်ရသည့်အပြင် ရေကြည်ရာ မြက်နုရာတောတောင်တစ်လျှောက်တွင် ဘေးမဲ့လွှတ်၍ မွေးမြူနိုင်သော နွားနောက်သည် ချင်းလူမျိုးများအတွက် သတ္တိရှိမှုအထိမ်းအမှတ်သင်္ကေတကို ဖော်ဆောင်သည်။

အမိချင်းတောင်မြေ ( Chin Land) ၏ သဘာဝအလှ တန်ဖိုးထားအထိမ်းအမှတ်သင်္ကေတများဖြစ်သော တောင်ဇလပ်ပန်း၊ အောက်ချင်းငှက်၊ နွားနောက်များကို ဆက်လက်ထိန်းသိမ်းဖို့ရန် ချင်းလူမျိုးများ၏ အနာဂတ်မျိုးဆက်သစ်များတွင် တာဝန်ရှိကြောင်း ရေးသားလိုက်သည်။

**ဂျိုးနက်**

# အင်ကြင်းကျောက်ဈေးကွက် တရုတ်ဈေးကွက်ကိုမျှော်နေရသည်ထက် အရှေ့တောင်အာရှနှင့် ဥရောပဈေးကွက်ထိ တိုးချဲ့ပေးသင့်

**နွားထိုးကြီး နိုဝင်ဘာ ၂၁**
အင်ကြင်းကျောက်အချောကိုင်လုပ်ငန်းမှာ တရုတ်ဈေးကွက်ကို မျှော်နေရသည်ထက် ဂျပန်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား စသည့်အရှေ့တောင်အာရှဈေးကွက်နှင့် ဥရောပဈေးကွက်ကို ထိုးဖောက်ရန်လိုအပ်နေပြီဟု အင်ကြင်းကျောက်အချောကိုင် လူသုံးကုန်ပစ္စည်းထုတ်လုပ်သူ အင်ကြင်းကမ္ဘာ အရောင်းဆိုင်ပိုင်ရှင် ဦးသန်းလွင်က ပြောသည်။

အင်ကြင်းကျောက်အချောထည်များကို တရုတ်အပြင် ပြင်ပနိုင်ငံခြားသားများ အကြိုက်များနေ၍ ပြည်ပဈေးကွက်ရရေး တာဝန်ရှိသူတို့က အကူအညီပေးရန်လိုနေသည်။ အကြမ်းထည်ကြိုက်တရုတ်ဈေးကွက်ကို အားမထားဘဲ တစ်ကမ္ဘာလုံးဈေးကွက်ဝင်ရန် တိုးချဲ့သင့်ကြောင်းပြောသည်။ လောလောဆယ်တွင် အချောကိုင်အင်ကြင်းကျောက်ပစ္စည်းများကို တန်ချိမပို့နိုင်သေးသော်လည်း ဟိုတယ်၊ မိုတယ်၊ အင်းများနှင့် ကျောက်မျက်အရောင်းဆိုင်များတွင် ရောင်းပန်းလှနေ၍ အင်ကြင်းကျောက်အကြမ်းတုံးရောင်းခြင်းထက် အချောထည်လူသုံးပစ္စည်းများ ဈေးကွက်တွင်ကျယ်နေသည်။

နွားထိုးကြီးနယ်တွင် အင်ကြင်းကျောက်ကုမ္ပဏီ ၂၀ ကျော်နှင့် တစ်ပိုင်တစ်နိုင် အင်ကြင်းကျောက်အချောကိုင်လုပ်ငန်းရှင် ၁၀၀ ကျော်ရှိနေပြီး ၁၂ ဘီးကား၊ ၂၂ ဘီးကားများနှင့် အင်ကြင်းကျောက်အကြမ်းတုံးများ တူးဖော်ရရှိ၍ တရုတ်ဈေးကွက်တင်ပို့နေဆဲဖြစ်ကြောင်း သိရသည်။ **ဌေးမြင့်မောင်**



## ကြော်ငြာ


**Amazing Time Travels & Tours**
ဗုဒ္ဓဂယာလိုင်စင်မှတ်ပုံတင် (ဓမ-၀၁၂၆) No.1 Travel Agent for Buddha Gaya
အမှတ်-၁၃၂(A)၊ တတိယထပ်၊ တာမွေရာလမ်း၊ စမ်းချောင်း၊ ရန်ကုန်၊ ဖုန်း 012304785၊ 09456672060၊ 09 73120852

ဗုဒ္ဓဂယာ အဆင့်မြင့်ဘုရားဖူးခရီးစဉ် (၈ရက် ၇ည) ဟိုတယ် (၇) ည
ဗုဒ္ဓဂယာ - တာရာဏသီ - မိဂဒါဝုန် - သာဝတ္ထိ - လုမ္ဗိနီ - ကုသိနာရုံ - နာလန္ဒ - ရာဇဂြိုလ်

MAI လေကြောင်းလိုင်းဖြင့် လိုက်ပါစီးနင်းရပါမည်။ ခရီးစဉ်တစ်လျှောက် aircon bus များအသုံးပြုပေးထားပြီး ခရီးဆောင်အိတ်၊ လက်ဆွဲအိတ်၊ ဦးထုပ်၊ ယောဂီတဘက် များပေးပါမည်။ ဗုဒ္ဓဂယာနှင့် ကုသိနာရုံတွင် ကိုယ်တိုင်ကိုယ်ကျ သင်္ကန်းကပ်လှူ ရပါမည်။ ညစဉ် ရေမွေးရေအေးပါရှိသော ဟိုတယ်တွင် တည်းခိုရမည်။ ဟိုတယ်များတွင် ဘုရားဖူးများနှင့် တွေ့ဆုံနိုင်ပါမည်။ မှတ်တမ်းတင် videoများ ပြန်လည်ပေးအပ် ပါမည်။ ခရီးစဉ်တစ်လျှောက် ဗုဒ္ဓဂယာသို့ မြန်မာကုန်းကြောင်း နှင့် မြန်မာစည်းလမ်းညွှန်တို့ ပါဝင်ပါမည်။(စရံငွေUSD100 ပေးသွင်းသုံးဖြင့် လူကြီးမင်းတို့၏ ဘုရားဖူးခရီးစဉ်လေးကိုစတင်လိုက်ပါ။)

ထွက်ခွာမည့်ရက်များ
20 – 27 Jan 2017
17 – 24 Feb 2017
12 – 19 Mar 2017



**FORWARD** YGN Travel & Tour
(ကျိုက်ထီးရိုးနေ့ ချင်းပြန်သီးသန့် ခရီးစဉ်)
အပါတ်စဉ်စနေ၊ တနင်္ဂနွေ
အမျိုးသားနေ့အထူး(24.11.2016)(26.11.2016)(27.11.2016)
နံနက်စာ၊ နေ့လယ်စာ၊ ညစာ၊ တောင်တက်ကားခ၊ Service Guide၊
အဆင့်မြင့် Air-Con Bus၊ အဆင့်မြင့် Restaurant၊
'စင်းလုံးငှားသီးသန့် တောင်တက်ကား' 30000
09-5089800, 09-33345545, 09-977890960, 09-252522200



**Holiday** Car Rental Service
ရန်ကုန်မြို့တွင်း/နယ်ဝေး ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
Ph: 09-420077975, 09-5111235
09-5075176, 09-420121837



မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ် ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။



"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။
09-73122029, 09-253065979



**MIHARA**
မြဝတီ-မဲဆောက်
ခရီးစဉ် (အပတ်စဉ်)
Car Rental Services
09-49218700, 09-5025400



Merry Christmas & 2017 Happy New Year!

ဗန်ကောက်၊ ပတ္တရား၊ အယုဒ္ဓယ (5D/4N) 29 Dec.,2016 ~2 Jan., 2017( USD-550 )
ဗန်ကောက်၊ ကမ္ဘောဒီးယား (5D/4N) Dec.28~01Jan.2017(USD-580)
ဟောင်ကောင်၊ မကာအို (5D/4N) Dec.29~02 (USD-1320)
ပေကျင်း၊ ရှီအမ်း၊ ရှန်ဟိုင်း (7D/6N) Dec. 26~01(USD-1750)
ကိုရီးယား (6D/5N) Dec. 22~27 (USD-1550)
ဂျပန် (8D/7N) Dec.29~05 Jan.(USD-2900)
ဒူဘိုင်း (5D/4N) Dec.28~02 Jan.(USD-1950)
စင်ကာပူ (4D/3N) Dec.29~01 Jan.(USD-750)

တိုး ဒီ နဲ့ GO ပြီ
ဗီယက်နမ် ဟနွိုင်း၊ ဟားလောင်း၊ နီမ်ဘင်း (4D/3N) Dec. 23~26 (USD-470) Dec. 30~02Jan. (USD-490)
ဗီယက်နမ် ဟိုချီမင်း(ဆိုင်ဂုံ)၊ မိုနဲကမ်းခြေ၊ ဒါလတ် (5D/4N) Dec.23~27/ Dec.30~03(USD-440)

အမှတ် (၁၀၉)၊ (ပ) ထပ်၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
ဖုန်း၊ ဖက်(စ်) ၀၁ – ၂၅၀ ၇၃၄၊ ၃၇၈ ၁၂၇၊ ၃၇၈ ၅၀၃
Viber : 09-77 9999 146 09-77 9999 147
/TourDeMyanmar/ ပြည်ပခရီးသွားလိုင်စင်အမှတ်-၀၀၁၂



## Victoria University College

### ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း

၁။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ (သို့မဟုတ်) IGCSE (O Level ) အောင်မြင်ပြီးသူများသည် အောက်ဖော်ပြပါဘာသာရပ်များအနက် မိမိဝါသနာစိတ်အားထက်သန်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ် သင်ယူနိုင်သည်။

(က) Engineering (Civil/ Mechanical/ Mechatronics/ Electrical and Electronics)
(ခ) Health and Social Care (HND to MBBS)
(ဂ) Business (Management/ Marketing/ Accounting/ HR/ Hotel Management)
(ဃ) Computing (Software Engineering/ Computing and System Development)

၂။ HND အတွက် ၂နှစ်ခွဲသင်ယူရမည်ဖြစ်သည်။ BE(Hons:), BSc(Hons:), BA(Hons:), BBA(Hons:) အတွက် ဗြိတိန် အစိုးရပိုင် University of Wolverhampton မှ Victoria University College မြန်မာသို့ လာရောက်သင်ကြားသည့် အတန်းတွင် (၁)နှစ် ဆက်လက်သင်ယူရမည်။ MBBS အတွက် (၄)နှစ် ဆက်လက်သင်ယူရမည်။

၃။ QAA (UK) နှင့် UoW အသိအမှတ်ပြု Centre ဖြစ်သဖြင့်နိုင်ငံတကာအသိအမှတ်ပြုဘွဲ့နှင့်အလုပ်အကိုင်အခွင့်အလမ်းများရရှိမည်။ (Victoria University College မှ အကြံပြု ဆောင်ရွက်ပေးသည်။)

၄။ ဝင်ခွင့်လျှောက်လွှာနှင့်အတူအောင်လက်မှတ်(သို့မဟုတ်)အမှတ်စာရင်း၊ဓါတ်ပုံ(၃)ပုံပူးတွဲတင်ပြရ မည်။

၅။ 19 January 2017 တွင် Open Dayစတင်ဖွင့်လှစ်ပါမည်။

လျှောက်လွှာတင်သွင်းရန်နှင့် စုံစမ်းဆွေးနွေးရန် ကျောင်းသားရေးရာဌာန -Victoria University College
ရန်ကုန် - အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၅၄၁၃၈၉၊ ၅၄၁၅၅၀၊ ၅၅၆၃၈၉၊ ၀၉၂၅၉၂၇၁၀၉၄၊ ၀၉၅၁၀၄၇၄၈။
မန္တလေး - အမှတ် (၁၅၁)၊ ၂၈ လမ်း၊ ၇၇ နှင့် ၇၆ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၂ - ၃၁၁၅၄၊ ၀၉ - ၂၅၄၅၇၄၇၃၈၊ ၀၉ - ၅၀၆၀၇၂၀၊ ၀၉ - ၇၈၅၉၆၀၇၂၀။



ရွှေပလ္လင် ဖွင့်ပြီ
မိန်ဂေဟာ(မြည်လမ်း)
ရွှေပလ္လင် လက်ဖက်ရည်အရမ်းကောင်းဆိုပဲ...
တွေ့ကြရအောင် ရွှေပလ္လင် မှာ...
ဆိုင်ဖွင့်ချိန် 10:00AM To 9:00PM
Head Office: 01- 538736



ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620



ကျုံးပေါင်းရောဂါဖြစ်နေရင်......
"အေးသစ္စာ" ဆေးခန်းကို သတိရပါ။
စုတ်အပ်မထိုး၊ မနင်းမနှိပ်၊ မနာမကျင် တိုင်းရင်းဆေးစစ်စစ်ဖြင့် ကုသည်။
၁။ အမှတ်(၁၃၀၂)၊ ရွှေခင်းသာလမ်း၊ (၆)ရပ်ကွက်၊ ကြယ်ငါးပွင့် ဆိပ်ကမ်းအနီး၊ သာကေတမြို့နယ်၊ ရန်ကုန်။ Ph: 09-798118528, 09-73015215
၂။ အမှတ်(၂၄)၊ ရှင်စောပုလမ်းမကြီး၊ အ.မ.က(၇)ကျောင်းအနီး၊ အောင်မင်္ဂလာရပ်ကွက်၊ ဒလမြို့နယ်။ Ph: 09-25165569
၃။ အမှတ်(၈)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေအဝိုင်းထိပ်အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်။ Ph: 09-796415108



သင့်စီးပွားရေး အောင်မြင်မှုအတွက် လမ်းညွှန် ..
မြန်မာစီးပွားရေးလမ်းညွှန်
အောက်ပိုင်း
တိုင်း/ပြည်နယ် 8 ခု
မြို့ပေါင်း 102 မြို့
စီးပွားရေးလုပ်ငန်းပေါင်း 119,000 ကျော်
အုပ်စုပေါင်း 30,000
App 1 ခု
Website 1 ခု
ကြော်ငြာလက်ခံမည့်နောက်ဆုံးရက် ၃၀.၁၁.၂၀၁၆
Myanmar Business DIRECTORY
www.myanmarbusiness-directory.com
YGN Hotline No. 09 448001662 I MDY Hotline No. 02 4000611

## ရွှေပါရမီ ပညာရေးဖောင်ဒေးရှင်း

### တက္ကသိုလ်ပညာသင်ဆုလျှောက်ထားနိုင်

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်သော ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၏ ပဋ္ဌမအကြိမ်မြောက် တက္ကသိုလ်ပညာသင်ဆုကို '၂၀၁၆' တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်၍ ဆေးတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ရတနာပုံဆိုင်ဘာစီးတီးနည်းပညာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်တို့သို့ တက်ရောက်ပညာသင်ကြားရန် အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားလိုသူသည်-

(၁) လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ မိသားစုဓာတ်ပုံနှင့် နေအိမ်ဓာတ်ပုံ
(၂) ကိုယ်ရေးအချက်အလက်အပြည့်အစုံ
(၃) မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ
(၄) တက္ကသိုလ်ဝင်တန်း အမှတ်စာရင်းမိတ္တူ
(၅) သက်ဆိုင်ရာတက္ကသိုလ်ဝင်ခွင့်မိတ္တူ
(၆) မိဘအလုပ်အကိုင်နှင့် ဝင်ငွေ
(၇) ညီအစ်ကိုမောင်နှမများ၏ အလုပ်အကိုင်၊ ဝင်ငွေနှင့် ပညာရေး (ဥပမာ - ကျောင်းသားဖြစ်ပါက တက်ရောက်ပညာသင်ကြားနေသည့် အတန်း၊ တက္ကသိုလ် အပြည့်အစုံ)
(၈) မိမိကိုယ်တိုင်၊ မိဘ၊ အခြားယုံကြည်ထိုက်သူတစ်ဦး၊ စုစုပေါင်းသုံးဦးတို့၏ ပညာသင်ဆုလျှောက်ထားရခြင်းအကြောင်း ရှင်းလင်းတင်ပြချက် (ကိုယ်တိုင်လက်ရေးအသီးသီးဖြင့်)
(၉) ကျောင်းစာပြင်ပလှုပ်ရှားမှုနှင့် အောင်မြင်မှုများ(အထောက်အထားမိတ္တူဖြင့်)
(၁၀) ဘဝရည်မှန်းချက် (ကိုယ်တိုင်လက်ရေးဖြင့်)
(၁၁) ဆရာတော်အရှင်ဆန္ဒာဓိက၏ စာအုပ်များ ဖတ်ဖူးပါက မည်သည့်စာအုပ်ကို မည်သည့်အတွက်ကြောင့် အနှစ်သက်ဆုံးဖြစ်ကြောင်း နားလည်ခံစားချက် (ကိုယ်တိုင်လက်ရေးဖြင့်)တို့ကို 'ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၊ အမှတ်(၆၁)၊ မြေညီထပ်၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့'သို့ ဒီဇင်ဘာလ (၂၀) ရက်နေ့ နောက်ဆုံးထားပေးပို့၍ လျှောက်ထားနိုင်ပါသည်။

လျှောက်ထားသူများအနက် အလိုအပ်ဆုံးသူများကို လူတွေ့မေးမြန်းခြင်း၊ ကွင်းဆင်းလေ့လာခြင်းတို့ဖြင့် စနစ်တကျ စိစစ်ရွေးချယ်၍ ၂၀၁၇ ခုနှစ်၊ ဇွန်လတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ အခမ်းအနားဖြင့် ပညာသင်ဆု ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါသည်။

မှတ်ချက် ။ ။ အချက်အလက်မပြည့်စုံသောလျှောက်လွှာများ လုံးဝထည့်သွင်းစဥ်းစားမည်မဟုတ်ပါ။

**ရွှေပါရမီပညာရေးဖောင်ဒေးရှင်း**

## Innlay Lover Travels & Tours
အဆင့်မြင့်ဘုရားဖူး ခရီးသွားလုပ်ငန်း

- ဖြိုက်ကျွန်းပတ်ခရီးစဥ် Dec - 23 300,000 Ks
- တောင်ကြီး Dec-9,23, Jan - 13,27 135,000 Ks
- ပုဂံ Dec-9,28 Jan - 20 135,000 Ks
- ပြင်ဦးလွင်၊ မန္တလေး၊ မုံရွာ Dec-2,16 135,000 Ks
- အလောင်းတော်ကဿပ Dec-28, Jan-13,27 135,000 Ks
- ထားဝယ်၊ရှင်ကိုးရှင်၊ မောင်းမကန် Dec-2,28,Jan-20 135,000 Ks
- ငပလီ 220,000 Ks
- လှိုင်ဂူ၊ရေပြာအိုင်၊မိန်းမရဲတောင်၊ကလော Dec-28 135,000 Ks
- မြဝတီ မဲဆောက် (2N-3D)Dec-16., Jan-6,27 100,000 Ks
- ချင်း-နတ်မတောင်၊ မကွေး Dec-23 165,000 Ks

အဆင့်မြင့်ဟိုတယ်၊ သန့်ရှင်းလတ်ဆက်သောစားသောက်ဆိုင်၊ ခရီးသွားအာမခံ၊ Guide Service ပါပြီး။
Call us: 09-4210 30 814, 09-97 925 2020, 09-97 925 2121, 09-2636 95 301
ကျန်ခရီးစဥ်အားလုံး ၃ည/၄ရက်ခရီး

## Three Seasons Car Rental Service
မြို့တွင်း၊ မြို့ပြင်
Ph: 09-975803600, 09-421027767

## ပေါ်ဆန်းမွှေးသစ်ရဂြိုဟ်
ဈေးချိုတဲ့ပေါ်ဆန်းမွှေးသစ်များရပြီနော် 12ပြည်
အိတ်များ ဝပို့ပေးနေပါပြီ။
09-43334111 ☎ 01-682844
09-43334222 ☎ 01-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

တွန်တရစ် အငှားဖိုက်စတင်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်းရန်(၂)တောင်ဒဂုံ

## သာလွန်ကျော်
အိမ်၊ခြံ၊မြေ ရောင်းဝယ်ရေး
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း လေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။
Ph: 09-420780797
09-254285314

တော်လှန်ရေးသမားတစ်ဦးရဲ့ တော်လှန်သောအတွေးအမြင်

## ဆောင်းပါးပေါင်းချုပ်

### ထွန်းအောင်ကျော် (ABSDF. ဥက္ကဋ္ဌဟောင်း)

ရန်ကုန်မြို့နှင့် မြန်မာပြည်တပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူနိုင်ပါသည်။
အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်မှာကြားပါက စာအုပ်ရောက် ငွေချေစနစ်ဖြင့် စာတိုက်မှ ပို့ဆောင်ပေးပါမည်။ ပို့ခ - ၁၀၀၀ ကျပ် တန်ဖိုး - ၄၀၀၀ ကျပ်
လွင်ဦးစာပေ (လှည်းတန်း) - ၀၉ ၂၅၉ ၂၈၉ ၁၅၉၊ ၀၉ ၄၅၃ ၃၃၆ ၉၈၀





Social Pack
MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
လူကြိုက်အများဆုံး Social App တွေကို
အသက်သာဆုံး ဈေးနှုန်းနဲ့ သုံးနိုင်ပြီ။
Facebook . Viber . Line . COC* . Clash Royale*
1 Kyat/MB
LINE
၂၄ နာရီ 200MB/199Ks *3001# SP1 to 1332
၇ ရက် 1000MB/999Ks *3002# SP2 to 1332
ရက် ၃၀ 4000MB/3999Ks *3003# SP3 to 1332
MPT ၏ ဆွေသဟာ ဝန်ဆောင်မှု ရယူသုံးစွဲနေသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
သတ်မှတ်ထားသော Social App များမှအပ အခြားအင်တာနက် သုံးစွဲမှုများအတွက် ပုံမှန်ဈေးနှုန်းအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
VOIP ခေါ်ဆိုမှုအတွက် ပုံမှန်နှုန်းထားအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
*အသေးစိတ်အချက်အလက်များကို Terms & Conditions တွင် ကြည့်ရှုနိုင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm mptofficialpage mptofficial
CALL CENTER 106 | free hotline 24 hours everyday


YANGON FIRST SOHO BUSINESS CENTER
SPRING LINE
★ Hlaing River Landmark ★
27 NOV 2016
PROJECT PROMOTION EVENT
I Recommend Spring Line
SUPER STAR
May Ywet War
ROOM UNIT CAN VARIABLE
Living And Office Together As Desired
Permanently Possess The Property Rights Of Land
Wealth For Next Generation
Complete And Convenient For Living And Business
Center Of Commercial Location Become The Maximum Value Added
Cluster Of Active Business Center
Boutique Business Hotel Shopping Center Lead To Regional Landmark
Tel: 09 7930 66666
Add: No.461,Kanar Middle Qtr,Hlaing River Road,Insein Township,
Nearby Aung Zay Ya Bridge,Yangon
Facebook: Springline Rbd
Shwe Oak Khai Construction Co.,Ltd.
Hlaing
River
SPRING LINE
Yangon International Airport
Aung zoryar Bridge
Hlaing River Rd
City Mart
FMI CITY
Bayint Naung Bridge2
Bayint Naung Bridge
8th mile
Yangon Hotel

## ကြော်ငြာ

**သီရိ ဗုဒ္ဓဂယာအဖွဲ့၏ ဘုရားဖူးခရီးစဉ်များ**

● အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၁၄ ညအိပ် / ၁၅ ရက်)
ထွက်ခွာမည့်နေ့ရက်များ - အောက်တိုဘာ (အားလုံးပြည့်)၊ နိုဝင်ဘာ (အားလုံးပြည့်)၊ ဒီဇင်ဘာ (၄၊ ၁၁၊ ၁၈၊ ၂၃)၊ ဇန်နဝါရီ (၈၊ ၂၂)၊ ဖေဖော်ဝါရီ (၃၊ ၁၂၊ ၁၉၊ ၂၆)၊ မတ် (၅၊ ၁၂၊ ၁၉၊ ၂၆)၊ ဧပြီ (၂၊ ၉)။
● အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၇ ညအိပ် / ၈ ရက်)
ထွက်ခွာမည့်နေ့ရက်များ - ဧပြီ (၁၂)။
● သီရိလင်္ကာဘုရားဖူးခရီးစဉ် (၆ ညအိပ် / ၇ ရက်)
ဆောင်းရာသီ ခရီးစဉ်များအတွက် အထူးအခွင့်အရေးများ ရှိပါသည်။
အနည်းဆုံး(၆)လသက်တမ်းကျန်သောနိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ ၃၀၀၀ဝိ/- လျှော့ပေးပါသည်။
(နယူးဒေလီတွင် ဟိုတယ် ၂-ည အိပ် တည်းခိုပြီး ၊ အန္တရာယ်ရှိသော ညဖက် ကားမောင်းခရီးသွားခြင်းလုံးဝမရှိပါ။)

သီရိ ဘုရားဖူးအဖွဲ့ - အမှတ်(၂၅)၊ အခန်းအမှတ်(၁၀၃)၊ တတိယထပ်၊ ဓါတ်လှေကားအမှတ်(၂)၊ ယုဇနပီးပွားရေးဇာဝါ၊ မရှေ့စေတီလမ်း၊ စမ်းချောင်း။ ဖုန်း - 536348 , 537707 , 537708 , 09 500 1763 , 09 501 3727 , 09 256174414 , 09 516 4664
မျိုးဆောင်သာသနာပြုအဖွဲ့ - အမှတ်(၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ၀တန်း၊ ရန်ကုန်။ ဖုန်း - 545215, 545216 , 555173
မန္တလေးရုံးခွဲ - (I-6)၊ ရတနာမန္တလေးအိမ်ရာ၊ လမ်း၆၀၊ ၃၁×၃၂ကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေး။ ဖုန်း - 09 402 64 8989, 09 5300305

**အာရှနဂါး**
မြဝတီ / ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

Since 1985
**ဧဝတာနာရှင်**
ကျိုက်ထီးရိုး ◆ မြဝတီ
ချောင်းသာ ◆ ငပလီ
01-392704, 09 73017110
09795066657,09785066657

**ရွှေအိုးကြီး**
မြဝတီ၊ မဲဆောက်၊ ဘားအံ၊ ချောင်းမြိုင်
Nov(25)Dec(29)Hotel/Visa-တစ်ဦး 75000
ဘားအံဘုရားစုံ/ရှင်ရှင်လွှန်းညရော်ပြာအိုင်
ချမ်းသာမြိုင် Nov.23 ထွက် နေ့ချင်းပြန် 33000
09421073634, 777636630

**နန်းဦးလှိုင် ဘုရားဖူးခရီးသွားပို့ဆောင်ရေး**
● တောင်ကြီး၊ အင်းလေးဖောင်တော်ဦး၊ အလိုတော်ပေါက်၊ ရွှေတော်ကဏ္ဍူ၊ ထမ့်စမ်းဂူ၊ ရှုဥာမင်္ဂ ပြိုမြဈေး၊ ပင်းတယ ရွှေဥမင်၊ ပုန်းတလုတ်ကန်၊ ကုံလုံ၊ ကလောနီးဘုရား။ မြင်းမယိုဂူ (၄)ရက်- ဆက်၍ လျှိုင်ကော် တောင်ကွဲစေတီ၊ ထီးမွှင့်ကန်၊ ထီးဆဲခါးရေတံခွန် (၆)ရက်။ (အပါတ်စဉ် - သောကြာ)
● ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရပ်၊ ကျိုက္ခမီ၊ စက်စဲ (၅)ရက် ဆက်၍ မြိတ်(ဘိတ်)ပါ (၇)ရက်။
● မန္တလေးဘုရားစုံဖူး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ ကျောက်စိမ်းစေတီ (၄)ရက်။ ● ကျိုက်ထီးရိုး(နေ့စဉ်)
● မြဝတီနှင့် ဘားအံဘုရားစုံဖူး (၃)ရက်။ ● ပုဂံ၊ ပုပ္ပါး၊ ဗွယ်တော်လေးဆူ၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၄)ရက်။
● မော်လမြိုင်ဘုရားစုံဖူး၊ ကျိုက္ခမီ၊ စက်စဲ၊ ဇွာလဘိုတောင် (၂)ရက်- ကျိုက်ထီးရိုးပါ (၃)ရက်။
● မော်လမြိုင်ဘုရားစုံဖူး၊ ကျိုက္ခမီ၊ စက်စဲကမ်းခြေ နှင့် ဘားအံဂူ(၅)ဂူပါ (၂)ရက်။
ဖုန်းဆိုးအမှ 01-391577, သန်လျင် 09-5122961, 09-254340569, တာမွေ 09-254821597

**OD TOUR** ပြည်တွင်း ၊ ပြည်ပခရီးစဉ်များ
Since 1997
License No: Pa Kha 0024

| | | | | | |
|---|---|---|---|---|---|
| အင်းလေးတောင်ကြီး | Nov. 23,Dec.9,28,29 | ဗုဒ္ဓဂယာ | Dec 31, JAN 28 | ဥရောပ | Dec 25 |
| ပုဂံပုပ္ပါးပခုက္ကူ | Nov. 23,Dec.9,28,29 | ဘာလီ | Dec 25 | ဒူဘိုင်း | Dec 25 |
| ကလောလျှိုင်ကော် | Nov. 23,Dec.9,28,29 | ဂျပန် | Dec 24 | စကာပူ | Dec 29 |
| ထားဝယ်(ရှင်ကိုးရှင်)မောင်းမကန် | Dec.9,28,29 | ဗီယက်နမ် | Dec, 9, 23 | ကိုရီးယား | Dec 24 |
| မြဝတီမဲဆောက် | | ချင်းမိုင်ချင်းရိုင် | Dec 23 | | |
| မော်လမြိုင်ကျိုက္ခမီစက်စဲ | | ဟောင်ကောင်မကာအို | Dec 28 | | |
| ဘားအံတောင်ငိုင်းချစ်သူမြိုင် | | ဖနံကောက်ပတ္တရား | Dec.10,25 | | |
| ငပလီကမ်းခြေ (လေယာဉ် + ဟိုတယ်) | | ဖနံကောက် + ကမ္ဘောဒီးယား | Dec.10 | | |

အပတ်စဉ် စနေနေ့တိုင်း ထွက်ပါမည်။
လေယာဉ်လက်မှတ်နှုန်းထား အဆင်ပြေမှုရှိစေရန် အမြန်ဆုံး တရုတ်ပေးသွင်းစေလိုပါသည်။
www.facebook.com/ODTour
စိတ်ကြိုက်သီးသန့်ခရီးစဉ်များကို (၂)ဦးမှစ၍ အထူးနှုန်းများဖြင့် ညှိနှိုင်းဆောင်ရွက်ပေးပါသည်။
No.52 ၊ ကျွန်းတောလမ်း၊ စမ်းချောင်း ☎ 01-504808,523187,09-5187045,09-5108087

**FULLY LIGHT** ခရီးသွားကုမ္ပဏီ
လူကြီးမင်းတို့ သွားလိုရာ ခရီးအား
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်...
လိပ်စာ - ဒဂုံစင်တာ(၁)၊ ဘီဆောင်-၈၀၁၊ မြေနီကုန်း၊ စမ်းချောင်း
01-503815 ,09-333 777 82,09-42 101 3085

**ကားစီးလုံးငှားသည်။**
Hiaceအံစာတုံး 14ယောက်စီး/Hiace(ခေါင်မြင့်) (9ယောက်စီး)
Super Custom/ Mark X /Alphard/ Hino (25ယောက်စီး)
ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်ငှားပါ။
မြို့တွင်း / မြို့ပြင်
Ph:09-5168997, 095089800, 09421743335

မီး ဘေး ရှောင် မ လောင် ခင် တား

**Panasonic**
လုံခြုံစိတ်ချမှု အပြည့်အဝရှိပြီး အရည်အသွေးမြင့်သော လျှပ်စစ်ပစ္စည်းများ



➤ မီးခလုတ်
➤ ဘရေကာ
➤ အလုဆင်မီး
➤ လေစုပ်ပန်ကာ
➤ လျှပ်စစ်မီးကြိုး
➤ STEEL CONDUIT PIPE &
➤ ISOLATOR



အတုအပ-ဆင်တူယိုးများ သတိပြုပါ။

YANDAYAR TRADING CO.,LTD
အမှတ်- ၃၀ (ခ)၊ တက္ကသိုလ်ရိပ်သာလမ်းသောင်း၊ ဗဟန်း၊
☎ ၀၁-၅၀၂၃၃၃၊ ၅၀၃၃၂၉၊

**အားလုံးအတွက် အခမဲ့**
အူရီဒူးအချင်းချင်း အခမဲ့ ဖုန်းခေါ်ဆိုခြင်းအပြင်
တစ်ကမ္ဘာလုံးကို Viber, BeeTalk တို့သုံးပြီး
ဖုန်းခေါ်ဆိုခြင်း၊ မက်ဆေ့ချ်ပေးပို့ခြင်း၊ ဗီဒီယို
ဖုန်းခေါ်ဆိုခြင်း နှင့် အခြားအသုံးပြုမှုများကို
သုံးပြီး အခမဲ့ ချိတ်ဆက်နိုင်ပါပြီ။

ooredoo

အခပဲရယူဖို့
*133# ကို
ခေါ်ဆိုလိုက်ပါ



## ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငွေဝတ်မှုံရပ်ကွက်၊ ရွှေတောင်ကြားရိပ်သာ(၁)၊ အမှတ် ၇၀(ပ)နေ (ဒေါ်တင်တင်အေး)၏ခင်ပွန်း၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဒုတိယဗိုလ်ချုပ်ကြီး အေးသောင်(ငြိမ်း) (တောင်သာ)၏ ဈာပနကိစ္စများနှင့် ကွယ်လွန်ပြီးချိန်မှစ၍ ရက်လည်ပြီးသည်အထိ နေအိမ်သို့ ကိုယ်တိုင်လာရောက်မေးမြန်းအားပေးကူညီကြသည့် စစ်ဘက်/နယ်ဘက်မှ အကြီးအကဲများနှင့် မိသားစုများ၊ တပ်မတော် အငြိမ်းစားအရာရှိကြီးများနှင့် မိသားစုများ၊ အနန္တကျေးဇူးရှင်ဖခင်ကြီး၏ ဆရာသမားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ တပည့်များနှင့် ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်း၊ Email၊ Message တို့ဖြင့် ဝမ်းနည်းကြောင်းပေးပို့ကြသည့် အကြီးအကဲများနှင့် မိတ်ဆွေများအားလည်းကောင်း၊ သတင်းစာများတွင် ဝမ်းနည်းကြောင်းထည့်သွင်းခဲ့ကြသည့် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၊ ရဲဘော်ရဲဘက်များ၊ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ဈာပနကိစ္စများအစစအရာရာ အဆင်ပြေချောမွေ့စေရေးအတွက် ကူညီဆောင်ရွက်ပေးကြသည့် စစ်ဘက်/နယ်ဘက်မှ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ မိတ်ဆွေသူငယ်ချင်းများ၊ တပည့်သားချင်းများအားလည်းကောင်း၊ ကျေးဇူးရှင်ဖခင်ကြီး၏ ရက်လည်ဆွမ်းကျွေးအတွက် လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းကြပါသော အကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိ မှတ်တမ်းတင်အပ်ပါသည်။

ထို့အပြင် နာမကျန်းစဉ်ကာလတွင် အထူးကြပ်မတ်ကုသပေးပါသော စစ်ဘက်/နယ်ဘက်မှ အထူးကုဆရာဝန်ကြီးများ၊ ဝိတိုရိယဆေးရုံမှ ဆေးရုံအုပ်ချုပ်ရေးတာဝန်ရှိသူများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာ/ဆရာမများ၊ ဆေးရုံဝန်ထမ်းများအားလည်းကောင်း၊ ဘန်ကောက်မြို့တွင် ဆေးဝါးကုသမှုခံယူစဉ် အစစအရာရာကူညီပေးပါသော မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ခင်ဇော်နှင့် ဇနီးနှင့် စစ်သံရုံး ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ မေတ္တာဖြင့် ဝိုင်းဝန်းအားပေးကူညီကြသူများအားလည်းကောင်း အထူးပင်ကျေးဇူး ဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ကျန်ရစ်သူ သား၊ သမီး၊ မြေးများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ဟန်တီ(ခ)တန်ဝှက်တီ (အုတ်ဖို)

### အသက် (၉၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၆၄)၊ အိုးဘိုလမ်းနေ (ဦးစိန်ဟုတ်)၏ဇနီး၊ ဦးခင်မောင်ကြီး-ဒေါ်ရွှုဂ္ဂာ၊ ဦးအောင်သိန်း-ဒေါ်ရွှုတင်၊ ဦးမျိုးလွင်-ဒေါ်ရှုလျှန်၊ ဦးဝင်း-ဒေါ်ခင်လှ၊ ဦးသိန်းသန်-ဒေါ်ခင်အေး၊ ဦးတန်ကြောင်အိန်-ဒေါ်ခင်ထွေး၊ ဦးကြည်လင်း-ဒေါ်ခင်ခင်ငြိမ်း၊ ဒေါက်တာအောင်ကြည်-ဒေါက်တာယဉ်မေသန်းတို့၏မွေးသမိခင်၊ မြေး ၃၅ ယောက်၊ မြစ် ၃၄ယောက်တို့၏အဘွား ဒေါ်ဟန်တီ(ခ)တန်ဝှက်တီသည် ၂၁-၁၁-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)

## ဒေါက်တာ ဘဒ္ဒန္တ ပဏ္ဍိတ

### နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ

### သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ထူးကြီးဒေသ၊ ညောင်ကုန်းကျေးရွာနေ ခမည်းတော် ဦးပြားအုံ၊ မယ်တော်ဒေါ်ချောတို့၏ သားတော်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ပဏ္ဍိတာရာမကျောင်းလမ်း၊ ပဏ္ဍိတာရာမစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက နိုင်ငံတော်သြဝါဒါစရိယ အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ လဗ္ဗိုပေသလ သိက္ခာကာမ ဝိနယဂရုကဖြစ်တော်မူသော သက်တော်ရှည် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပဏ္ဍိတ မဟာထေရ်မြတ်ကြီးသည် (၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်)၊ ၁၆-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ည ၁၁း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်) ၂၆-၁၁-၂၀၁၆ (စနေနေ့) ညနေ ၃နာရီတွင် လှိုင်သာယာမြို့နယ် ထိန်ပင်သုသာန်သို့ ပို့ဆောင်ပြီး အန္တိမအဂ္ဂိဈာပန ပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း အင်္ဂပူမြို့နယ် အသင်းသူ/အသင်းသားများ၊ ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့
အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)

---

### နိုင်ငံကျော်အဆိုတော် ဟသ်ာတထွန်းရင်

### အသက်(၇၇)နှစ်

ဟသ်ာတမြို့နေ (ဦးဖေ-ဒေါ်ကုလားမ)တို့၏ သားကြီး၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းလမ်း၊ ခြံအမှတ်(၂၅)နေ (ဝဏ္ဏကျော်ထင်စိန်အောင်မင်း-ဒေါ်စိန်လေဒီ)တို့၏သားသမက်၊ (ဒေါ်လှလှထွေး)၊ ဒေါ်စီစီစိန်တို့၏ ချစ်လှစွာသော ခင်ပွန်း၊ ဟသ်ာတမြို့နေ ဦးတင်ဦး၊ ဦးစန်းမြင့်-ဒေါ်ခင်ထွေးရီတို့၏ အစ်ကို၊ (နိုင်ထွန်းရင်)-မချောယဉ်ထွေး၊ (ကျော်စိုးထွန်း)-မခက်ခက်အောင်၊ စိုးမိုးထွန်း-မမိုးထက်နေခြည်၊ မစီစီမင်း၊ မနီလာထွန်း၊ နိုင်လင်းထွန်း-မသိမ့်သိမ့်အောင်၊ ပိုင်စိုးထွန်းတို့၏ ချစ်လှစွာသောမွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုး နိုင်ငံကျော်အဆိုတော် ဟသ်ာတထွန်းရင်သည် ၂၁-၁၁-၂၀၁၆ (တနင်္လာနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း

### လ ၂၀၉၆၄၂ ရဲဒုတပ်ကြပ် ဇော်လင်းအောင်

### အသက်(၃၂)နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့ (လားရှိုး)မှ ရဲဒုတပ်ကြပ် ဇော်လင်းအောင်သည် ၂၀-၁၁-၂၀၁၆ ရက်နေ့တွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန် ထမ်းဆောင်စဉ် ကျဆုံးသွားခဲ့သဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့် တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးကျောင်း (တိုင်းပညာရေးမှူး-ငြိမ်း၊ စစ်ကိုင်း)

### အသက်(၉၅)နှစ်

ရန်ကုန်စီးပွားရေးတက္ကသိုလ် (၁၉၇၁-၇၅) သူငယ်ချင်းများမှ ဒေါ်ခင်ပြုံးယု(I.T)၏ချစ်လှစွာသောဖခင်ကြီး ဦးကျောင်း (၉၅)နှစ်သည် ၁၁-၁၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရ၍ ချစ်သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

Eco.(1971-75) **သူငယ်ချင်းများ**
**စီးပွားရေးတက္ကသိုလ်**

---

### ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ချိုချိုသန်း (၈၆)နှစ်

**ကထိက၊ ဌာနမှူး(ငြိမ်း)**

**R C 1, RUBC , BC ပထဝီဌာန**

**ကန်တော့ခံဆရာမကြီး**

ဆရာမကြီး သည် ၁၉-၁၁-၂၀၁၆ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေသ(၁)၊ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ)၊**
**ဗိုလ်တထောင်ကောလိပ် အာစရိယပူဇော်ပွဲနှင့် လူမှုအကျိုးပြုအဖွဲ့**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာအောင်ဝင်း (မြင်ကွန်းမြို့)

### အသက်(၅၇)နှစ်

သူငယ်ချင်း ဒေါက်တာအောင်ဝင်းသည် ၁၆-၁၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**16th Batch B.D.S သူငယ်ချင်းများ**

---

### ဝမ်းနည်းကြေကွဲခြင်း

### ဦးသန်းထွဋ်အောင် (၄၈)နှစ်

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံအမှတ်တရပစ္စည်းထုတ်လုပ် ဖြန့်ဖြူးရောင်းချသူများအသင်း၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဦးသန်းထွဋ်အောင်သည် ၁၅-၁၁-၂၀၁၆(အင်္ဂါနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်**
**မြန်မာနိုင်ငံအမှတ်တရ ပစ္စည်းထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ကြင်ဟုန် (မြိတ်မြို့) (၇၁)နှစ်

မြိတ်မြို့နေ (ဦးဖော်ရှင်-ဒေါ်သန်ရွှေ)တို့၏သမီး၊ ရန်ကုန်မြို့နေ [ဗိုလ်မှူးစိုးအုပ်(ငြိမ်း)-ဒေါ်ခင်မြ]တို့၏သမီးချွေးမ၊ ဗိုလ်မှူးကြီး ခင်မောင်မြင့်(ရေ၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ [ဗိုလ်မှူးကြီး ဘိုရှိန်း(ရေ-ငြိမ်း)-ဒေါ်ခင်ခင်အုန်း]၊ ဦးခင်မောင်မောင်-ဒေါ်ခင်ဆွေဆွေ၊ ဦးခင်မောင်တင့်-ဒေါ်အေးအေးတင့် (ဆင်ဖြူတော် အိမ်ဆောက်ပစ္စည်းဆိုင်၊ နေပြည်တော်၊ မြို့မဈေး)၊ ဦးမင်းအောင်-ဒေါ်ရီရီနွယ်၊ (ဦးမြင့်အောင်)-ဒေါ်ခင်ခင်ငြိမ်း၊ ဦးခင်မောင်ငြိမ်း၊ (ဦးဇင်ငြိမ်း)၊ (ဒေါ်ဝင်းဝင်းအေး)၊ ဦးဇော်ဝင်း-ဒေါ်ယဉ်ယဉ်ချစ်၊ ဦးမျိုးမြင့်ထွဋ်-(ဒေါ်ခင်သန်းသန်းဦး)တို့၏ မရီး/ယောက်မသည် ၂၁-၁၁-၂၀၁၆(တနင်္လာနေ့) ညနေ ၃း၀၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်ခန်းမ(၁/က)သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ကြင်ဟုန် (မြိတ်မြို့) (၇၁)နှစ်

မြိတ်မြို့နေ (ဦးဖော်ရှင်-ဒေါ်သန်ရွှေ)တို့၏သမီး၊ ရန်ကုန်မြို့နေ [ဗိုလ်မှူးစိုးအုပ်(ငြိမ်း)-ဒေါ်ခင်မြ]တို့၏သမီးချွေးမ၊ S-5၊ အောင်ရတနာဥယျာဉ်အိမ်ရာ၊ အောင် ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဗိုလ်မှူးကြီး ခင်မောင်မြင့်(ရေ/ငြိမ်း) (ညွှန်ကြားရေးမှူးချုပ်၊ လဝက-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးသောင်းကျော်ဦး-ဒေါ်လွင်မာဦး၊ ဒေါ်အေးအေးမြင့်၊ ဒေါ်ဥမ္မာမြင့်-ဦးစိုးမြင့်ဦး၊ ဒေါ်အိအိထွေး-ဦးစိုင်းသီဟ၊ ဒေါ်ပြည့်ပြည့်ဖြိုးမြင့်တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မောင်အာကာဖြိုးကျော်(B.A Eng)၊ ဒေါက်တာသုခစိုး(B.D.S Ygn)၊ မောင်မင်းသုကျော် (2nd Year, IC)၊ မနွေးအိန္ဒြေကျော်၊ မောင်ဥက္ကာဖြိုးကျော်တို့၏အဘွားသည် ၂၁-၁၁-၂၀၁၆(တနင်္လာနေ့) ညနေ ၃း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်ခန်းမ(၁/က)သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးသိန်းဝင်း

### အသက် (၆၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ ဂန့်ဂေါ်ရိပ်သာလမ်း၊ အမှတ်(၁၁၆၅)နေ (ဦးမြင့်နွယ်)-ဒေါ်လေးခိုင်တို့၏ သားကြီး၊ ဒေါ်စိန်လှ၏ ခင်ပွန်း၊ တင်ထွန်းနိုင်-ချယ်ရီလွင်၊ ဟန်ဝင်းအောင်-သဲစုမွန်၊ (ထွန်းမြင့်အောင်)၊ သီဟန်ကျော်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ စွမ်းအုပ်စိုး၏အဘိုးသည် ၂၁-၁၁-၂၀၁၆ (တနင်္လာနေ့) နံနက် ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်စီစီမာ (၅၆)နှစ်

(ဦးသန်းဆွေ)-ဒေါ်စိန်မြင့်(အိမ်မဲ)တို့၏သမီး၊ မခင်စန္ဒာထွန်း၊ မောင်ကောင်းမြတ်ထက်တို့၏ မိခင်သည် ၂၀-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၆ (စနေနေ့) နံနက်တွင် အမှတ် (၄၆)၊ မြေညီ၊ (၂၇)လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**

### ဦးခင်ညို(ခ)ဦးမင်းညို

### အသက်(၈၉)နှစ်

**ကာ/ရှိ**

ရာသက်ပန်အသင်းဝင် အမှတ် (၇၃) ဦးခင်ညို(ခ)ဦးမင်းညိုသည် ၁၈-၁၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၆ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

### အဗ္ဗဒ္ဒုလ်ဂနီ(ခ)

### ဟာဂျီဦးအောင်မြင့် (၈၅)နှစ်

### (ပြည်)

**ပ/အသင်းစုမှူး(ငြိမ်း)**

**သင်္ဃန်းကျွန်း၊ သမဦးစီးဌာန**

ပြည်မြို့နေ (ဦးမောင်ကြီး-ဒေါ်မျှင်)တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ (၁၂)လုံးတန်း၊ တိုက်(၂၀၆/၂၇)နေ (ဒေါ်အုန်းခင်)၏ ခင်ပွန်း၊ ပြည်မြို့နေ ဦးမြင့်ဦး (အောင်ဇော်ဦးဆေးရုံ)-ဒေါ်ကြူကြူအေး၊ ရန်ကင်းနေ ဒေါ်နီနီပိုက် (အမက-၁၁၊ ရန်ကင်း-ငြိမ်း) (Brown Academy)၊ မသဲသဲတို့၏မွေးသဖခင်၊ မြေးသုံးယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁၉-၁၁-၂၀၁၆ (စနေနေ့) နံနက် ၂း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုလ်နမာဇ်အပြီး ရေဝေးကဗရ်စတန်၌ ဒါဖနာပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဟသ်ာတအသင်း**

**အဆိုတော်ကြီး**

### ဟသ်ာတထွန်းရင်

### အသက် (၇၇)နှစ်

ရန်ကုန်မြို့၊ (၁၄)ရပ်ကွက်၊ အမှတ်(၂၅)၊ ကျောက်ကုန်းလမ်း၊ ရန်ကင်းမြို့နယ်နေ ဒေါ်စီစီစိန်၏ ချစ်လှစွာသော ခင်ပွန်း၊ မြန်မာသံစဉ် ဂန္ထဝင်အဆိုတော်ကြီး ဟသ်ာတထွန်းရင်သည် ၂၁-၁၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း၊ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ပါရန် အကြောင်းကြား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့
ဟသ်ာတအသင်း (ရန်ကုန်)

---

### ဦးဝင်းမြင့်အောင်(ခ)ကိုထိန်

### အသက် (၆၇)နှစ်

**ရုံးအုပ်-(ငြိမ်း)၊ ကကဌေ**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောင်(မြောက်)ရပ်ကွက်၊ ငှက်ပျောတောလမ်း၊ အမှတ်(၃၉)၊ ခြောက်လွှာ(A)နေ (ဦးမျိုးအောင်-ဒေါ်ခင်ရီ)တို့၏သားကြီး၊ (ဦးဝင်းဒင်-ဒေါ်ညွန့်တင်)တို့၏ သားသမက်၊ ဒေါ်မြင့်စန်းသူ(ခ)ဒေါ်မြမြသန်း၏ ခင်ပွန်း၊ ဒေါ်စိုးစိုးရီ၏မောင်၊ ဒေါ်တင်တင်အောင်၊ ဦးမြင့်သန်းအောင်-ဒေါ်စိုးစိုးနွယ်၊ (မောင်မြင့်ထွန်းအောင်)၊ (မောင်မြင့်ဌေးအောင်)တို့၏အစ်ကိုကြီး၊ မဝတ်ရည်ဝင်း၏ဖခင်သည် ၂၀-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးဇော်လင်း

### အသက် (၅၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဓမ္မာရုံလမ်း၊ (၁၃)ရပ်ကွက်၊ အမှတ်(၃၇၉)နေ (ဦးငွေသီး-ဒေါ်လှလှ)၏ အငယ်ဆုံးသား၊ (ဦးအောင်ငြိမ်း)-ဒေါ်စိန်နုတို့၏သားသမက်၊ (ဒေါ်မြင့်မြင့်လွင်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဟိန်းထက်အောင်-မရွှန်းလဲ့ဇော် (တရားလွှတ်တော်ရှေ့နေ)၊ မောင်မိုးသာယာ-မဖြိုးလဲ့ဇော် (Family Entertainment Group Co. Ltd.)တို့၏ ချစ်လှစွာသောဖခင်၊ မောင်အာကာပိုင်သစ်၊ မောင်သာယာဘုန်းမြတ်တို့၏ အဘိုးသည် ၂၁-၁၁-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### ဦးရင်ဖောင် (၈၈)နှစ်

**ကာယပညာဌာန(ငြိမ်း)၊ မော်လမြိုင်ဆရာအတတ်သင်သိပ္ပံ**

(ဦးကင်းစံ-ဒေါ်မယ်ရင်)တို့၏သား၊ (ဒေါ်စိန်)၏ခင်ပွန်း၊ ဒေါ်ယဉ်ယဉ်ဦး၊ ဒေါ်အေးအေးလတ်၊ ဦးမောင်မောင်စန်း၊ ဦးညီညီဖောင်၊ ဒေါ်သီသီချို၊ ဒေါ်သက်သက်ဖောင်၊ ဒေါ်နှင်းနှင်းဖောင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီး ဦးရင်ဖောင်သည် ၂၀-၁၁-၂၀၁၆ရက် ည ၁၁း၃၇ နာရီတွင် မော်လမြိုင်မြို့၊ မြိုင်သာယာ (၂၁)လမ်း၊ အမှတ် (၂၅၅၃) နေအိမ်၌ ခရစ်တော်၌အေးချမ်းစွာအိပ်ပျော်သွားပြီးဖြစ်၍ ၂၂-၁၁-၂၀၁၆ရက် မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်ထံဝတ်ပြုကိုးကွယ်ဆုတောင်းပြီး မွန်းလွဲ ၂နာရီတွင် ပိန္နဲကုန်း ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းမြှုပ်နှံမည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့မှ လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားသည်။ (အောက်မေ့ဖွယ်ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်ကို ၂၄-၁၁-၂၀၁၆ ရက် နံနက် ၁၀နာရီတွင် အထက်ပါ နေအိမ်၌ ပြုလုပ်သွားမည်ဖြစ်ပါသည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**

### ဦးသောင်းရွှေ (ကုန်စည်ပို့ဆောင်ရေး၊ မန္တလေး-ငြိမ်း) (၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဇီးကုန်းကျေးရွာနေ (ဦးသိန်းမောင်-ဒေါ်စောရှင်)တို့၏သား၊ ထန်းတပင်မြို့နယ်၊ အလိန်လည်ကျေးရွာနေ (ဦးတင်-ဒေါ်ကြိုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိလမ်းနေ (ဦးချစ်ဟန်)-ဒေါ်မြကြည်တို့၏တူ၊ အင်းစိန်မြို့နယ်နေ ဦးတင်စိုး-ဒေါ်မြင့်စိန်တို့၏ညီ၊ (ဦးခင်မြင့်)-ဒေါ်သန်းအေး၊ ဦးစိုးမြင့်-ဒေါ်သန်းရီ၊ မိတ္ထီလာမြို့နေ ဦးမင်းဆွေ-ဒေါ်ဘေဘီတို့၏ အစ်ကို၊ အမှတ်(က/၁၅)၊ သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့အင်းစိန်မြို့နယ်နှင့် အမှတ်(၁၃၄)၊ တော်ဝင်လမ်းသွယ်(၁)၊ (၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေ MR.IKEDA MASAMI-ဒေါ်မာမာချို၊ ဦးအောင်ရွှေ-ဒေါ်သီသီဝင်း၊ ဦးထွန်းထွန်း-ဒေါ်နီနီ၊ ဦးအောင်ဇော်မိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မမိုးစန္ဒာအောင်၊ မောင်စိုးမိုးအောင်တို့၏အဘိုး၊ မသီရိရွှန်းလဲ့၊ မနေခြည်ရွှန်းလဲ့၊ မခင်မြတ်နိုးဦးတို့၏ဘိုးဘိုးကြီး၊ ဒေါ်အုန်းပိုင်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁၁-၂၀၁၆(စနေနေ့) ည ၁၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၆(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၆ (သောကြာနေ့) နံနက်တွင် ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ တော်ဝင်လမ်းသွယ်(၁)၊ အမှတ် (၁၃၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးစိန်အုန်း (B.A-B.Ed)

**မြို့နယ်ပညာရေးမှူး(ငြိမ်း)**

### အသက် (၇၂)နှစ်

ဂန့်ဂေါမြို့၊ မြို့မရပ်နေ (ဦးမြချစ်-ဒေါ်သူဇာ)တို့၏ တစ်ဦးတည်းသောသား၊ ဦးစန္ဒာသိရီ၊ ဒေါ်ဂုဏ်မာစာရီ (မန္တလေး မုံလယ်တောရ)တို့၏ ဦးလေး၊ ဒေါ်မူမူအေး(ရန်ကုန်)၏ အစ်ကို ဦးစိန်အုန်းသည် ၂၀-၁၁-၂၀၁၆ရက် ညနေ ၃း၃၀နာရီတွင် မုံလယ်တောရ(မန္တလေး) ရေတံခွန်တောင်ခြေ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေကြည်ကျေးရွာ၊ ရေတံခွန်တောင်အုပ်စု၊ ရေကြည်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူ တူ/တူမများ

---

### ဒေါ်ဝင်းကြည်(မဲဇလီကုန်း) အသက် (၇၀)

**(မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်၊ ရုံးအုပ်၊ မှတ်တမ်းဌာန)**

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းမြို့နေ (ဦးအုန်းမောင်-ဒေါ်ကြည်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးဘခင်)-ဒေါ်ခင်အုန်းတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၃၀၂)နေ ဦးခင်မောင်အုန်း (ဒု-ရဲမှူး-ငြိမ်း၊ ရထားရဲတပ်ဖွဲ့)၏ ဇနီး၊ မခိုင်သက်စု (AOA Company Limited)၏ မိခင်၊ ဦးစိုးဝင်း(ကုန်သွယ်ရေး-ငြိမ်း)-ဒေါ်မော်မော်၊ (ဦးသန်းဌေး)၊ ဦးသန်းအောင် (မူ/အုပ်-ငြိမ်း၊ လက်ပန်တန်းမြို့)-ဒေါ်မာမာအုန်း(လက်ပန်တန်းဆေးရုံ-ငြိမ်း)၊ ဦးဘိုနီအုန်း(ဂိုးဒ်လ်တာကုမ္ပဏီ)-ဒေါ်ညွန့်ညွန့်ရီ၊ ဦးဝင်းကြိုင် (ဒု-ညွှန်မှူး၊ ဖျာပုံခရိုင်ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်စီစီအုန်း (အထက-၂၊ ကမာရွတ်)တို့၏ အစ်မ၊ မစန္ဒီစိုး၊ မောင်ကျော်မင်းသူ၊ မမေဖြိုးကြိုင်၊ မောင်အောင်ကောင်းမြတ်တို့၏ကြီးကြီးသည် ၂၀-၁၁-၂၀၁၆(တနင်္ဂနွေနေ့) ည ၁၀း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ဒဂုံမြို့သစ်၊ ဆိပ်ကမ်းမြို့နယ်၊ ကျီစုသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



ပြည်သူများအသုံးပြုသွားလာနေသည့်လမ်းအား TNLA အကြမ်းဖက်သောင်းကျန်းသူများက လမ်းကြောင်းပိတ်ဆို့ထားသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး)

# KIA၊ TNLA နှင့် MNDAA ပူးပေါင်းလက်နက်ကိုင်အဖွဲ့များ ပန်ဆိုင်းနယ်မြေရဲစခန်းနှင့် ကွတ်ခိုင်မြို့အားပစ်ခတ်

နေပြည်တော် နိုဝင်ဘာ ၂၁

**ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကွတ်ခိုင်မြို့အား ယမန်နေ့ညနေတွင် KIA နှင့် TNLA ပူးပေါင်းလက်နက်ကိုင်အဖွဲ့များက လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ ကွတ်ခိုင်မြို့နယ်အတွင်းရှိ လားရှိုး-မူဆယ်လမ်းမကြီးပေါ်တွင် ယာဉ်ကြီးများအား လမ်းပိတ်ဆို့ရပ်တန့်စေခြင်း၊ ညပိုင်းတွင် နမ္မတူမြို့နှင့် မန်တုံမြို့အကြားရှိ တံတားအား မိုင်းဖောက်ခွဲ၍ မီးရှို့ဖျက်ဆီးခြင်း၊ ယနေ့နံနက်ပိုင်းတွင် ကြူကုတ်(ပန်ဆိုင်း)ရှိ ရဲကင်းအား KIA အဖွဲ့က နှောင့်ယှက်ပစ်ခတ်ခြင်းများ ပြုလုပ်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက ရှင်းလင်းလျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။**

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ○

# မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားပြတ်တောက်

**နေပြည်တော် နိုဝင်ဘာ ၂၁**

ယနေ့ည ၇ နာရီ မိနစ် ၅၀ တွင် လျှပ်စစ်ဓာတ်အား တစ်နိုင်ငံလုံးပြတ်တောက်သွားပြီး မြန်မာ့လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်း၏ စီစဉ်ပေးမှုကြောင့် နယ်မြေဒေသအလိုက် လျှပ်စစ်ဓာတ်အားပြန်လည်ရရှိကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမှာ ရွှေတောင်မြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်ကြား 230 KVA မဟာဓာတ်အားလိုင်းမှ ချွတ်ယွင်းပြတ်တောက်ခဲ့ခြင်းဖြစ်ပြီး ဖြစ်ပွားလျှင်ဖြစ်ပွားချင်း တစ်နိုင်ငံလုံး ဓာတ်အားပြတ်တောက်သွားခဲ့သည်။ ထို့နောက် လျှပ်စစ်ဓာတ်အားရရှိရေးကို သက်ဆိုင်ရာမှ ပြန်လည်စီစဉ်ဆောင်ရွက်ခဲ့ရာ ည ၉ နာရီ ၁၀ မိနစ်မှစ၍ နယ်မြေဒေသအလိုက် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိလာပြီး ရန်ကုန်မြို့တွင် ည ၁၀ နာရီကျော်အထိ လျှပ်စစ်ဓာတ်အားမရရှိခဲ့ဘဲ ရန်ကုန်မြို့ သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်အောင် စီစဉ်ပေးခဲ့ကြောင်း YESC Call Centre မှ သိရသည်။

ဓာတ်အားပြတ်တောက်ချိန်တွင် ဒေသအလိုက် ပြန်လည်စီစဉ်ပို့လွှတ်ပေးမှုအပေါ် မူတည်၍ တစ်နာရီကျော်မှ နှစ်နာရီကျော်အထိ ကြာမြင့်ခဲ့သည်။

**(ကြေးမုံ)**

# စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ကူညီမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

**KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များပူးပေါင်း၍ မူဆယ်မြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်အတွင်းရှိ တပ်စခန်းများ၊ ရဲစခန်းများနှင့် (၁၀၅) မိုင် ကုန်သွယ်ရေးစခန်းတို့အား ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ပြည်သူများ ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြရာ အဆိုပါဖြစ်စဉ်ကြောင့် စစ်ဘေးရှောင်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ကူညီထောက်ပံ့မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။**

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

## မြို့တော်ကာဘူးရှိ ရှီးယိုက် ဘာသာရေးအဆောက်အအုံတွင် ဗုံးကွဲ လူ ၂၇ ဦး သေဆုံး၊ ၃၅ ဦး ဒဏ်ရာရ

စာမျက်နှာ - ၄

## မောင်တောဒေသသို့ နိုင်ငံတကာအကူအညီ ပေးရေးအဖွဲ့များ ဝင်ရောက်ခွင့်ပြု

စာမျက်နှာ - ၁၀

# ၂၀၁၆ ဆုဇုကီးပြိုင်ပွဲအုပ်စုပွဲများ နိုဝင်ဘာ ၂၂၊ ၂၃ ရက်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

၂၀၁၆ အာဆီယံဆုဇုကီးဖလားပြိုင်ပွဲအုပ်စု ဒုတိယနေ့ပွဲစဉ်များကို မြန်မာနှင့်ဖိလစ်ပိုင်နိုင်ငံ၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံထိုင်းအသင်းမှာ ယခုပွဲအနိုင်ရပါက ဆီမီးဖိုင်နယ်သို့ တက်ရောက်မည်ဖြစ်သလို အိမ်ရှင်မြန်မာအသင်းမှာ ကမ္ဘောဒီးယားအသင်းနှင့် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

အုပ်စုဒုတိယနေ့ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၂ ရက်တွင် မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် လက်ရှိချန်ပီယံထိုင်းအသင်းနှင့် စင်ကာပူအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အိမ်ရှင်ဖိလစ်ပိုင်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု(က) ပထမနေ့တွင် ထိုင်းအသင်းက အင်ဒိုနီးရှားအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရပြီး ဖိလစ်ပိုင်နှင့် စင်ကာပူအသင်းတို့မှာ ဂိုးမရှိသရေကျခဲ့သည်။ ပထမနေ့အပြီးတွင် ထိုင်းအသင်းက သုံးမှတ်၊ ဖိလစ်ပိုင်နှင့် စင်ကာပူအသင်းတို့က တစ်မှတ်စီ၊ အင်ဒိုနီးရှားအသင်းက အမှတ်မရသေးပေ။ ထိုင်းအသင်းသည် စင်ကာပူအသင်းနှင့် ယနေ့ကစားရမည်ဖြစ်ပြီး နိုင်ပွဲရခဲ့ပါက အုပ်စုပွဲစဉ်မကုန်မီ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အိမ်ရှင်ဖိလစ်ပိုင်၊ ချန်ပီယံဟောင်း စင်ကာပူနှင့် အင်ဒိုနီးရှားတို့အတွက်လည်း

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ✻**



မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ဆုဇုကီးပြိုင်ပွဲအုပ်စုဖွင့်ပွဲ၌ တွေ့ဆုံခဲ့စဉ်။

The Best Chance to get DOOSAN !!!
- Warranty for **2-years** or **4000** working hours whichever comes first.
- Complimentary **maintenance Kits**, up to 4000 working hours maintenance.
- **9 times** maintenance services **FOC**.
- Complimentary **unlimited repair services** during warranty period.
- **Cash rebate** after complete payment process. **(Up to DX225LCA)**
- **Hire purchase** through AYA bank is available.
- Terms and conditions apply.

2 Years Warranty
4000 W/h Complimentary Maintenance Kits
Cash Rebate Up to DX225LCA
Free Maintenance & Repair Service




DOOSAN
Block - 246, Q-1, Corner of Min Gyi Mahar Min Khaung Street & Myin Wun U Aung Thu Street, Hlaing Tharyar Industrial Zone - 2, Hlaing Tharyar Township, Yangon, Myanmar.
TEL : 09 42 8 222 666, 09 40 277 0563
HTUN NAY WUN
THITSAR COMPANY LIMITED